# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း (၁၁) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (11-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၂၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများဖိတ်ကြားထားသူများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်သည် ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည့် ၇၆ နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ကြောင်း၊ ယင်းနေ့ကို ဂုဏ်ပြုသတ်မှတ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့သည်လည်း (၇၆)နှစ်မြောက် အခါသမယကို ရောက်ရှိလာပြီဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ **စာမျက်နှာ ၁၆ ကော်လံ ၁**

## မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို

စာမျက်နှာ - ၂၃




ရတနာပုံ
၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်

အယ်ဒီတာ့အာဘော်

# ထည်ဝါခမ်းနားစွာကျင်းပနေသော အမျိုးသားအားကစားပွဲတော်

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် လေးကြိမ်တိုင်ကျင်းပခဲ့ပြီးဖြစ်ပြီး ယခုပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ၁၀ နှစ်နီးပါးအကြာတွင် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်သည်။ ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးသည် နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုတို့နှင့်အတူ တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်သည့်ပွဲတော်ကြီးပင်ဖြစ်ပေသည်။

အားကစားပြိုင်ပွဲများကို ယှဉ်ပြိုင်ရာတွင် အဓိကအရေးကြီးသည်မှာ အားကစားစိတ်ဓာတ်ရှိရန်ဖြစ်သည်။ လူသားတိုင်း၏ဘဝတွင် အခက်အခဲများရင်ဆိုင်ကြုံတွေ့ရသည့်အခါ အနိုင်မခံအရှုံးမပေးသည့်စိတ်၊ မိမိကိုယ်ကိုယုံကြည်ရဲရင့်သည့်စိတ်နှင့် အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့်စိတ်တို့ကို အားကစားစိတ်ဓာတ်မှတစ်ဆင့် ရရှိစေမည်ဖြစ်သည်။ အားကစားမြှင့်တင်ဆောင်ရွက်ခြင်းသည် မွန်မြတ်သည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသောကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ တန်ဖိုးထားပြီးဆောင်ရွက်သွားကြရပေမည်ဖြစ်သည်။ အားကစားကဏ္ဍမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်ဟူသည့် အမြင့်မားဆုံးခံယူချက်ဖြင့် ဖော်ဆောင်သွားကြမှသာ နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သော၊ နိုင်ငံကို အကျိုးပြုနိုင်သော အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဖြစ်ပေသည်။

အားကစားကဏ္ဍအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြင့်တက်စေသောကြောင့် နိုင်ငံတော်အဆင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ယခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကြီးကျယ်ခမ်းနားခံ့ညားထည်ဝါစွာ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါကျင်းပပြုလုပ်ခဲ့သော ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"နိုင်ငံတော်ကိုအကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန်ဆိုပါက နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက် (၉) ရပ်မှ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"ဟူသည့်အချက်ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"**စသည်ဖြင့် အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံအတွက် အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာစေရန် ပညာရေးနှင့် ကျန်းမာရေးကို အားကစားကဏ္ဍနှင့်ပေါင်းပြီး တိုးမြှင့်ဆောင်ရွက်နိုင်ရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အလားတူ ထူးချွန်အားကစားသမားများပေါ်ထွက်ရေးအတွက်ကိုမူ လူထုအားကစား Mass Sports အဆင့်မှ Excellent Sports အဆင့်အထိ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိပါသောကြောင့် ကျောင်းသားလူငယ်များနှင့် မသန်စွမ်းသူများအပါအဝင် ပြည်သူတစ်ရပ်လုံးက လိုက်ပါဆောင်ရွက်နိုင်ကြရန်လိုအပ်ပေသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် အားကစားကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးနေသည့် ယခုအချိန်တွင် နိုင်ငံ၏အားကစားအဆင့်အတန်းသည် ပြန်လည်ဦးမော့လာနေပြီဖြစ်သော်လည်း ထိုအပေါ်တွင် ကျေနပ်မနေဘဲ ယခုထက်ပိုမိုအောင်မြင်ကာ နိုင်ငံတကာအလယ်တွင် မြင့်မြင့်မားမား ရပ်တည်နိုင်စေရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများအပြင် ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး စိတ်ပါဝင်စားစွာဖြင့် ဝိုင်းဝန်းကူညီပေါင်းစပ်ကြိုးပမ်းသွားကြရန်လိုအပ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၃၉၃၁ ဧက စိုက်ပျိုးပြီးစီး

**ထီးချိုင့် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၉၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧက ၁၁၇၀ နှင့် ဖူးစားပြောင်း ဧက ၂၁၀၀ စုစုပေါင်း ဧက ၃၂၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၂၀၁ ဧကနှင့် ဖူးစားပြောင်း ဧက ၂၇၃၀ စုစုပေါင်း ၃၉၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၃၂၇၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၉၃၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် ထီးချိုင့်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အစေ့ထုတ်ပြောင်း တစ်ဧက စိုက်ပျိုးပါက ငွေကျပ်ငါးသိန်း ကုန်ကျပြီး ဖူးစားပြောင်း တစ်ဧက စိုက်ပျိုးပါက ငွေကျပ်ငါးသိန်း ကျော်ကုန်ကျကြောင်း သိရသည်။

(၂၀၆)

# မန္တလေးဈေးချိုတော်တွင် အဝတ်အထည်များ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေး ဈေးချိုတော်တွင် အဝတ်အထည်များ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း အဆိုပါ ဈေးအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ရှိ ဈေးကြီးများထဲတွင် ဈေးချိုတော်ကြီးမှာ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်၊ ရွှေထည်ပစ္စည်းများအပါအဝင် အခြားပစ္စည်းအမျိုးမျိုးကို လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ ယခုအခါ ဆောင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် မန္တလေးဈေးချိုတော်တွင် ဆောင်းတွင်းဝတ် အနွေးထည်များနှင့် အဝတ်အထည်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"အခုလတ်တလော ရာသီဥတုက အအေးပိုင်းထဲကို တဖြည်းဖြည်း ရောက်လာတာကြောင့် ပြည်တွင်းအထည်ချုပ်စက်ရုံတွေကနေထုတ်လုပ်တဲ့ ချည်ထည်တွေအပါအဝင် အနွေးထည်တွေနဲ့ စောင် စတဲ့အဝတ်အထည်တွေကို မန္တလေးဈေးချိုမှာ ဝယ်ယူမှုများလာတယ်။ အဝတ်အထည်ဈေးကွက်ကတော့ အခုလတ်တလော အရောင်းအဝယ် ပြန်ပြီးကောင်းမွန်နေပါတယ်"ဟု အဆိုပါဈေး အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြသည်။

အလားတူ မန္တလေးဈေးချိုတော်သို့ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် အဝတ်အထည်များအပါအဝင် အခြားလူသုံးကုန်ပစ္စည်းများလည်း အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"အထက်မြန်မာပြည်တစ်ခုလုံးကို အဝတ်အထည်၊ စားသောက်ကုန်နဲ့ အခြားလူသုံးကုန်ပစ္စည်း အမျိုးမျိုး ဖြန့်ချိပေးနေတာက ဈေးချိုတော်ပဲဖြစ်ပါတယ်။ အခု ဈေးချိုတော်မှာ အဝတ်အထည်က ရောင်းအားအကောင်းဆုံး ဖြစ်နေပြီး လူသုံးကုန်နဲ့ အလှကုန်ကတော့ ဒုတိယရောင်းအားအကောင်းဆုံး ကုန်စည်တွေပဲ ဖြစ်ပါတယ်"ဟု အဆိုပါဈေး အကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

(၁၈၄)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဗိုလ်ကိတ်ပဲများကို ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နိုဝင်ဘာလထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက် ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းလာပါတယ်။ ဒေသထွက် ပဲတွေ၊ စပါးတွေကို ရေကြည်ဘက်က ကုန်သည်တွေ၊ ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့မှုကောင်းလာတော့ ကုန်သည်တွေ၊ ပွဲရုံပိုင်ရှင်တွေအပြင် လုပ်သားတွေပါ အလုပ်အကိုင်တွေအဆင်ပြေနေပါတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## ဇေယျာသီရိမြို့နယ် ညောင်ပင်ကြီးကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် စည်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများ အသုံးပြုပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ဆက်လက်ပြောပြ၍ သိရသည်။

**နော်လူး**

## သဲကုန်းမြို့နယ် လက်ပံခုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သဲကုန်း ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံခုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက လက်ပံခုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည် ၅၁၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၄ ဒသမ ၂၅ သန်းဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးမှုကြောင့် လက်ပံခုံကျေးရွာ နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း သိရသည်။ **သုတ**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၅၇၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ်၂၀၅၀၀ထိပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလထဲမှာ လပွတ္တာမြို့နယ်ကနေ ငါးသလဲထိုးတွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရေထွက်ကုန်တွေထဲက ငါးသလဲထိုး ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ကုန်ချိန်အများအပြား တင်ပို့ရတော့ ရေလုပ်သားတွေ အပါအဝင် ငါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်"ဟု လပွတ္တာမြို့နယ် ငါးအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများ အပါအဝင် ရေထွက်ကုန်များ တင်ပို့မှု များပြားလာသည့်အတွက် ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ရေလုပ်သားများ၊ ကုန်ထမ်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း လပွတ္တာမြို့နယ် ငါးအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးထံမှ သိရသည်။

**ကျော်ကျော်လင်း**

## တောင်တွင်းကြီးမြို့နယ် ပျဉ်းမကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ကုန်ထုတ်လမ်း မြေသားတင်ခြင်း၊ မြေနီ ကျောက်စရစ်ခင်းခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ပျဉ်းမကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေသားတင်ခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျေးရွာ၌ အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်နှစ်ပေကိုးလက်မရှိ ကုန်ထုတ်လမ်း မြေသားတင်ခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၉ သန်းအသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ မေ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**

## ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၅၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ဘုတလင် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၅၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၃၇၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၉၅၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၇ ဒသမ ၁၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ ဘုတလင်မြို့နယ်အတွင်း စပါး ၃၄၃၇၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၉၅၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ စပါးတွေရိတ်သိမ်းနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီရိတ်သိမ်းနိုင်ဖို့ လိုအပ်တဲ့ နည်းပညာပေးလုပ်ငန်းတွေ၊ မျိုးတွေကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်အတွက် ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းလုပ်ငန်းများ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများ၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိနိုင်ရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေထံမှ သိရသည်။

(၂၀၆)



# ဆုတောင်းကောင်းသော သိဃ်သူ့သမီးကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် ထင်ရှားသော ကျောက်စာများတွင် နရသီဟပတေ့မင်းလက်ထက်က ရေးထိုးခဲ့သည့် သိဃ်သူ့သမီးကျောက်စာသည် တစ်ချပ်အပါအဝင်ဖြစ်သည်။ ပုဂံခေတ်နှောင်းပိုင်းကာလ၊ သက္ကရာဇ် ၆၂၈ ခုနှစ်(အေဒီ ၁၂၆၆ ခုနှစ်) တွင် ရေးထိုးခဲ့သည့် ထိုကျောက်စာကို ပုဂံ၊ မင်းနန်သူရွာ၊ အာမနာကျောင်းတိုက်တွင်တွေ့ရှိသဖြင့် အာမနာကျောက်စာဟုလည်း ခေါ်ဆိုသည်။

သိဃ်သူ၏သမီးသည် ကျောင်းဆောက်လုပ်လှူဒါန်းပြီး ထိုကျောင်းတွင်နေထိုင်မည့် ရဟန်းသံဃာများကို လယ်၊ ဥယျာဉ်နှင့်ကျွန်များကိုလှူ၍ အလှူဒါန အစုစုအတွက် ဆုတောင်းကာ ကျောက်စာရေးထိုးစိုက်ထူခဲ့သည်။

ကျောက်စာပါမှတ်တမ်းအရ သိဃ်သူသည် မထီလိုဲ၏မြေး၊ မင်း၏မယား(အမည်ဖော်ပြမထား) သိဃ်သူ၏သမီးဖြစ်၍ ကျောက်စာရေးထိုးသည့်ရက်သည် သက္ကရာဇ် ၆၂၈ ခုနှစ်၊ ပိသျက်နှစ်၊ နံကာလဆန်း ၇ ရက်၊ ကြာသပတေးနေ့ဖြစ်သည်။ ပိသျက်နှစ်သည် ပုဂံခေတ်သုံး မြန်မာလအမည်ပေးစနစ်အရ သက္ကရာဇ်မှ ၂ နုတ်ပြီး ၁၂ ဖြင့် စားလျှင် အကြွင်းကိန်း ၂ ရသည့် နှစ်အမည်ဖြစ်သည်။နံကာလသည် ပုဂံခေတ်သုံးအမည် ဝါခေါင်လဖြစ်သည်။

ကျောက်စာရေးထိုးသည့် မြန်မာသက္ကရာဇ်ကို ခရစ်နှစ်ဖလှယ်ပါက ၁၂၆၆ ခုနှစ်၊ ဇူလိုင် ၁၉ ရက်ဖြစ်သဖြင့် လွန်ခဲ့သည့် ၇၅၈ နှစ်ကျော်က ရေးထိုးခဲ့သည့် ကျောက်စာဖြစ်ပေသည်။

**အာမနာကျောင်းတိုက်နှင့်သိဃ်သူ့သမီး**

အာမနာကျောင်းတိုက်သည် ပုဂံမင်းနန်သူရွာ၏ မြောက်ဘက်တွင်တည်ရှိသည်။ အာမနာအုတ်ကျောင်းတိုက်ကို တံတိုင်းနှစ်ထပ်ကာရံထားကာ အတွင်းတံတိုင်း၏ အရှေ့မြောက်ဘက်ထောင့်၌ သိဃ်သူ့သမီး၏ အလှူတော် ကျောက်စာတိုင်ကို စိုက်ထူထားသည်။

ကျောက်စာအရ အာမနာကျောင်းကို နရသီဟပတေ့၏ မိဖုရားတစ်ပါးက တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကာ အလှူရှင် သိဃ်သူ့သမီးသည် ကျောက်စာတွင် မိမိအမည်ကိုမဖော်ပြဘဲ မင်းမယားဟုသာရေးထိုးခဲ့သည်။ သို့သော် သိဃ်သူ့သမီးသည် ကျစွာမင်းကြီး၏ သားတော် သိဃ်သူနှင့် မိဖုရားမိ၏သမီးတော်ဖြစ်သောကြောင့် ကျစွာမင်းကြီး၏မြေးတော်ဖြစ်သည်။

သိဃ်သူသည် ကျစွာမင်းကြီးနှင့် မိဖုရားကြီးစောမင်းလှ၏သားတော်ဖြစ်၍ မိဖုရားမိကိုလက်ဆက်ခဲ့ကာ သမီးတော်တစ်ပါးကို ဖွားမြင်ခဲ့သည်။ ထိုသမီးတော်သည် အာမနာကျောင်းအလှူရှင်ဖြစ်၍ မိမိကိုယ်မိမိ မင်းမယားဟုဖော်ပြခဲ့ခြင်းသည် နရသီဟပတေ့(တရုတ်ပြေးမင်း)၏ မိဖုရားဟုဆိုလိုခြင်းဖြစ်သည်။ နရသီဟပတေ့မင်းနှင့် မိဖုရား သိဃ်သူ့သမီးတို့က ရွှေနန်းရှင်မင်း(ကျော်စွာ)ကို ဖွားမြင်ခဲ့သည်။

ပုဂံဘုရင်ကျော်စွာကို နရသီဟပတေ့မင်းနှင့် မိဖုရားရှင်ဘားတို့က ၁၂၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၂ ရက်တွင် ဖွားမြင်ခဲ့ကြောင်းမှတ်တမ်းအရ သိဃ်သူ့သမီးသည် ရှင်ဘားဟု ယူဆရမည်ဖြစ်သည်။ ထို့အတူ ဦးကုလားရာဇဝင်ချုပ်တွင် နရသီဟပတေ့မင်းသည် ဆိတ်ထိန်းကမ်းဖြူ သူကြွယ်သမီး ဖွားစော၊ ဖွားစော၏ အစ်မတော်သမီး စောနန်း၊ ဟူးရားဖြူသမီးစောလုံ၊ မိဖုရားငယ် ရှင်သား၊ ရှင်မောက်၊ ခင်ရွှေတို့ကို မိဖုရားမြှောက်ကြောင်းနှင့် မိဖုရားငယ်ရှင်သားက ဒလစားကျော်စွာကိုဖွားမြင်ကြောင်း ဖော်ပြထားသည်။ စိတ်ကူးချိုချိုစာပေတိုက်ထုတ် ဦးကုလား ရာဇဝင်ချုပ်စာအုပ်၊ ပုဂံမင်းဆက်အခန်း အပိုဒ်(၅၃)အောက်ခြေမှတ်စုတွင် ရှင်သားသည် ဦးကုလား၏ မဟာရာဇဝင်ကြီးအရ ရှင်ပါးဖြစ်ကြောင်း ဖော်ပြထားရာ ရှင်ပါး သို့မဟုတ် ရှင်ဘားသည် သိဃ်သူ့သမီးပင်ဖြစ်ကြောင်း ဆက်စပ်ယူနိုင်ခဲ့ပေသည်။

❖သိဃ်သူ့သမီးသည် လူဖြစ်ရသည့် ဆင်းရဲဒုက္ခ၊ အိုမင်းရသည့် ဆင်းရဲဒုက္ခ၊ သေရသည့်ဆင်းရဲဒုက္ခ၊ မချစ်မနှစ်သက်သူတို့နှင့်အတူနေရသည့် ဆင်းရဲဒုက္ခ၊ ချစ်ခင်နှစ်သက်သူတို့နှင့် ကွေကွင်းရသည့် ဆင်းရဲဒုက္ခ စသည့် အတိုင်းမသိသော ဆင်းရဲဒုက္ခအပေါင်းကို သံဝေဂယူကာ ဆင်းရဲခပ်သိမ်းကင်းသော နိဗ္ဗာန်ကိုအလိုရှိခဲ့ပြီး များစွာသော အလှူကိုပြုလုပ်ခဲ့ခြင်းကို မှတ်တမ်းတင်ခဲ့သည်။ ကျောက်စာတွင်အလှုပဆုံးရေးထိုးထားသည့်နေရာသည် မိဖုရား စသောမောင်းမတော်ခပ်သိမ်းလည်းရစေ၏။ အချင်းချင်း အမျက်အအီတစ်စေ့မရှိ၊ ချစ်သောမျက်စိဖြင့်ရှုကြရစေ၏ ဟူသည့်စာသားများဖြစ်ကာ သိဃ်သူ့သမီး၏ မေတ္တာထုံမွမ်းသည့်စေတနာများက သူ၏ကျောက်စာတွင် ပေါ်လွင်နေခဲ့ပေသည်။ ❖

မြန်မာရာဇဝင်ကျမ်းများတွင် နရသီဟပတေ့၏ မိဖုရားကို ဖော်ပြရာတွင် ရှင်သားဟုလည်းကောင်း၊ ရှင်ပါးဟုလည်းကောင်း အမည်နှစ်မျိုးကွဲလွဲနေခဲ့သည်။ ပေမူမှကူးယူ ပုံနှိပ်ရာ စာသားမထင်ရှားခြင်း၊ အမှတ်မှားခြင်းတို့ဖြစ်နိုင်ကြောင်း ယူဆရဖွယ်ရှိသည်။

မင်းတုန်းမင်း၏ အမှုတော်ထမ်း နေမျိုးနန္ဒကျော်ထင်ပြုစုသည့် "မှန်ရည်တပ်ဆွေတော်စဉ်စာတမ်း" စာအုပ်တွင် နရသီဟပတေ့၏မိဖုရားကို မိဖုရားရှင်ဘားဟုဖော်ပြထားသည်။ ထိုစာအုပ်သည် မျဉ်းနီ ၁၀ ကြောင်းရေးပေမူမှ ကူးယူရိုက်နှိပ်ထားသည့် စာအုပ်ဖြစ်သည်။ ဆရာဦးမောင်မောင်တင်က စာအုပ်အမှာစာတွင် မူရင်းပေမူကိုကူးယူကာ ပေမူအတိုင်း ထုတ်ဝေခဲ့ကြောင်း ရေးသားခဲ့သည်။ ထိုစာအုပ်တွင် ပေမူတွင် ပါရှိသည့်အတိုင်း "မိဖုရားရှင်ဘား ထိုမိဖုရားကို ရာဇဝင်၌ မည်သူ့သားသမီးမဆို" ဟု လက်ရေးမူဖြင့် ဖော်ပြထားသည်။

မထီလိုဲ၏မြေးဟူသည့်အချက်ကိုမူ တိကျစွာ မဖော်ထုတ်နိုင်သေးသော်လည်း မယ်တော် မိဖုရားမိဘက်မှဟု ယူဆခဲ့ကြသည်။

**သိဃ်သူ့သမီးကျောက်စာ**

သိဃ်သူ့သမီးကျောက်စာကို ခေတ်သုံးမြန်မာဘာသာစကားဖြင့်ဖလှယ်လျှင် နမောဗုဒ္ဓဿဟု အစချီပြီး စာကြောင်း ၄၉ ကြောင်းရေးထိုးထားကြောင်း တွေ့ရှိရသည်။ သက္ကရာဇ် ၆၂၈ ခု ပိသျက်နှစ်၊ နံကာလဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ မထီလိုဲမြေး မင်းမယား၊ သိဃ်သူ့သမီး ဖြစ်သောဆင်းရဲ၊ အိုမင်းသော ဆင်းရဲ၊ သေသောဆင်းရဲ၊ မချစ်သောသူနှင့်တကွ နေသောဆင်းရဲ၊ ချစ်သောသူနှင့် ကွေကွင်းသော ဆင်းရဲ၊ လို၍မရသောဆင်းရဲ၊ ဤသို့ကစသော အတိုင်းမသိသောဆင်းရဲတို့သည် နှိပ်စက်သောခန္ဓာကို စွန့်ထားခဲ့၍ ဆင်းရဲခပ်သိမ်းကင်းသော၊ ချမ်းသာစွာသော၊ မြတ်သော နိဗ္ဗာန်ကိုလျှင် ငါလိုသတည်းဟူ၍ ချစ်စွာသော၊ မြတ်သော၊ ရွှေငွေကစသော ဥစ္စာတို့ကို စွန့်၍ပြုသော ကျောင်းတွင်နေသော သီလ၊ သမာဓိ၊ ပညာဟူသော ကျေးဇူးသုံးပါးကိုရှာသော သတင်းစင်သော ဘုရားတပည့်သား ရဟန်းသဃ်ာ ချမ်းသာစိမ့်သောငှာ လယ်၊ ဥယျာဉ်၊ ကျွန်ခပင်း အကြွင်းမဲ့လျှင်လှူ၏။ ဤငါတို့ ပြုသောကောင်းမှုအကျိုး အတို့ခပ်သိမ်းသော အစိုးရသော ရေမြေသခင်ဖြစ်သော မင်းကြီးလည်းရစေ၏။ ဤကောင်းမှုအာနုဘော်ဖြင့် တိုင်းပြည်ကား ခပ်သိမ်းသောနိုက်နေသော လူခပ်သိမ်းသော၏ အစီးအပွား ချမ်းသာကိုရှာပေးလျက် သက်တော်ရှည်စွာနေ၍ ဤကောင်းမှုကို ထောက်ပင့်စေသတည်း။ မိဖုရားစသော မောင်းမတော်ခပ်သိမ်းလည်း ရစေ၏။ အချင်းချင်းအမျက် အအီတစ်စေ့မရှိ၊ ချစ်သောမျက်စိဖြင့် ရှုကြရစေ၏။ ယခုရှိသော နှောင်ဖြစ်လတ်အံ့သော မင်းကြီး၊ မင်းသား အမတ်စသော သူခပ်သိမ်းလည်း ရစေတည်း။ အရေးအရာယူပါစေသတည်း။ ယမမင်းစသော သတ္တဝါခပ်သိမ်းလည်း ရစေသတည်း။ အရအမိကိုလိုသောသူကား အရအမိရစေ၏။ ကောင်းမှုကို လိုသောသူကား ကောင်းမှုကိုရစေ၏။ ငါလည်း ရမ္မက်ကြီးသော၊ မရောင့်ရဲတတ်သော၊ အမျက်ကြီးသော၊ သူတစ်ထူးကို ညှဉ်းဆဲတတ်သော၊ ပညာမရှိသော၊ မိုက်သော၊ ဝန်တိုသော၊ အပေးအကမ်းမရှိသော သစ္စာမရှိသော၊ ပျက်တတ်သော၊ မေ့လျော့သော၊ အောက်မေ့တသကင်းသော၊ မဖြစ်မူ၍ ရမ္မက်နည်းသော၊ ရောင့်ရဲလွယ်သော၊ အမျက်နည်းသော၊ သနားတတ်သော၊ပညာရှိသော၊အကြောင်းကိုသိတတ်သော၊ ဝန်မတိုသော၊ အပေးအကမ်းရှိသော၊ သစ္စာရှိသော၊ မပျက်တတ်သော၊ မမေ့လျော့သော၊ အောက်မေ့တသရှိသော ဤသို့သောကျေးဇူးတို့နှင့် ပြည့်စုံလျက် သံသရာနိုက်ကျင်လည်၍ မေတ္တာယျဘုရားမျက်မှောက်ကကာ်လျှင် မြတ်သောအကျွတ်တရားရလိုသတည်းဟု စာကြောင်းရေ ၁၅ ကြောင်းရေးထိုးပြီး အလှူစာရင်းကို စာကြောင်းရေ ၄၉ ထိ ဆက်လက်ဖော်ပြထားသည်။

သိဃ်သူ့သမီး၏ အလှူစာရင်းတွင် လယ်မြေ လှူဒါန်းမှု ၈၀၆၉ ပယ်ဖြစ်၍ စကု၊စလင်း၊မြင်စိုင်း၊ တောင်ပြုန်း အစရှိသည့် အရပ်ဒေသ ၃၄ ခု ကိုဖော်ပြခဲ့သည်။ ထို့အတူ ဥယျာဉ် ၂၂ ခုနှင့် ကျွန်အုပ်စု ၁၇ စုကို လှူဒါန်းကြောင်း ရေးထိုးထားသည်။

**ကျောက်စာဖွင့်ဆိုချက်**

အာမနာကျောင်းအလှူရှင် သိဃ်သူ့သမီးသည် စိတ်သဘောထားအလွန်ကြီးမြတ်ပြီး မိမိဂုဏ်ကိုနှိမ့်ချသူတစ်ဦးဖြစ်ကြောင်း ပေါ်လွင်ခဲ့သည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးပီသစွာ မိမိကောင်းမှုကုသိုလ်ကို ရေမြေသခင် ပုဂံဘုရင်ရရှိစေကြောင်း တောင်းဆုပြုခဲ့သည်။ ထို့အတူ ကောင်းမှုအာနုဘော်ကြောင့် ခပ်သိမ်းသောလူအပေါင်း၏ ချမ်းသာစီးပွားကိုရှာပေးကာ ဘုရင်မင်းမြတ် သက်တော်ရှည်ပါစေကြောင်း ဆုတောင်းခဲ့သည်။

သိဃ်သူ့သမီးသည် လူဖြစ်ရသည့် ဆင်းရဲဒုက္ခ၊ အိုမင်းရသည့် ဆင်းရဲဒုက္ခ၊ သေရသည့် ဆင်းရဲဒုက္ခ၊ မချစ်မနှစ်သက်သူတို့နှင့်အတူနေရသည့် ဆင်းရဲဒုက္ခ၊ ချစ်ခင်နှစ်သက်သူတို့နှင့် ကွေကွင်းရသည့် ဆင်းရဲဒုက္ခစသည့် အတိုင်းမသိသော ဆင်းရဲဒုက္ခအပေါင်းကို သံဝေဂယူကာ ဆင်းရဲခပ်သိမ်းကင်းသော နိဗ္ဗာန်ကို အလိုရှိခဲ့ပြီး များစွာသော အလှူကို ပြုလုပ်ခဲ့ခြင်းကို မှတ်တမ်းတင်ခဲ့သည်။

ကျောက်စာတွင် အလှုပဆုံးရေးထိုးထားသည့် နေရာသည်မိဖုရားစသောမောင်းမတော်ခပ်သိမ်းလည်း ရစေ၏။ အချင်းချင်း အမျက်အအီတစ်စေ့မရှိ၊ ချစ်သောမျက်စိဖြင့် ရှုကြရစေ၏ ဟူသည့်စာသားများဖြစ်ကာ သိဃ်သူ့သမီး၏ မေတ္တာထုံမွမ်းသည့်စေတနာများက သူ၏ကျောက်စာတွင် ပေါ်လွင်နေခဲ့ပေသည်။ အမျက်အအီသည် အမျက်ဒေါသကိုဆိုလိုခြင်းဖြစ်သည်။

သိဃ်သူ့သမီးကျောက်စာသည် အလှူဒါနပြုမှုအတွက် ကောင်းမြတ်သောဆုကို တောင့်တထားပြီး အချို့သော ကျောက်စာများကဲ့သို့ ကျိန်စာများ မပါရှိချေ။

သို့သော် သက္ကရာဇ် ၆၃၀ ပြည့်နှစ်တွင် သိဃ်သူ့နှင့် ဆွေမျိုးများက အာမနာကျောင်းတိုက်တွင် အလှူမှတ်တမ်းကျောက်စာရေးထိုးခဲ့ရာ ထိုကျောက်စာတွင် ကျိန်စာများပါရှိခဲ့သည်။ ကျောက်စာတွင် သိဃ်သူ့သမီးက အလှူပစ္စည်းများကို ဖျက်ဆီးသူတို့ကို "ဤငါလှူသော ကောင်းမှုကို ချီးပင့်ပါသောသူကား ငါနှင့်အတူရပါစေ၏။ ဖျက်ဆီးသောသူကား အဝီစိစသော ငရဲကြီးရှစ်ထပ်၊ ငရဲ ၁၀၀ အမြတ်လျှင် ခံစေသတည်း။ ညောင်ဦးစသော သီရိပစ္စရာတိုင်အောင် သံပုံအတိုင်းလျှင် ခံစေသတည်း"ဟု ကျိန်စာဆို ရေးထိုးခဲ့သည်။

သိဃ်သူ့သမီးကျောက်စာကျိန်စာနှင့်စပ်လျဉ်း၍ ဆရာစောလူက "သိဃ်သူ့သမီးကျိန်ဆိုခဲ့သော ကျိန်စာကားမဟုတ်။ သိဃ်သူ့သမီးနောက်တွင် ကောင်းမှုပြုသော ပစ္စပတေ့၏ အမိနှင့်နှမက ဖြည့်စွက်ခဲ့သော ကျိန်စာသာဖြစ်သည်"ဟု ပုဂံခေတ်မြန်မာစာ စာအုပ်တွင် သုံးသပ်ရေးသားခဲ့သည်။

ထိုကျောက်စာတွင် လွန်ခဲ့သောနှစ်နှစ်က လယ် ပယ် ၂၇၆၄ ကို ပုသိမ်ခွင်၊ တမစ်လယ်ကိုလှူခဲ့သည်။ ယခု တဖန်တပေည်မုရင်းသန်ဘယ် ၂၇၆၄လှူပြန်သည်ဟုပါရှိခဲ့ရာ သမိုင်းပါမောက္ခ ဆရာဦးနီတွတ်က မြေအစားပေးခြင်း၊ မြေလဲလှယ်ခြင်းဟုသာ ယူဆရန်ရှိကြောင်း ရေးသားခဲ့သည်။ သို့သော် လက်လုပ်နှောလှူသော လယ်ဟုဖော်ပြထားသဖြင့် လက်လုပ်နှောသည် လယ်မြေနေရာပြောင်းလဲလှူဒါန်းခြင်း ဖြစ်၍ ထပ်မံလှူဒါန်းခြင်းမဟုတ်ဟု မှန်းဆမိကြောင်း သုံးသပ်ခဲ့သည်။

သိဃ်သူ့သမီးကျောက်စာ၌ မေတ္တေယျ ဘုရားမျက်မှောက်ကာလတွင် အကျွတ်တရားရလိုကြောင်း ဆုတောင်းထားရာ ပညာရှိသော၊ အကြောင်းကို သိတတ်သောဟူသည့်အချက်သည် ပညာ၏ အဓိပ္ပာယ်ကို အပြည့်စုံဆုံး ဖွင့်ဆိုချက်ပင်ဖြစ်ပေသည်။ အကြောင်းတရားကိုသိခြင်းသည်ပင် ပညာဖြစ်ကြောင်း ဆရာအောင်သင်းက သိဃ်သူ့သမီး ကျောက်စာကို ကိုးကားပြီး ဟောပြောခဲ့ဖူးသည်။

သိဃ်သူ့ကျောက်စာကို အခြေခံပညာထက်တန်း မြန်မာသင်ရိုးတွင်ပြဋ္ဌာန်းထားပြီး ကျောက်စာ အစပိုင်း ၁၅ ကြောင်းကို သင်ကြားပို့ချပေးသည်။

ပုဂံတော်ဝင်မျိုးနွယ် မိဖုရားတစ်ပါး၏ လှုပသော ဆုတောင်းများပါရှိသည့် အလှူမှတ်တမ်းသည် မြန်မာစာပေနယ်ပယ်တွင် အလွန်ထင်ရှားခဲ့ပေသည်။

**ကိုးကား**


- ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ(ဦးငြိမ်းမောင်)
- ရှေးမြန်မာကျောက်စာလေ့လာချက် အတွဲ(၁)(နီတွတ်)
- ရာဇဝင်ချုပ်(ဦးကုလား)
- ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၃၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မော်လိုက် ဒီဇင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၃၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၆၃၈ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၃၀၁၈ ကေ နှင့် ဖောင်းပြင်မြို့နယ်တွင် ၈၀၁၉ ကေ စုစုပေါင်း ၁၁၀၃၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မော်လိုက်ခရိုင်အတွင်း မြေပဲ ကေ ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်ပိုတိုးတက်လာပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန်လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၄၁၂၂ ကေနှင့် ဖောင်းပြင်မြို့နယ်တွင် ၁၁၅၁၆ ကေ စုစုပေါင်း ၁၅၆၃၈ ကေဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် မြေပဲစိုက်ပျိုးရာ၌ မြေပဲတစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ မြေပဲတစ်ကေ စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မော်လိုက်ခရိုင်၌ ယခုနှစ် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်စေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

## ဖြူးမြို့နယ် သပြေသာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ဖြူး ဒီဇင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် သပြေသာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သပြေသာကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းကို ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဖြူးမြို့နယ် သပြေသာကျေးရွာ၌ အရှည် ပေ ၃၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၁၅ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီဆောင်ရွက်ပေးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ကိုညီ

## မည်သို့ဆိုစေ

- မည်သို့ဆိုစေ
ထမ်းနေသည့်ဝန် ကိုယ်ကျေပွန်ဖို့
အားသွန်လေမှ မြင့်တင်မှလျှင်။

- မည်သို့ဆိုစေ
လျှောက်နေသည့်လမ်း ရှေ့ဆက်လှမ်းဖို့
လမ်းထွင်နိုင်မှ ကျော်လွှားမှလျှင်။

- မည်သို့ဆိုစေ
တင်းနေသည့်မာန် အောင်ပွဲခံဖို့
အန်တုယှဉ်မှ ရှုန်းကန်မှလျှင်။

- ဘဝဆန္ဒ ထပ်တူကျလျက်
တောင့်တမျှော်လင့် ကိုယ့်အခွင့်တို့
လွင့်ပါးကြုံရ မယွင်းခဘဲ
ရလဒ်ကောင်းထပ် ပွဲတင့်ဟပ်နိုင်
စိတ်ဓာတ်ရိဆွေး ဖင့်နွှေးတွေဝေ
အခြေမမြှင့် မရှိသင့်ချေ
လူလွင့်မားမတ် ဖွဲ့စိတ်ဓာတ်ဖြင့်
ကျော်ဖြတ်ရင်ဆိုင် စွမ်းပြနိုင်သော်
ပန်းတိုင်မဝေး အနီးလေးမို့
ထွေးပိုက်နိုင်စွ လက်ဦးရလိမ့်
နောင်တမကြုံ လိပ်ပြာလုံအံ့
လုံးစုံပြည့်ဝ ရှိထားမှတော့
ထောက်ပြ ဘယ်လို မည်သို့ဆိုနေ
မည်သို့ဆိုစေ......
မည်သို့ဆိုစေ..........။ ။

မင်းသွေးနွယ်(ဇီးကုန်း)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗား ဦးခေါင်းခွဲစိတ်မှုခံယူထား



ဆောပေါ်လို ဒီဇင်ဘာ ၁၀

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် ဆောပေါ်လိုမြို့၌ ဦးခေါင်းခွဲစိတ်မှုခံယူ၍ ဦးနှောက်သွေးဖောက်ထုတ်မှုတစ်ရပ်ပြုလုပ်ထားရကြောင်း ဘရာဇီးတာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ခွဲစိတ်ကုသမှုမှာ အောင်မြင်မှုရှိခဲ့ပြီး သမ္မတလူလာဒါဆေးလ်ဗား၏အခြေအနေမှာ တည်ငြိမ်နေကြောင်း ဘရာဇီးတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် ယခုနှစ် အောက်တိုဘာလအတွင်း နေအိမ်၌ ချော်လဲခဲ့ရပြီးနောက်ဦးနှောက်သွေးဖောက်ထုတ်၍ ခွဲစိတ်မှုပြုလုပ်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် သမ္မတလူလာဒါဆေးလ်ဗားကို အထူးကြပ်မတ်ကုသဆောင်၌ ထားရှိ၍ ဆရာဝန်များက စောင့်ကြည့်နေကြောင်း ဘရာဇီးသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် ဒီဇင်ဘာ ၉ ရက်တွင် ခေါင်းကိုက်ဝေဒနာခံစားခဲ့ရပြီးနောက် ဆေးရုံ၌ ခွဲစိတ်ကုသမှုခံယူခဲ့ရခြင်းဖြစ်သည်။

သမ္မတ လူလာဒါဆေးလ်ဗားသည် ဆောပေါ်လိုမြို့ ဆီရီယိုလီဘာနစ်ဆေးရုံ၌ ဦးခေါင်းခွဲစိတ်မှုခံယူထားခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုး လာမည့်နှစ်ဖေဖော်ဝါရီလတွင် ရာထူးမှနုတ်ထွက်ရနိုင်

ဆိုးလ် ဒီဇင်ဘာ ၁၀

စစ်အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းရန်ကြိုးစားမှု ပျက်ပြားခဲ့ရပြီးနောက် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးအနေဖြင့် လာမည့်နှစ် ဖေဖော်ဝါရီလတွင် ရာထူးမှနုတ်ထွက်ရနိုင်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

သမ္မတ ယွန်ဆွတ်ယိုးသည် လာမည့်နှစ် ဖေဖော်ဝါရီလတွင် ရာထူးမှ နုတ်ထွက်ရေးအတွက် စတင်ဆွေးနွေးနေကြောင်းလက်ရှိအာဏာရပြည်သူ့အာဏာပါတီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယား သမ္မတ ယွန်ဆွတ်ယိုးသည် အတိုက်အခံဒီမိုကရက်တစ်ပါတီကို ထိုးနှက်ရေးအတွက် ဒီဇင်ဘာ ၃ ရက်တွင် စစ်အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းရန် ကြိုးစားခဲ့ရာ တောင်ကိုရီးယားနိုင်ငံ နိုင်ငံရေးအကျပ်အတည်းတစ်ရပ်ပေါ်ထွက်ခဲ့ရသည်။

သမ္မတ ယွန်ဆွတ်ယိုးသည် လွှတ်တော်အမတ်များနှင့် ပြည်သူများ၏ ဆန့်ကျင်မှုကြောင့် စစ်အုပ်ချုပ်ရေး ဥပဒေကြေညာချက်ကိုထုတ်ပြန်ခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ပြန်လည်ရုပ်သိမ်းခဲ့ရသည်။

ယင်းအပြင် သမ္မတရာထူးမှနုတ်ထွက်ပေးရန် ဖိအားပေးမှုများကိုလည်း တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးအနေဖြင့် ရင်ဆိုင်နေရသည်။

လက်ရှိအချိန်တွင် သမ္မတ ယွန်ဆွတ်ယိုးမှာ ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုများနှင့်ရင်ဆိုင်နေရပြီး ပြည်ပခရီးထွက်ခွာခွင့်လည်း ပိတ်ပင်ခံထားရကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယအခြေစိုက် အဲအင်ဒီးယားလေကြောင်းလိုင်း အဲဘတ်စ်ကုမ္ပဏီထံမှ လေယာဉ်အသစ်အစင်း ၁၀၀ ထပ်မံမှာယူ




ဒေလီ ဒီဇင်ဘာ ၁၀

အိန္ဒိယနိုင်ငံ အခြေစိုက်လေကြောင်းလိုင်းတစ်ခုဖြစ်သော အဲအင်ဒီးယား လေကြောင်းလိုင်းသည် ဥရောပအခြေစိုက် အဲဘတ်စ်ကုမ္ပဏီထံမှ ခရီးသည်တင်လေယာဉ်အသစ် အစင်း ၁၀၀ထပ်မံမှာယူထားကြောင်း ဒီဇင်ဘာ ၉ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတကာဦးဆောင် လေကြောင်းလိုင်းအဖြစ် ရပ်တည်နိုင်ရေးအတွက် အဲဘတ်စ်ကုမ္ပဏီခရီးသည်တင်လေယာဉ်အသစ် အစင်း ၁၀၀ ကို ထပ်မံမှာယူထားသည်ဟု အဲအင်ဒီးယားလေကြောင်းလိုင်းကို ပိုင်ဆိုင်သော တာတာဂရု(ပ်)ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ထပ်မံမှာယူထားသည့်အဲဘတ်စ်ခရီးသည်တင် လေယာဉ်သစ်များထဲတွင် အေ-၃၅၀ အမျိုးအစား လေယာဉ်အစင်း ၈၀နှင့် အေ-၃၂၀ အမျိုးအစားလေယာဉ် ၁၀ စင်းတို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါ အဲဘတ်စ်ခရီးသည်တင်လေယာဉ်အသစ်အစင်း ၁၀၀ အမှာစာတန်ဖိုး စုစုပေါင်းကို တာတာဂရု(ပ်)ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

အဲအင်ဒီးယား ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်ကလည်း အဲဘတ်စ်ကုမ္ပဏီထံမှ ခရီးသည်တင်လေယာဉ်အသစ်အစင်း၂၅၀ မှာယူထားပြီးဖြစ်သည်။

ထို့ပြင် အဲအင်ဒီးယားကုမ္ပဏီသည် ၂၀၂၃ခုနှစ်မှာပင် အမေရိကန်အခြေစိုက် ဘိုးအင်းကုမ္ပဏီထံမှလည်းလေယာဉ်အသစ်အစင်း ၂၂၀ မှာယူခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အီတလီနိုင်ငံ လောင်စာဆီသိုလှောင်ရေးစခန်းပေါက်ကွဲမှုကြောင့် လေးဦးသေဆုံး၍ ကိုးဦးဒဏ်ရာရရှိ



ရောမ ဒီဇင်ဘာ ၁၀

အီတလီနိုင်ငံ ဖလောရင့်စ်မြို့အနီးရှိ လောင်စာဆီသိုလှောင်ရေးစခန်းတစ်ခုတွင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူပေါင်း လေးဦးသေဆုံးခဲ့ရကြောင်း အီတလီတာဝန်ရှိသူများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သော လောင်စာဆီ သိုလှောင်ရေးစခန်းသည်ဖလောရင့်စ်မြို့ မြောက်ဘက်ဆင်ခြေဖုံးဒေသ၌ တည်ရှိသည်။

လောင်စာဆီ သိုလှောင်ရေးစခန်းပေါက်ကွဲမှုသည် ဒီဇင်ဘာ ၉ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အီတလီမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် လောင်စာဆီ သိုလှောင်ကန်များ ထိခိုက်ပျက်စီးမှုမရှိခဲ့သော်လည်း လေးဦးသေဆုံး၍ ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း အီတလီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် ပေါက်ကွဲမှုအတွင်း လူတစ်ဦး ပျောက်ဆုံးနေဆဲဖြစ်ရာ ရှာဖွေ ကယ်ဆယ်ရေးသမားများက ရှာဖွေနေကြဆဲဖြစ်ကြောင်း အီတလီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုအတွင်း ဒဏ်ရာရရှိခဲ့သူများအနက် သုံးဦးမှာအခြေအနေစိုးရိမ်ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ ဆီးရီးယားပြဿနာအတွက် ဆွေးနွေးပွဲကျင်းပ

နယူးယောက် ဒီဇင်ဘာ ၁၀

ဆီးရီးယား နိုင်ငံအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီဇင်ဘာ ၉ ရက်တွင် အရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ယူခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ၏ အပြောင်းအလဲများမှာ မြန်ဆန်လွန်းသည်ဖြစ်ရာ ဆက်လက်စောင့်ကြည့်ရေးမူကျင့်သုံးရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက အဆိုပါတံခါးပိတ်အစည်းအဝေး၌ သဘောတူခဲ့သည်။

အလားတူ ဆီးရီးယားနိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့်ညီညွတ်မှုတို့ကို ထိန်းထားနိုင်ရေး၊ အရပ်သားများကိုအကာအကွယ်ပေးနိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးပို့ခွင့်ရရေးတို့မှာလည်း အရေးကြီးကြောင်းလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက သဘောတူခဲ့ကြသည်။

ဒီဇင်ဘာ ၉ ရက် လုံခြုံရေးကောင်စီတံခါးပိတ်ဆွေးနွေးပွဲကို လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံ၏ တောင်းဆိုချက်အရ ကျင်းပခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံအဖြစ် နှစ်ပေါင်းများစွာရပ်တည်ခဲ့သော နိုင်ငံဖြစ်သည်။

ဆီးရီးယားသမ္မတ အာဆတ်သည် ဒမတ်စကတ်မြို့ကို သူပုန်တပ်များက ဒီဇင်ဘာ ၈ ရက်တွင် ထိန်းချုပ်ခဲ့ပြီးနောက် ရုရှားနိုင်ငံ၌ ခိုလှုံလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Starship ဒုံးပျံ သတ္တမအကြိမ် စမ်းသပ်လွှတ်တင်မှုအတွက် ပြင်ဆင်မှုများပြုလုပ်နေ



**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Starship ဒုံးပျံ သတ္တမအကြိမ် စမ်းသပ်လွှတ်တင်မှုအတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ဒီဇင်ဘာ ၉ ရက်တွင် Space-X ကုမ္ပဏီသည် Starship ဒုံးပျံ၏ ပင်မဒုံးယာဉ်ဖြစ်သော စူပါဟဲဗီး ဒုံးယာဉ်၏ ဒုံးအင်ဂျင်များကို စက်နှိုးစမ်းသပ်ခဲ့ကြောင်း သိရသည်။

စူပါဟဲဗီးဒုံးယာဉ်၏ ဒုံးအင်ဂျင်များစမ်းသပ်မှုကို တက္ကဆက်ပြည်နယ်တောင်ပိုင်း စတားဘေ့စ် အခြေစိုက်စခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်မှုအတွင်း Space-X ကုမ္ပဏီသည် စူပါဟဲဗီး ဒုံးယာဉ်၏ ရက်ပ်တာအင်ဂျင် ၃၃ လုံးကို စက္ကန့်အတန်ကြာနှိုး၍ စမ်းသပ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်ဟု Space-X ကုမ္ပဏီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Starship ဒုံးပျံ သတ္တမအကြိမ်စမ်းသပ်လွှတ်တင်မည့်နေရာကို အတိအကျ ကြေညာခြင်းမရှိသေးသော်လည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် လွှတ်တင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ဆဋ္ဌမမြောက် Starship ဒုံးပျံစမ်းသပ်လွှတ်တင်မှုကို ယခုနှစ် နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## PPIs အုပ်စုဝင်ဆေးတစ်မျိုးကြောင့် စိတ်ကျဝေဒနာဝင်ရောက်နိုင်ခြေ မြင့်မားနိုင်

**လန်ဒန် ဒီဇင်ဘာ ၁၀**

အစာအိမ်အက်စစ်များ အစာပြွန်လမ်းကြောင်း တစ်လျှောက် ဆန်တက်မှုပြဿနာ သို့မဟုတ် ရင်ပူနာ (Heartburn) ကုသရာတွင် သုံးစွဲရသည့် Proton Pump Inhibitors (PPIs) ဆေးတစ်မျိုးကြောင့် စိတ်ကျဝေဒနာဝင်ရောက်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

Proton Pump Inhibitors (PPIs) အုပ်စုဝင် ဆေးများသည် အစာအိမ်အတွင်း အက်စစ်ရည်ပေါ်ထွက်မှုကို လျှော့ချပေးသော ဆေးအမျိုးအစား ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Proton Pump Inhibitors (PPIs) ဆေးများကြောင့် သုံးစွဲသူလူနာများ၌ စိတ်ကျဝေဒနာလက္ခဏာများ ပေါ်ထွက်လာနိုင်သည်ဟု ဗြိတိန်သုတေသနပညာရှင်များက သတိပေးထားကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ PPIs ဆေးများသည် လူ့ကိုယ်ခန္ဓာ၏ ဗီတာမင် ဘီ-၁၂ စုပ်ယူနိုင်စွမ်းကို ပိတ်ပင်တတ်ကြောင်း သိရသည်။

အသား၊ ငါး၊ နို့ထွက်အစားအစာများနှင့်ကြက်ဥတို့၌ တွေ့ရတတ်သည့် ဗီတာမင် ဘီ-၁၂ သည် အာရုံနှာ့ဗ်ဆဲလ်များကျန်းမာရေးကို ထိန်းပေးနိုင်သည့် ဗီတာမင် တစ်မျိုးဖြစ်သည်။

PPIs အုပ်စုဝင်ဆေးများသည် ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာတို့ သုံးစွဲနေကြသည့် ဆေးများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**


## စကြဝဠာကြီးသည် မူလမျှော်လင့်ထားသည်ထက် ပိုမြန်သည့်အမြန်နှုန်းဖြင့် ပြန့်ကားနေ

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

စကြဝဠာကြီးသည် မူလမျှော်လင့်ထားသည်ထက် ပိုမြန်သည့် အမြန်နှုန်းဖြင့် ပြန့်ကားနေကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

စကြဝဠာပြန့်ကားမှု မြန်နှုန်း မူလ မျှော်လင့်ထားသည်ထက် ပိုမြန်နေမှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်က အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်မှရရှိသည့် သတင်းအချက်အလက်များအရ စကြဝဠာကြီးပြန့်ကားမှုနှုန်းမှာ သိပ္ပံပညာရှင်များ ယခင်မျှော်လင့်တွက်ချက်ထားသည်ထက် ရှစ်ရာခိုင်နှုန်း ပိုမြန်နေကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။



စကြဝဠာ၏လက်ရှိပြန့်ကားမှုနှုန်းမှာ မိမိတို့အသုံးပြုနေသော အကောင်းဆုံးသီအိုရီများက ရှင်းပြနိုင်သည့် အမြန်နှုန်းထက် ပို၍မြင့်မားနေကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသည့် သတင်းအချက်အလက်များအရ စကြဝဠာသည် ၎င်း၏ဆင့်ကဲပြောင်းလဲမှု အဆင့်ဆင့်တွင် အမြန်နှုန်းအမျိုးမျိုးဖြင့် ပြန့်ကားနေသည့် သဘောရှိသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

စကြဝဠာကြီး ပြန့်ကားနေမှု မည်မျှမြန်သည်ဟူသော အချက်မှာ ယနေ့ထိ သိပ္ပံပညာရှင်များကြား ဝိဝါဒကွဲပြားရဆဲကိစ္စဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကော်ဖီနေ့စဉ်သောက်သုံးမှုက အသက်ရှည်ရှည်နေရမှုနှင့် ဆက်စပ်ဖွယ်ရှိ

**လစ္စဘွန်း ဒီဇင်ဘာ ၁၀**

ကော်ဖီကိုနေ့စဉ်သောက်သုံးမှုသည် အနာရောဂါကင်းကင်းဖြင့် အသက်ရှည်ရှည်နေရမှုနှင့် ဆက်စပ်နေဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ပေါ်တူဂီ သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ ကော်ဖီနေ့စဉ်သောက်သုံးမှုနှင့် ဘဝသက်တမ်း ၁ ဒသမ ၈ နှစ်ထိ ပိုရှည်လာမှုတို့ကြား ဆက်စပ်မှုရှိနိုင်ကြောင်း သိရသည်။

ပေါ်တူဂီ သုတေသနပညာရှင်များသည် ကော်ဖီနှင့် ပတ်သက်၍ ပြုလုပ်ထားသည့် သုတေသနစစ်တမ်းပေါင်း ၅၀ ကျော်ကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ကော်ဖီနေ့စဉ်သောက်သုံးမှုသည် ကျန်းကျန်းမာမာဖြင့် အသက်ရှည်ရှည်နေရမှုနှင့် ဆက်စပ်နေသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ကော်ဖီတွင် ကဖင်းဓာတ်ခေါ် စွဲလမ်းစေတတ်သည့် ဓာတ်တစ်မျိုး ပါဝင်သော်လည်း ကော်ဖီ၏အခြားဓာတုဒြပ်ပေါင်းများကမူ လူ့ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကော်ဖီတွင်ပါဝင်သော ဓာတုပစ္စည်းများအနက် ပိုလီဖီနောလ် (Polyphenols) ဓာတုဒြပ်ပေါင်းများမှာ အောက်ဆီဂျင်ဓာတ်ဖျက်ဂုဏ်သတ္တိနှင့် ရောင်ရမ်းမှုတိုက်ဖျက်ရေးဂုဏ်သတ္တိများ ရှိထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## ဂူဂဲလ်ကုမ္ပဏီ၏ AI သုံး မိုးလေဝသခန့်မှန်းရေးစနစ်က သမားရိုးကျစနစ်များထက် မိုးလေဝသအခြေအနေကို ပို၍တိကျစွာခန့်မှန်းနိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အမေရိကန်နိုင်ငံ အခြေစိုက် ဂူဂဲလ်ကုမ္ပဏီ၏ လူ့ညာဏ်ရည်တုနည်းပညာ(AI)သုံး မိုးလေဝသ ခန့်မှန်းရေးစနစ်သည် သမားရိုးကျ မိုးလေဝသ ခန့်မှန်းရေးစနစ်များထက် မိုးလေဝသအခြေအနေကို ပို၍ တိကျစွာခန့်မှန်းနိုင်ကြောင်း ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

Gencast အမည်ရှိ အဆိုပါ AI နည်းပညာ မိုးလေဝသ ခန့်မှန်းရေးစနစ်သည် မိုးလေဝသ အခြေအနေများကို ၁၅ ရက်ကြို၍ ၉၉ ဒသမ ၈ ရာခိုင်နှုန်းထိ တိကျစွာ ဟောကိန်းထုတ်ပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ Gencast မိုးလေဝသ ခန့်မှန်းရေးစနစ်သည် ခရီးတိုသွားသူများအနေဖြင့် ထီးယူသင့်မယူသင့်ကိုပင် ဆုံးဖြတ်ပေးနိုင်ကြောင်း ဂူဂဲလ်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

ထို့ပြင် Gencast နည်းပညာများသည် တိုင်ဖွန်းမုန်တိုင်းကဲ့သို့ သဘာဝကပ်ဘေးများကို အချိန်မလွန်မီ ထောက်လှမ်းရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း ဂူဂဲလ်ကုမ္ပဏီ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

Gencast မိုးလေဝသခန့်မှန်းရေးစနစ်တွင် နှစ် ၄၀ ရာသီဥတုအချက်အလက်များဖြင့် လေ့ကျင့်သင်ကြားထားသော လူ့ညာဏ်ရည်တုနည်းပညာဆော့ဖ်ဝဲကို သုံးစွဲထားရာ မိုးလေဝသခန့်မှန်းရာတွင် သမားရိုးကျ နည်းလမ်းများထက်လည်း ပို၍မြန်ဆန်ကြောင်း သိရသည်။

သို့ဖြစ်ရာ Gencast မိုးလေဝသခန့်မှန်းရေးစနစ်သည် နေ့စဉ်မိုးလေဝသ ခန့်မှန်းချက်များကိုလည်း ပို၍တိကျမြန်ဆန်စွာ ထုတ်ပေးနိုင်သည်ဟု ဂူဂဲလ်ကုမ္ပဏီ၏ တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# နိုဝင်ဘာလအတွက် ပရီးမီးယားလိဂ် တစ်လတာအကောင်းဆုံး ကစားသမားဆုကို လီဗာပူးအသင်းမှ ဆာလာဟ်ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၀**

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏နိုဝင်ဘာလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ်က ဆွတ်ခူးနိုင်ခဲ့သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ နိုဝင်ဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆု ဆန်ခါတင် ကစားသမားစာရင်းတွင် ဆာလာဟ်သည် အသင်းဖော် ဂရာချန်ဘတ်၊ ဝုဗ်အသင်းမှ မက်သရူးကွန်ဟာ၊ မန်ယူအသင်းမှ ဖာနန်ဒက်၊ အာဆင်နယ်အသင်းမှ အိုဒီဂတ်နှင့် ဆာကာ၊ ဘရိုက်တန်အသင်းမှ ဂျာအိုပက်ဒရိုနှင့် ဘရန့်ဖို့ဒ်အသင်းမှ ဝုစ်ဆာတို့နှင့်အတူ ပါဝင်ခဲ့ပြီး ပြိုင်ဘက်ကစားသမားများကိုကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် နိုဝင်ဘာလအတွင်း လီဗာပူးအသင်းနှင့်အတူ ကစားခဲ့သည့် ပရီးမီးယားလိဂ် ပွဲစဉ်များတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုး၊ အေဗီလာအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်၊ ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ကာ သုံးပွဲကစားခဲ့ရာ သုံးပွဲစလုံး သွင်းယူနိုင်ခဲ့ပြီး သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်သည်ထိ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် နိုဝင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sky Sports
Trs : STA

# ကိုပါဒယ်ရေးဖလား တတိယအဆင့်တွင် ရီးရဲလ်နှင့် ဘာစီလိုနာတို့ စတုတ္ထတန်းအသင်းများနှင့် တွေ့ဆုံ

**မက်ဒရစ် ဒီဇင်ဘာ ၁၀**

ကိုပါဒယ်ရေးဖလား တတိယပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက စတုတ္ထတန်းကလပ် မင်နီရာအသင်းနှင့် လည်းကောင်း၊ ဘာစီလိုနာအသင်းက ဘာဘက်စထရိအသင်းနှင့် လည်းကောင်း တွေ့ဆုံနေကြောင်း သိရသည်။

မင်နီရာအသင်းသည် ရှုံးထွက်အဆင့်တွင် လာလီဂါကလပ် အလာဗက်အသင်းနှင့် တွေ့ဆုံခဲ့ရာ ပင်နယ်တီ အဆုံးအဖြတ်တွင် အနိုင်ရခဲ့သဖြင့် ၃၂ သင်း အဆင့်သို့ရောက်ရှိခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည်။

ဘာဘက်စထရိ အသင်းကလည်း ပြီးခဲ့သည့်ကြာသပတေးနေ့က ကစားခဲ့သည့် ရှုံးထွက်အဆင့်တွင် လာလီဂါကလပ် အက်စ်ပန်ညိုအသင်းကို အိမ်ကွင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ၃၂ သင်းအဆင့်တွင် ဘာစီလိုနာအသင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

စပိန်ကိုပါဒယ်ရေး ဖလားပြိုင်ပွဲကို ပြီးခဲ့သည့်ရာသီက ဖိုင်နယ်ပွဲတက်ရောက်ခဲ့သည့် ဘီလ်ဘာအိုအသင်းနှင့် မာယော့ကာအသင်းတို့အပါအဝင် အမှတ်ပေးချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်းနှင့် အဆင့် ၂ မှ ဘာစီလိုနာအသင်းတို့သာ တတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့် ရခဲ့ကြောင်း သိရသည်။

တတိယအဆင့်တွင် လက်ရှိချန်ပီယံ ဘီလ်ဘာအိုအသင်းသည် လော့ဂရိုးနက်စ်အသင်းနှင့်လည်းကောင်း၊ မာယော့ကာအသင်းသည် ပန်ဒီဗီဒရာ အသင်းနှင့်လည်းကောင်း အဝေးကွင်းတွင် ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များကို လာမည့် ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN
Trs : ML

## အားကစားသတင်းအတိုအထွာများ

❑ ချဲလ်ဆီးအသင်းကို လေးဂိုးသုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမား ရှီမီယို ဒဏ်ရာထပ်မံရရှိခဲ့သောကြောင့် ရက်သတ္တခြောက်ပတ်ခန့်ထိ အနားယူရမည်ဖြစ်ကြောင်း စပါးအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

❑ အက်ဖ်အေ၏ လွတ်လပ်သည့်စုံစမ်းစစ်ဆေးရေးကော်မရှင်က ကွင်းလယ်ဒိုင်ကူးတီကို စစ်ဆေးခဲ့ပြီးနောက် ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က ကူးတီကို ဒိုင်အဖွဲ့ချုပ်မှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။ ML

# ဖီဖာတစ်နှစ်တာနေရာလိုက် အကောင်းဆုံး အမျိုးသား၊အမျိုးသမီး ကစားသမားဆုများစာရင်း ထုတ်ပြန်ကြေညာ




**ဇူးရစ် ဒီဇင်ဘာ ၁၀**

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)၏ ယခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးဆုများ ပေးအပ်ပွဲအခမ်းအနားတွင် ပေးအပ်ချီးမြှင့်သည့်ဖီဖာတစ်နှစ်တာနေရာလိုက် အကောင်းဆုံး အမျိုးသားကစားသမား ၁၁ ဦးစာရင်းနှင့် အမျိုးသမီး ကစားသမား ၁၁ ဦးစာရင်းကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)က တစ်နှစ်တာနေရာလိုက် အကောင်းဆုံး ကစားသမား ၁၁ ဦး စာရင်းကို ၃-၄-၃ ပုံစံဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး အယ်နာဆာအသင်း တိုက်စစ်ကစားသမား စီရော်နယ်ဒို အနေဖြင့် ဆန်ခါတင်ကစားသမား စာရင်းတွင်ပင် ပါဝင်လာခြင်းမရှိခဲ့ဘဲ ဆန်ခါတင်ကစားသမား စာရင်းတွင် ပါဝင်လာခဲ့ပြီး နှစ်စဉ် တစ်နှစ်တာ နေရာလိုက်အကောင်း ဆုံး ကစားသမားဆုစာရင်း၌ ပါဝင်ခဲ့သည့် အင်တာမီယာမီ အသင်းမှ မက်ဆီအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် လွဲချော်ခဲ့ရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) က ရွေးချယ်ခဲ့သည့် တစ်နှစ်တာ နေရာလိုက်အကောင်းဆုံး ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် မန်စီးတီးအသင်းမှ ဂိုးသမား အန်ဒါဆင်၊ ခံစစ်ကစားသမား သုံးဦးနေရာတွင် ရီးရဲလ်မက်ဒရစ် အသင်းမှ ကာဗာဂျယ်၊ ရူဒီဂါ၊ လီဗာပူးအသင်းမှ ဗန်ဒိုက်၊ ကွင်းလယ်ကစားသမား လေးဦးနေရာတွင် မန်စီးတီးအသင်းမှ ဒီဘရိုင်း၊ ရိုဒရီ၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်နှင့် ကစားသမားဟောင်း တိုနီခရူးစ်တို့ ပါဝင်လာခဲ့ကြသည်။

တိုက်စစ်ကစားသမား သုံးဦးနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘက်ပီ၊ ဗင်နီစီးယက်စ်နှင့် မန်စီးတီးအသင်းမှ ဟာလန်းတို့ ပါဝင်လာခဲ့ကြသည်။

အလားတူ နေရာလိုက်တစ်နှစ်တာအကောင်းဆုံး အမျိုးသမီး ကစားသမားဆုစာရင်းမှ ဂိုးသမား နေရာတွင် ပီအက်စ်ဂျီအသင်းမှ မေရီအက်ပ်၊ ခံစစ်ကစားသမား နေရာတွင် ချဲလ်ဆီးအသင်းမှ ဘရွန်ဇီ၊မန်စီးတီးအသင်းမှုဂရင်းဝုဒ်၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ကာမိုရာ၊ ကွင်းလယ် ကစားသမားနေရာတွင် ဘာစီလိုနာအသင်းမှ ဘွန်မာတီ၊ ကီယာဝက်ဇ်၊ပူတဲလက်စ်၊အော်လန်ဒိုအသင်းမှ မာတာတို့ ပါဝင်လာခဲ့သည်။

တိုက်စစ်ကစားသမား သုံးဦး နေရာတွင် ရီးရဲလ်မက်ဒရစ် အသင်းမှ ကာစီဒို၊ ချဲလ်ဆီးအသင်းမှ လူရီယန်ဂျိမ်းစ်နှင့် အော်လန်ဒို အသင်းမှ ဘန်ဒါတို့ ပါဝင်လာခဲ့ကြ ကြောင်း သိရသည်။

Ref : Goal.com
Trs : STA

# WTA Player of the Year ဆုကို ဆာဘာလင်ကာက ဆွတ်ခူးခဲ့ပြီး နှစ်ယောက်တွဲအသင်းဆုကို အာရန်နီနှင့် ပါအိုလီနီတို့ ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၀**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် အမျိုးသမီး တင်းနစ်အဖွဲ့ချုပ် (Women's Tennis Association) က ယခုနှစ်အတွက်တစ်နှစ်တာအကောင်းဆုံး တင်းနစ်မယ်ဆုကို ဘီလာရုစ် တင်းနစ်မယ် ဆာဘာလင်ကာက ဆွတ်ခူးခဲ့သည်ဟု ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ဆာဘာလင်ကာသည် ယခုနှစ် တင်းနစ်ရာသီအတွင်း ဂရန်းစလန်းချန်ပီယံဆုဖလား နှစ်လုံး ဆွတ်ခူးခဲ့ပြီး ရာသီအကုန်တွင်လည်း ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်နိုင်ခဲ့သည်။

အသက် ၂၆ နှစ်ရှိ ဆာဘာလင်ကာသည် ယခုနှစ် ဩစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲတွင် လက်ရှိချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး လက်ရှိချန်ပီယံဆုကိုလည်း ကာကွယ်နိုင်ခဲ့သည်။

ပြီးခဲ့သော စက်တင်ဘာလကလည်း US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး တစ်ရာသီအတွင်း ဂရန်းစလန်း ချန်ပီယံဆုဖလားနှစ်လုံး ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယင်းအပြင် WTA Tour ပြိုင်ပွဲများဖြစ်သည့် Cincinnati Open နှင့် Wuhan Open တင်းနစ်ပြိုင်ပွဲတို့တွင်လည်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်(၁) နေရာတွင် ကာလရှည်ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်အား ကျော်ဖြတ်ကာ ကမ္ဘာ့အဆင့်(၁)နေရာကို ရယူနိုင်ခဲ့သည်။




အမျိုးသမီးနှစ်ယောက်တွဲတွင် အိုလံပစ် ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသည့် အီတလီတင်းနစ်မယ် အာရန်နီနှင့် ပါအိုလီနီတို့အတွဲက ယခုနှစ်အတွက် အမျိုးသမီး တင်းနစ်အဖွဲ့ချုပ် (Women's Tennis Association)၏ အကောင်းဆုံးအတွဲဆုကို ဆွတ်ခူးခဲ့ကာ တစ်နှစ်တာ တိုးတက်မှုအရှိဆုံး တင်းနစ်မယ်အဖြစ် အမေရိကန် တင်းနစ်မယ် နာဗာရိုက ဆွတ်ခူးခဲ့သည်။

နာဗာရိုသည် ၂၀၂၃ ခုနှစ် တင်းနစ်ရာသီအကုန်တွင် ကမ္ဘာ့အဆင့် (၃၈) နေရာဖြင့်သာ အဆုံးသတ်ခွင့်ရရှိခဲ့ပြီး ယခုနှစ် တင်းနစ်ရာသီတွင် ပုံစံကောင်းများ ဆက်တိုက်ပြသကာ ပြီးခဲ့သည့် စက်တင်ဘာလတွင် ကမ္ဘာ့အဆင့် (၁၀)အတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည့် တင်းနစ်မယ်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဂိုးသမားနူအာ ယခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရမည်ဟု နည်းပြကွန်ပနီပြောကြား

**မြူးနစ် ဒီဇင်ဘာ ၁၀**

ဘိုင်ယန်မြူးနစ် အသင်း ဂိုးသမား နူအာသည် နံရိုးကျိုး ဒဏ်ရာရရှိခဲ့သောကြောင့် ယခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရတော့မည်ဖြစ်ကြောင်း နည်းပြကွန်ပနီက ပြောကြားခဲ့သည်။

အသက် ၃၈ နှစ်ရှိ ဂိုးသမား နူအာသည် လေဗာကူဆင်အသင်းနှင့် ဖလားပွဲစဉ်တွင် အနီကတ်ပြစ်ဒဏ်ကြောင့် ထွက်ခွာခဲ့ရပြီး စနေနေ့က ကစားခဲ့သည့် ဟိုင်ဒန်ဟိုင်းနှင့်ပွဲစဉ်တွင် ပွဲပယ်ခံခဲ့ရသော်လည်း ဒဏ်ရာရကစားသမားစာရင်းတွင် ပါဝင်လာခဲ့ကာ ယခုအခါ နံရိုးကျိုးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိတွင် ထိပ်တန်းကစားသမားများဖြစ်သည့် ဟယ်ရီကိန်း၊ ပေါ်ဟင်ဟာ၊ အယ်ဖွန်ဆိုဒေးဗစ်၊ ဂနာဘရီတို့ကို လက်လွှတ်ခဲ့ရပြီးနောက် ဂိုးသမားနူအာကိုပါ ထပ်မံလက်လွှတ်ခဲ့ရသဖြင့် ဒဏ်ရာရကစားသမား များပြားလာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘိုင်ယန်မြူးနစ် အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ဇယားထိပ်၌ ရပ်တည်နေသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ငါးပွဲကစားအပြီး၌ ရမှတ်ကိုးမှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၃)တွင် ရပ်တည်နေသောကြောင့် ၁၆ သင်းအဆင့်သို့ တိုက်ရိုက်ဝင်ခွင့်ရရန် ရုန်းကန်နေရပြီး အဆင့် (၂၆) မှ ရက်တာဒိုးနက်အသင်းကလည်း play-off ဝင်ခွင့်ရရန် ရမှတ်လိုအပ်နေသဖြင့် ယခုပွဲစဉ်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# ပစိဖိတ်သမုဒ္ဒရာအတွင်းရှိကျွန်းများတွင် စိုက်ပျိုးထားသော ဆီအုန်းပင်များက ကျွန်းများ၏ဂေဟစနစ်ကို ထိခိုက်မှုများဖြစ်ပေါ်စေ



**ကင်ဘာရာ ဒီဇင်ဘာ ၁၀**

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများတွင် စိုက်ပျိုးထားသော ဆီအုန်းပင်များက ကျွန်းများ၏ ဂေဟစနစ်ကိုထိခိုက်မှုများဖြစ်ပေါ်စေကြောင်း ဩစတြေးလျနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ The Nature Conservancy က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သုတေသနပြုချက်များအရ ပစိဖိတ်သမုဒ္ဒရာတွင်းရှိ ကျွန်းများတွင် ဝင်ငွေရရှိသောဆီအုန်းပင်များကို အစိုက်များလာကြောင်း၊ ဆီအုန်းပင်များ စိုက်ပျိုးရာတွင် မြေယာလိုအပ်ချက်ကြောင့် သစ်တောမြေများကို ခုတ်ထွင်ရှင်းလင်းခြင်းသည် သစ်တောပြုန်းတီးမှုကို ဖြစ်စေကြောင်း၊ ယခင်က သစ်တောများဖြင့် စိမ်းစိုအုံ့ဆိုင်းနေသော ပစိဖိတ်သမုဒ္ဒရာတစ်လျှောက် ကျွန်းများ၏ သစ်တောမြေနေရာ ထက်ဝက်ခန့်သည် ဆီအုန်းစိုက်ခင်းများ ဖြစ်လာကြောင်း၊ လက်ရှိတွင် ကယ်လီဖိုးနီးယားတက္ကသိုလ် ဆန်တာဘာဘာရာနှင့် ဩစတြေးလျနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တို့ပူးပေါင်း၍ ပစိဖိတ်သမုဒ္ဒရာတစ်လျှောက် စိုက်ပျိုးထားသော ဆီအုန်းစိုက်ခင်းများကြောင့် သစ်တောများပြုန်းတီးသည့်အခါ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို သုတေသနပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သုတေသန တွေ့ရှိချက်များအရ ဆီအုန်းစိုက်ခင်းများကြောင့် ဒေသမျိုးရင်းသစ်ပင်များ အနည်းငယ်မျှသာကျန်ရစ်ခဲ့ကြောင်း၊ သစ်တောများ ပြုန်းတီးခြင်းက ပစိဖိတ်သမုဒ္ဒရာတွင်းရှိ ကျွန်းများတွင် မြေအောက်ရေအရင်းမြစ်များ လျော့နည်းလာခြင်း၊ ပင်လယ်ငှက်ကောင်ရေကျဆင်းခြင်းနှင့် သန္တာကျောက်တန်းများ ပျက်စီးခြင်း စသောဆိုးရွားသော သက်ရောက်မှုများနှင့် ဆက်စပ်နေကြောင်း တွေ့ရှိခဲ့ရသည်။

**Ref : Sputnik News**
**Trs : KZ**

# အင်ဒိုနီးရှားနိုင်ငံတွင် မြေပြိုကျမှုကြောင့် လူ ၁၀ ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေ

**ဂျကာတာ ဒီဇင်ဘာ ၁၀**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းဆွယ်တွင် ဒီဇင်ဘာ ၈ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေချိန်မြင့်မားခဲ့သည့်အတွက် ဒီဇင်ဘာ ၉ ရက်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် မြေပြိုကျမှုများလည်း ဖြစ်ပေါ်ခဲ့ရာ မြေပြိုကျမှုကြောင့် ဒေသခံ လူဆယ်ဦး သေဆုံးခဲ့ပြီး ပျောက်ဆုံးနေသူ နှစ်ဦးရှိကြောင်း Disaster Management Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျာဗားကျွန်းဆွယ်တွင် မြေပြိုကျမှုအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော ကျေးရွာပေါင်း ၁၇၂ ရွာရှိပြီး လူဦးရေ ၃၀၀၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများကို အစိုးရက စီစဉ်ပေးထားသည့် ယာယီရွက်ဖျင်တဲများတွင် နေရာချပေးထားပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လမ်း၊ တံတားများနှင့် စိုက်ပျိုးမြေကေအမြောက်အမြား ပျက်စီးခဲ့ရကြောင်း Disaster Management Agency မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဟာရီယန်တိုက ပြောကြားခဲ့သည်။

"ရေကြီးရေလျှံမှုတွေနဲ့ မြေပြိုကျမှုကြောင့် ဂျာဗားကျွန်းဆွယ်မှာ လူဆယ်ယောက် သေဆုံးခဲ့ပြီးတော့ပျောက်ဆုံးနေသူနှစ်ယောက်ရှိနေပါတယ်။ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုကြောင့် တံတား ၃၁ စင်း၊ လမ်း ၈၁ လမ်း၊ စပါးစိုက်ခင်း ၁၃၃၁ ဧကထိ ပျက်စီးခဲ့ပါတယ်။ နေအိမ်ပေါင်း ၁၁၇၀ လောက်ထိ ရေမြုပ်နေပါတယ်။ ရေဘေးအန္တရာယ်နှင့် မြေပြိုကျမှုကြောင့် ပျက်စီးခဲ့တဲ့ နေအိမ်ပေါင်း ၃၃၀၀ ကျော်ထိရှိနေပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ လူအယောက် ၃၀၀၀ ကျော်ထိရှိပါတယ်။ နောက်ထပ် လူအယောက် ၁၀၀၀ ကျော်လောက် ဘေးလွတ်ရာကို ထပ်မံရွှေ့ပြောင်းရမဲ့ အခြေအနေဖြစ်ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းဖို့လဲ သတိပေးချက်ထုတ်ပြန်ထားပြီးဖြစ်ပါတယ်"ဟု Disaster Management Agency မှ ပြောရေးဆိုခွင့်ရှိသူဒုတိယဗိုလ်မှူးကြီးဟာရီယန်တိုက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# Anglo American သတ္တုမိုင်းတွင်းကုမ္ပဏီကို ချီလီသဘာဝပတ်ဝန်းကျင် ဥပဒေပြုရေးအဖွဲ့က စုံစမ်းစစ်ဆေး

**ဆန်တီယာဂို ဒီဇင်ဘာ ၁၀**

ချီလီ သဘာဝပတ်ဝန်းကျင် ဥပဒေပြုရေးအဖွဲ့အစည်းဖြစ်သည့် Superintendency of the Environment(SMA) က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကိုထိခိုက်စေနိုင်သော လုပ်ရပ်များကို ကျူးလွန်ခဲ့သော Anglo American သတ္တုမိုင်းတွင်းကုမ္ပဏီကို စုံစမ်းစစ်ဆေးမှု ပြုလုပ်နေပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Anglo American သတ္တုမိုင်းတွင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် ဗယ်ပါရိုင်ဆိုနယ်မြေရှိ ကြေးနီတူးဖော်ရေးလုပ်ကွက်များသည် ချမှတ်ထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများနှင့် ကိုက်ညီမှုမရှိသည့်အတွက် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ Anglo American သတ္တုမိုင်းတွင်းကုမ္ပဏီက ဥပဒေကြောင်းအရ ဥပဒေချိုးဖောက်မှုကျူးလွန်ထားကြောင်း၊ စုံစမ်းစစ်ဆေးမှုခံနေရသည့် Anglo American သတ္တုမိုင်းတွင်းကုမ္ပဏီမှတာဝန်ရှိသူများက အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး SMA မှတာဝန်ရှိသူများနှင့် ဆွေးနွေးရန် ပြင်ဆင်နေပြီး ၎င်းတို့အနေဖြင့် ချမှတ်ထားသော ဥပဒေများ အတိုင်းဆောင်ရွက်နေခြင်းဖြစ် သည်ဟု တုံ့ပြန်ခဲ့ကြောင်း သိရသည်။



"ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေတွေကို လေးစားလိုက်နာသလို ဥပဒေစည်းမျဉ်းအတိုင်းပဲ လုပ်ငန်းတွေကိုဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ငန်းအားလုံးကိုလဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေတွေအတိုင်း ဆောင်ရွက်နေတဲ့အတွက် စုံစမ်းစစ်ဆေးမှုနဲ့ပတ်သက်ပြီးသက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံခွင့်ရဖို့ တင်ပြထားပါတယ်"ဟု Anglo American သတ္တုမိုင်းတွင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# မိုးခေါင်ရေရှားပါးမှုနှင့် အပူချိန်မြင့်တက်မှုကြောင့် ခရစ္စမတ်သစ်ပင်များ ရှားပါးလာ

**အော့တဝါ ဒီဇင်ဘာ ၁၀**

မိုးခေါင်ရေရှားပါးမှုနှင့် အပူချိန်မြင့်တက်မှုတို့ကြောင့် နှစ်စဉ်ကျင်းပနေသော ခရစ္စမတ်ပွဲတော်တွင် အဓိကအသုံးပြုသည့် ခရစ္စမတ်သစ်ပင်များ ရှားပါးလာစေပြီး ယခုနှစ် ခရစ္စမတ်ပွဲတော်အတွက် ခရစ္စမတ်သစ်ပင်များ ရှာဖွေရာတွင်အခက်အခဲများရှိလာကြောင်း ကနေဒါနိုင်ငံ အခြေစိုက် ဘရန်းစဝစ်တက္ကသိုလ်မှသုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ကမ္ဘာတစ်ဝန်း ရာသီဥတုလွန်ကဲမှုပြဿနာဖြင့် ရင်ဆိုင်နေကြရကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ဦးဆောင်၍လည်း ရာသီဥတုလွန်ကဲမှု လျှော့ချရေး ညီလာခံများ နှစ်စဉ်ကျင်းပပြုလုပ်ကာ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိကြောင်း၊ မိုးခေါင်ရေရှားမှုပြဿနာနှင့် အပူချိန်မြင့်တက်မှုကြောင့် ခရစ္စမတ်သစ်ပင်များခြောက်သွေ့မှုနှုန်း မြင့်တက်လာခဲ့ပြီး ရာသီဥတုလွန်ကဲမှုများကို ထိန်းချုပ်နိုင်ခြင်းမရှိပါက အဆိုပါ သစ်ပင်မျိုးစိတ်များ ပြုန်းတီးသွားနိုင်ကြောင်း ဘရန်းစဝစ် တက္ကသိုလ်မှသုတေသီများက ပြောကြားသည်။

"အနာဂတ်ရာသီဥတုလွန်ကဲမှုဆိုင်ရာနှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းတွေလဲ အဆက်မပြတ်ဆောင်ရွက်ခဲ့တယ်။ သုတေသနရလဒ်တွေအရ ကမ္ဘာ့နိုင်ငံတွေမှာ မိုးခေါင်တဲ့ပြဿနာနဲ့ရင်ဆိုင်ရတဲ့ အချိန် ကာလတွေပိုများနေတယ်။ ရာသီ ဥတုလွန်ကဲမှုဆိုင်ရာ တုံ့ပြန်မှုတွေက ထိရောက်မှုမရှိဘူးဖြစ်နေတာလဲတွေ့ရတယ်။ အခုဆိုရင် နယူးဘရန်းစဝစ်ပြည်နယ်အနောက်ဘက်ခြမ်းမှာဆိုရင် မိုးခေါင်တဲ့ပြဿနာကြောင့် ခရစ္စမတ်သစ်ပင် တွေ ရှာဖွေရခက်လာတယ်" ဟု ဘရန်းစဝစ်တက္ကသိုလ်မှ သုတေသီများအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ သုတေသီ အန်တိုနီတေလာက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ ကန်လာအွန်မီးတောင်ပေါက်ကွဲမှုကြောင့် ပြည်သူထောင်ပေါင်းများစွာကို အစိုးရက ဘေးလွတ်ရာရွှေ့ပြောင်းပေး

**မနီလာ ဒီဇင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ကန်လာအွန်မီးတောင်ပေါက်ကွဲမှုကြောင့် အနီးနားမြို့ရွာများတွင် နေထိုင်သူ ထောင်ပေါင်းများစွာကို အစိုးရက ဘေးလွတ်ရာရွှေ့ပြောင်းပေးနေကြောင်း ယနေ့သတင်းများအရ သိရသည်။

ကန်လာအွန်မီးတောင်သည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၃ နာရီ ၀၃ မိနစ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်များနှင့် ပြာမှုန်များ အနီးဝန်းကျင်ကို လွင့်စဉ်လာသဖြင့် အနီးအနားမြို့ရွာများတွင် နေထိုင်သူ ထောင်ပေါင်းများစွာနှင့် ဒေသဆိုင်ရာ အစိုးရဌာနအားလုံးကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် အစိုးရက ဆောင်ရွက်ပေးနေကြောင်း၊ မီးတောင်မပေါက်ကွဲခင်ကလည်း မီးတောင်ပေါက်ကွဲ နိုင်သည်နှင့်ပတ်သက်ပြီး သတိပေးထားကြောင်း၊ မီးတောင်သည် ထပ်မံပေါက်ကွဲနိုင်သည့် အနေအထားရှိကြောင်း ဖိလစ်ပိုင် မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံ (PHIVOLCS)က တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နီဂရော့စ်ကျွန်းအလယ်ပိုင်းရှိ ပင်လယ်ရေမျက်နှာပြင်အထက်မီတာ ၃၀၀၀ ကျော်တွင်ရှိသည့် ကန်လာအွန် မီးတောင်သည် ဖိလစ်ပိုင်နိုင်ငံတွင် လှုပ်ရှားမှုအရှိဆုံး မီးတောင် ၂၄ လုံးအနက်မှ တစ်ခုဖြစ်ကြောင်း၊ လက်ရှိတွင် ကန်လာအွန်မီးတောင်ပေါက်ကွဲမှုကြောင့် နေအိမ် ၁၂၀၀၀ မှလူဦးရေ ၅၄၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေပြီး ရွှေ့ပြောင်းပေးရမည့် လူဦးရေများသဖြင့် ရွှေ့ပြောင်းမှုအတွက် အချိန်ယူရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အစိုးရသစ်လက်ထက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာအဆင့်မြှင့်တင်မှုများ

မောင်သောင်းဝင်း(တမန်ဟောင်း)

လူထုအုံကြွမှုဖြင့် ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာကို ရာထူးမှဖြုတ်ချခြင်းသည် တောင်အာရှဒေသ၏ စီးပွားရေးဒုတိယအကြီးမားဆုံးဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မဟာဗျူဟာ၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာအပြောင်းအလဲများဖြစ်ပေါ်လာစေလျက်ရှိသည်။ တိုင်းပြည်၏ စစ်ရေးကိုဆန့်ကျင်သည့် နိုင်ငံခြားရေးမူဝါဒကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဒေသတွင်း၌ နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် အိန္ဒိယနှင့် ပါကစ္စတန်တို့ထက် ကာကွယ်ရေးအင်အားချည့်နဲ့လျက်ရှိပြီး လက်နက်ကိုင်တပ်ဖွဲ့အင်အား တတိယမြောက်အဆင့်သာရှိကြောင်း ရှုမြင်ခံရလျက်ရှိသည်။

ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဘက်မလိုက်မူဝါဒကျင့်သုံးပြီး နိုင်ငံတကာနှင့်ဒေသတွင်းအင်အားကြီးနိုင်ငံများကို မဟာဗျူဟာမြောက် ဟန်ချက်ထိန်းညှိထားသောကြောင့် ကျွမ်းကျင်မှုရှိသောတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသော တပ်မတော်နှင့် ခေတ်မီစစ်လက်နက်ပစ္စည်းများ တပ်ဆင်ရေးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဟန့်တားမှုစွမ်းဆောင်ရည်မြှင့်တင်ရေးရည်မှန်းချက်အတွက် အရေးပါလျက်ရှိသည်။ သို့သော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးထားလျက်ရှိသည့်အပြင် ကာကွယ်ရေးဘတ်ဂျက်မလုံလောက်မှုတို့သည် စစ်ဘက်ဆိုင်ရာရည်မှန်းချက်များရုပ်လုံးပေါ်လာရန် အဟန့်အတားဖြစ်စေလျက်ရှိသည်။

သို့သော် ရှိတ်ဟာဆီနာလက်ထက် ၂၀၀၉ ခုနှစ်တွင် စစ်ဘက်ဆိုင်ရာအဆင့်မြှင့်တင်ဆောင်ရွက်မှုပြောင်းလဲလာခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် Forces Goal 2030 ဆိုသည့် ၂၀၃၀ ပြည့်နှစ် တပ်မတော်ရည်မှန်းချက် စစ်ဘက်ဆိုင်ရာခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မည့်စီမံကိန်းကို ပထမဆုံးတရားဝင်ဖွဲ့စည်းဆောင်ရွက်မှုကို စတင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ပြန်လည်သုံးသပ်အဆင့်မြှင့်တင်ခဲ့သော ၎င်းစီမံကိန်းသည် ခေတ်မီဆန်းသစ်သော ၂၁ ရာစုတပ်မတော်အဖြစ်ပြုပြင်ပြောင်းလဲတည်ဆောက်ရေး ဘင်္ဂလားဒေ့ရှ်တပ်မတော်၏လိုအပ်ချက်များပြည့်မီစေရန် သမိုင်း ဝင်ခိုင်မာသောအခြေခံအုတ်မြစ်ကို စတင်ဖန်တီးနိုင်ခဲ့သည်။ ၎င်းလုပ်ငန်းစဉ်စတင်ပြီး ၁၅ နှစ်အကြာတွင် ဘင်္ဂလားဒေ့ရှ်တပ်မတော်(AFB) သည် စဉ်ဆက်မပြတ်တိုးတက်လာလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထဝီနိုင်ငံရေးအခင်းအကျင်းနှင့် လုံခြုံရေးဆိုင်ရာဦးစားပေးလုပ်ငန်းများပြောင်းလဲလာခြင်းသည် လက်ရှိ စစ်ဘက်ဆိုင်ရာခေတ်မီအဆင့်မြှင့်တင်မှုစီမံကိန်းကို ပြန်လည်လုပ်ဆောင်သွားရန်လိုအပ်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် လက်နက်ရောင်းချပေးသည့် အဓိကနိုင်ငံများဖြစ်သော တရုတ်၊ တူကီယဲတို့နှင့် မဟာဗျူဟာမြောက်ဆက်ဆံရေး နက်ရှိုင်းခိုင်မာအောင် လုပ်ဆောင်သွားရန်လိုအပ်သည်။

**Forces Goal 2030 အရ ဘင်္ဂလားဒေ့ရှ်တပ်မတော်ကို ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ခြင်း**

Forces Goal 2023 ၏ အဓိကရည်မှန်းချက်သည် ဘင်္ဂလားဒေ့ရှ်တပ်မတော်၏ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အားလုံးကို ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်သွားရန်ပင်ဖြစ်သည်။ ၎င်းစီမံကိန်းသည် စစ်ဘက်ဆိုင်ရာပြုပြင်ပြောင်းလဲဖွဲ့စည်းခြင်း၊ တပ်ဖွဲ့ဝင်အင်အားတိုးချဲ့ခြင်း၊ တပ်ဖွဲ့အသစ်များတိုးချဲ့ပြောင်းလဲဖွဲ့စည်းခြင်း၊ ခေတ်မီစစ်လက်နက်ပစ္စည်းများဖြည့်ဆည်းခြင်း၊ ကျွမ်းကျင်အောင် သင်တန်းများပို့ချခြင်း၊ စစ်အခြေခံသဘောတရားများပြန်လည်သုံးသပ်ခြင်း၊ ပြည်တွင်းထုတ်လုပ်မှုအတွက် ကာကွယ်ရေးစက်မှုလုပ်ငန်းဌာနချုပ်(DIB) များ တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် နည်းပညာလွှဲပြောင်းမှုများ ပါဝင်သည်။ အဆိုပါ ရည်မှန်းချက်များကြောင့် ဘင်္ဂလားဒေ့ရှ်တပ်မတော်ကို ၂၁ ရာစုနှစ် စွမ်းဆောင်ရည်ရှိသောတပ်မတော်အဖြစ် လုံးလုံးလျားလျားပြုပြင်ပြောင်းလဲတည်ဆောက်သွားမည်ဖြစ်သည်။

Forces Goal 2030 အရ ဘင်္ဂလားဒေ့ရှ်တပ်မတော်ကို သိသိသာသာပြောင်းလဲတည်ဆောက်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်ကြည်းတပ်သည် အသစ်ဖွဲ့စည်းထားသော ယာဉ်တင်ခြေမြန်တပ်ရင်းများအတွက် ရုရှားနိုင်ငံထုတ် ခေတ်မီ BTR-80 နှင့် တူကီယဲနိုင်ငံထုတ် Otokar Cobra အမျိုးအစား လူသယ်သံချပ်ကာယာဉ်(APCs) များ ဝယ်ယူခဲ့သည်။ သံချပ်ကာတပ်ဖွဲ့များအတွက် တရုတ်နိုင်ငံမှ ခေတ်မီ BMT-2000 အမျိုးအစားတင့်များနှင့် VT-5 အမျိုး



အစား အပေါ့စားတင့်များ ဝယ်ယူအသုံးပြုခဲ့သည်။ အနောက်နိုင်ငံများနှင့် ရုရှားနိုင်ငံတို့ထံမှ သယ်ယူပို့ဆောင်ရေးလေယာဉ်များ၊ ဘက်စုံသုံးတိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့်အတူ တူကီယဲနိုင်ငံထုတ် Bay-eraktar TB-2 ဒရုန်းများကို ကြည်းတပ်လေကြောင်းဌာနခွဲအတွက် ဝယ်ယူဖြည့်တင်းခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကျယ်ပြန့်သော ဘင်္ဂလားပင်လယ်အော်တွင်လည်း အချုပ်အခြာအာဏာပိုင်ဆိုင်မှု ဆက်လက်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ဘင်္ဂလားဒေ့ရှ်ရေတပ်ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ရေး၏ အရေးပါမှုကို မီးမောင်းထိုးပြသလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တရုတ်နိုင်ငံမှ Ming အတန်းအစား ရေငုပ်သင်္ဘောနှစ်စီး၊ Type 053H3 နှင့် Type 053H2 အမျိုးအစား ပဲ့ထိန်းဒုံးကျည်တင်ဖရီးဂိတ်စစ်ရေယာဉ်များကဲ့သို့သော အကြီးစားစစ်ရေယာဉ်ကြီးများနှင့် Type 056 အမျိုးအစား ပဲ့ထိန်းဒုံးကျည်တင် ကိုယ်ပျောက်ကော်ဗက်စစ်ရေယာဉ်များဝယ်ယူထားရှိသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်း၏ ရေတပ်ဖြန့်ကြက်မှုမြှင့်တင်ရန် အမေရိကန်နိုင်ငံက အနားပေးထားသော ရှက်သင်္ဘောငယ်များဝယ်ယူထားရှိသည်။ ၂၀၁၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်ရေတပ်၏ လေတပ်ဆွယ်ကို ဂျာမနီနိုင်ငံထုတ် Dornier 228 အမျိုးအစားပင်လယ်ရေကြောင်းကင်းလှည့်လေယာဉ် (MPA) လေးစင်းနှင့် အီတလီနိုင်ငံထုတ် Augusta Westland အမျိုးအစား ပင်လယ်ရေကြောင်းသုံး ရဟတ်ယာဉ် နှစ်စင်းတို့ဖြင့် ဖွဲ့စည်းထားရှိခဲ့သည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လေကြောင်းစွမ်းအားမြှင့်တင်ရေးကိုလည်း အလေးထားလုပ်ဆောင်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်လေတပ်သည် ရုရှားနိုင်ငံထုတ် Yak-130 နှင့် တရုတ်နိုင်ငံထုတ် K-8 ကဲ့သို့သော စတုတ္ထ မျိုးဆက်လေ့ကျင့်ရေးတိုက်လေယာဉ်များကိုလည်း လက်ခံရရှိထားသည်။ ခွင့်ပြုချက်လိုင်စင်ဖြင့် ထုတ်လုပ်ခဲ့သော F-7BG နှင့် F-7BGI ကြားဖြတ်တိုက်လေယာဉ်များကိုလည်း ဘင်္ဂလားဒေ့ရှ်လေတပ်၌ အသုံးပြုနေပြီဖြစ်သည်။ လေတပ်အနေဖြင့် လေကြောင်းရန်ကာကွယ်ရေးအတွက် FM-90 SHORAD SAMs များနှင့် ကုန်းမြေအခြေစိုက်ကြိုတင်သတိပေးစနစ်များအတွက် အီတလီနိုင်ငံထုတ် RAT-31IDL အမျိုးအစား အဆင့်မြင့် 3D စောင့်ကြည့်ရေးရေဒါတို့ကို ဝယ်ယူဖြည့်တင်းထားရှိပြီးဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စစ်လက်နက်ပစ္စည်းများအဆင့်မြှင့်တင်မှုအပြင် တပ်ဖွဲ့ဝင်များတိုးချဲ့မှုနှင့်အတူ အသစ်ဖွဲ့စည်းမှုများကိုလည်း ထူထောင်လျက်ရှိသည်။ ကြည်းတပ်သည် ၁၅ နှစ်အတွင်း Adhoc ကြည်းတပ်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့နှင့်အတူ အမှတ်(၇)၊ အမှတ်(၁၀)နှင့် အမှတ်(၁၇) ခြေမြန်တပ်မဌာနချုပ်သုံးခုတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် လေထီးကွန်မန်ဒိုတပ်ရင်းကို လေထီးကွန်မန်ဒိုတပ်မဟာအဖြစ် အဆင့်မြှင့်တင်ဖွဲ့စည်းခဲ့သည်။ ဘင်္ဂလားဒေ့ရှ်ရေတပ်သည် လေကြောင်းတပ်ဖွဲ့များကိုဖွဲ့စည်းခဲ့ပြီး ဘင်္ဂလားဒေ့ရှ်လေတပ်သည် ရွှေ့ပြောင်း SHORAD SAM တပ်ဖွဲ့များကို ဖွဲ့စည်းခဲ့သည်။

ဘင်္ဂလားဒေ့ရှ်တပ်မတော်သည် ဘင်္ဂလားဒေ့ရှ်စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ(BMTF)နှင့် ဘင်္ဂလားဒေ့ရှ် စစ်လက်နက်ပစ္စည်းစက်ရုံ(BOF)တို့ ထူထောင်ကာ ကာကွယ်ရေးစက်မှုလုပ်ငန်းတိုးချဲ့ရန်လည်း အလေးထားလုပ်ဆောင်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသည် လက်ရှိအချိန်တွင် Arunima ထရပ်ကားကဲ့သို့သော အပေါ့စားထရပ်ကားများ ထုတ်လုပ်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်စစ်လက်နက်ပစ္စည်းစက်ရုံသည် BD-08 ရိုင်ဖယ်များ၊ ရော့ကတ်များ၊ ဗုံးပစ်လောင်ချာများကဲ့သို့သော ပြည်တွင်းထုတ်အသေးစားစစ်လက်နက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည်။ အဆိုပါလက်နက်များကို ပြည်ပမိတ်ဖက်များနှင့် နည်းပညာလွှဲပြောင်းမှုသဘောတူညီမှုများမှတစ်ဆင့် ပြည်တွင်း၌ပင် အဓိကထားထုတ်လုပ်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်ရေတပ်၏ ကွပ်ကဲမှုအောက်ရှိ Khulna သင်္ဘောကျင်းသည် လက်နက်တပ်ဆင်ထားသည့် အသေးစားနှင့်အပေါ့စား ကမ်းလွန်ကင်းလှည့်ရေယာဉ်များ(OPVs)ကိုလည်း ပြည်တွင်း၌ပင် တည်ဆောက်လျက်ရှိသည်။ ၎င်းသင်္ဘောကျင်းသည် အနာဂတ်တွင် ပြည်တွင်းရေယာဉ်တည်ဆောက်မှုစွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် တရုတ် သို့မဟုတ် တူကီယဲတို့မှ နည်းပညာအထောက်အကူဖြင့် ဖရီးဂိတ်နှင့် ကော်ဗက်စစ်ရေယာဉ်များတည်ဆောက်သွားရန် ရည်မှန်းထားရှိသည်။

**Forces Goal 2030 ပြန်လည်အကောင်အထည်ဖော်မှုနှင့် အနာဂတ်မျှော်မှန်းချက်အလားအလာ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကြားဖြတ်အစိုးရသည် လက်ရှိအချိန်တွင် ပထဝီနိုင်ငံရေးဆိုင်ရာဖြစ်စဉ်များနှင့် ပြည်တွင်းပြဿနာအသစ်များကြား၌ လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် ဘင်္ဂလားဒေ့ရှ်ဆန့်ကျင်ရေးစိတ်ဓာတ် ကြီးထွားလာသောကြောင့် အိန္ဒိယနိုင်ငံနှင့်ဆက်ဆံရေးသည်လည်း တင်းမာလာလျက်ရှိသည်။ အိန္ဒိယနိုင်ငံရှိ အဆင့်မြင့်အရာရှိကြီးများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အခြေအနေကြောင့် စစ်ပွဲအတွက် တပ်ဖွဲ့ဝင်များအသင့်ပြင်ထားရန် တောင်းဆိုထားရှိသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့(BGB)နှင့် ဘင်္ဂလားဒေ့ရှ်ကမ်းခြေစောင့်တပ်ဖွဲ့များအတွက် ခေတ်မီအဆင့်မြှင့်တင်မှုအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် နယ်မြေကာကွယ်မှုဆိုင်ရာဒုတိယအလွှာကိုလည်း ပေါင်းစပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စစ်မက်ဖြစ်ပွားခြင်း သို့မဟုတ် ပဋိပက္ခဖြစ်ပွားခြင်းကဲ့သို့သော အမျိုးသားလုံခြုံရေးဆိုင်ရာများဖြစ်ပွားလာချိန်တွင် ၎င်းအဖွဲ့များသည် ကာကွယ်ရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်တွင် ရှိနေမည်ဖြစ်သည်။

**တရုတ်နှင့် တူကီယဲတို့အပေါ် မှီခိုအားထားခြင်း**

မကြာသေးမီနှစ်များအတွင်း တူကီယဲနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အဓိကလက်နက်တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်လာလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့်လည်း တူကီယဲနိုင်ငံထုတ်လက်နက်များကို ပိုမိုစိတ်ဝင်စားလာလျက်ရှိသည်။ အထူးသဖြင့် အနောက်နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စျေးနှုန်းချိုသာသော တူကီယဲလက်နက်များဝယ်ယူကာ ဘင်္ဂလားဒေ့ရှ်တပ်မတော်ကို NATO အဆင့်ရှိလက်နက်များဖြင့် ဖွဲ့စည်းတည်ဆောက်သွားလိုသောဆန္ဒရှိနေသည်။ ထို့ပြင် တူကီယဲအနေဖြင့်လည်း နည်းပညာလွှဲပြောင်းပေးခြင်းအားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပြည်တွင်း၌ပင် လက်နက်များထုတ်လုပ်နိုင်ရန် ကူညီပေးသွားလိုသောဆန္ဒရှိနေသည်။

တရုတ်နှင့် တူကီယဲ နှစ်နိုင်ငံစလုံးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းတိုးတက်လာစေရန် နည်းပညာများ တိုးမြှင့်လွှဲပြောင်းပေးလျက်ရှိသည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လက်နက်တင်သွင်းရာ၌ နိုင်ငံတစ်ခုတည်းအပေါ် မှီခိုနေရန်မလိုဘဲ ဟန်ချက်ထိန်းညှိဆောင်ရွက်လျက်ရှိသည်။ ၎င်းမူဝါဒသည် ဘက်မလိုက်ခြင်းနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဆိုသည့် ပထဝီနိုင်ငံရေးဆိုင်ရာဟန်ချက်ထိန်းညှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် ကိုက်ညီလျက်ရှိသည်။

လက်ရှိအချိန်တွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ မိုဟာမက်ယူနွတ်စ် ဦးဆောင်သော ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရအဖွဲ့သည် Forces Goal 2030 ကို ဆက်လက်အကောင်အထည်ဖော်သွားရတော့မည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကာကွယ်ရေးစွမ်းဆောင်ရည်များမြှင့်တင်နိုင်ခြင်း၊ ခေတ်မီတပ်မတော်၏ လိုအပ်ချက်များဖြည့်ဆည်းနိုင်ခြင်း၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သောခြိမ်းခြောက်မှုများကို ထိရောက်စွာဟန့်တားနိုင်ခြင်း စသည့်အားသာချက်များရရှိစေမည်ဖြစ်သည်။ ထိုစွမ်းဆောင်ရည်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ပြည်တွင်းနိုင်ငံရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာတည်ငြိမ်မှုတို့ ဆက်လက်ထိန်းသိမ်းနိုင်ရန် များစွာအရေးပါလျက်ရှိပေသည်။

**ကိုးကား**


- **Revisiting ‘Forces Goal 2030’: Bang-ladesh’s Military Modernization Plan Under the New Government by The Diplomat.**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှား၏လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်က လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို တန်ပြန်တိုက်ခိုက်နိုင်စွမ်းရှိ



ရုရှားနိုင်ငံ၏ Buk-M3 Viking လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များ၊ တိကျပဲ့ထိန်းလက်နက်များ၊ ရဟတ်ယာဉ်များ၊ F-35/F-22 အဆင့်မြင့် ကိုယ်ပျောက်တိုက်လေယာဉ်များ စသည့်လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို တန်ပြန်တိုက်ခိုက်နိုင်စွမ်းရှိကြောင်း ရုရှားကာကွယ်ရေးကုမ္ပဏီ Rosoboronexport က ထုတ်ပြန်ခဲ့သည်ဟု Army Recognition သတင်းဌာနက ဒီဇင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Buk-M3 Viking စနစ်သည် ရုရှားနိုင်ငံ၏လေကြောင်းရန်ကာကွယ်ရေးစစ်လက်နက်နည်းပညာတွင် သိသာထင်ရှားသောတိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ဖြစ်ပြီး အကွာအဝေးနှင့် အမြင့်အမျိုးမျိုးမှ ပျံသန်းဝင်ရောက်လာနိုင်သည့် ခေတ်မီလေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်နိုင်စွမ်းရှိကြောင်း ဖော်ညွှန်းပြသနေခြင်းဖြစ်သည်။

Buk-M3 Viking လက်နက်စနစ်၏ ထင်ရှားသောအင်္ဂါရပ်များထဲမှ တစ်ခုမှာ ဝေဟင်ခြိမ်းခြောက်မှုအမျိုးမျိုးကို ပစ်မှတ်ထား ကြားဖြတ်တိုက်ခိုက်နိုင်စေမည့် အကွာအဝေးစွမ်းရည်ပင် ဖြစ်သည်။ အဆိုပါစနစ်သည် လေကြောင်းပစ်မှတ်များကို အကွာအဝေး ၆၅ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ အဆင့်မြှင့်တင်ထားသော အကွာအဝေးစွမ်းဆောင်ရည်သည်ပုံသေအခြေစိုက်နေရာများ၊ ယာဉ်တင် (ရွေ့လျား) တန်ဖိုးမြင့်မားသော စစ်ရေးစွမ်းအားစုများကို လွှမ်းခြုံကာကွယ်ထားနိုင်ပြီး အလွှာစုံကာကွယ်ရေးစွမ်းရည်များ ပိုင်ဆိုင်ထားကြောင်း သိရသည်။ ထို့ပြင် Buk-M3 Viking စနစ်သည် အကွာအဝေး ကီလိုမီတာ ၅၀ ထိ နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်သည့်အတွက် အရေးကြီးအခြေခံအဆောက်အအုံ သို့မဟုတ် စစ်ရေးပစ်မှတ်များကို ပစ်မှတ်ထားတိုက်ခိုက်လာနိုင်သည့် တာတိုပစ်ပဲ့ထိန်းဒုံးကျည် ခြိမ်းခြောက်မှုများရန်မှ ကာကွယ်နိုင်စွမ်းရှိကြောင်း သိရသည်။

Buk-M3 Vikingသည် ခရုဇ်ဒုံးကျည်များ၊ ဒရုန်းများ၊ ရဟတ်ယာဉ်များကဲ့သို့ အနိမ့်ပျံပစ်မှတ်များကို ၁၀ မီတာမှ အမြင့် ၂၅ ကီလိုမီတာထိ အမြင့်အမျိုးမျိုးမှ ဝင်ရောက်တိုက်ခိုက်လာနိုင်သည့် ပစ်မှတ်အမျိုးမျိုးကို တုံ့ပြန်ချေမှုန်းနိုင်မည်ဖြစ်သည်။ ထိုအချက်သည် အနိမ့်ပျံ၊ အမြင့်ပျံ၊ အမြန်သွား၊ အနှေးသွား ပစ်မှတ်မျိုးစုံရန်မှ ကာကွယ်ပေးနိုင်စွမ်း ပိုင်ဆိုင်ထားခြင်းဖြစ်သည်။ ထိုသို့ အမြင့်နှင့် အကွာအဝေးစုံ၊ ပစ်မှတ်မျိုးစုံကို ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းကြောင့် ဘက်စုံလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ဖြစ်ကြောင်း သိရသည်။

Buk-M3 Viking တွင် ပစ်မှတ် ၃၆ ခုထိတစ်ပြိုင်နက်ခြေရာခံနိုင်ပြီး သက်ဆိုင်ရာပစ်မှတ်များဆီသို့ ဒုံးကျည် ၁၂ စင်းထိ လမ်းညွှန်ထိန်းကျောင်း၊ တိုက်ပွဲဝင်နိုင်သည့် အဆင့်မြင့် ဘက်စုံသုံးရေဒါစနစ် တပ်ဆင်အသုံးပြုထားသည်။ တစ်ကြိမ်တိုက်ပွဲဝင်ရုံဖြင့် ပစ်မှတ်အများအပြားပစ်ချနိုင်ခြင်း၊ လေကြောင်းမှ အပြင်းအထန် တိုက်ခိုက်ခံရချိန်မျိုးတွင် ထိရောက်စွာ တုံ့ပြန်ချေမှုန်းနိုင်ခြင်းများ လုပ်ဆောင်နိုင်သည်။ အဆိုပါ လက်နက်စနစ်တွင် အသုံးပြုထားသော ရေဒါစနစ်သည် သမားရိုးကျရေဒါများဖြင့် ထောက်လှမ်းခြင်းမခံရနိုင်စေရန် ဒီဇိုင်းထုတ်ထားသည့် F-35 ကဲ့သို့သော အဆင့်မြင့်ကိုယ်ပျောက်တိုက်လေယာဉ်များကိုပင် ခြေရာခံထောက်လှမ်းနိုင်စွမ်းရှိကြောင်းသိရသည်။

Buk-M3 Viking သည် ရုရှားတပ်မတော်၏ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်တွင် အဆင်ပြေစွာပေါင်းစည်းအသုံးပြုနိုင်ပြီး S-400 နှင့် S-500 ကဲ့သို့သော အခြားလေကြောင်းနှင့်ဒုံးကျည်ကာကွယ်ရေးစနစ်များနှင့်အတူ ပေါင်းစည်းတိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ၎င်း၏ ကွပ်ကဲထိန်းချုပ်မှုစနစ်များသည် Buk-M3 Viking လက်နက်စနစ်ကို ပိုမိုကြီးမားကျယ်ပြန့်သောပေါင်းစည်း လေကြောင်းရန်ကာကွယ်ရေး ကွန်ရက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်နိုင်စွမ်းရှိကာ အဆင့်မြင့်ကာကွယ်ရေးပလက်ဖောင်းများနှင့် အချိန်နှင့်တစ်ပြေးညီ ဒေတာ အချက်အလက်များဖလှယ် ပေးပို့လက်ခံနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Buk-M3 Viking လက်နက်စနစ်သည် စစ်မြေပြင် လေကြောင်းခြိမ်းခြောက်မှုများကိုတန်ပြန်ရန်၊ လေကြောင်းသာလွန်မှုစွမ်းအားများကို ထိန်းသိမ်းထားနိုင်ရန် မဟာဗျူဟာမြောက် အရေးပါသော လေကြောင်းရန် ကာကွယ်ရေးစွမ်းအားပင်ဖြစ်ကြောင်း သိရသည်။

**Focus: Russian Buk-M3 air defense missile system able to Intercept US F-35 and F-22 Stealth Fighters ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက ဒိန်းမတ်ထံမှပေးပို့သော F-16 တိုက်လေယာဉ်များ ဒုတိယအသုတ်လက်ခံရရှိခဲ့

ယူကရိန်းနိုင်ငံသည် ဒိန်းမတ်နိုင်ငံမှ အမေရိကန်ထုတ် F-16 တိုက်လေယာဉ် ဒုတိယအသုတ် လက်ခံရရှိခဲ့ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ထုတ်ပြန်ကြေညာခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဒီဇင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ တိုက်လေယာဉ်များသည် ရုရှား လေကြောင်းတိုက်ခိုက်မှုများမှ ယူကရိန်းနိုင်ငံကို ကာကွယ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဇီလန်စကီးက အခိုင်အမာ ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတက ၎င်းတို့အနေဖြင့် အဆင့်မြင့် F-16 တိုက်လေယာဉ် အရေအတွက် မည်မျှလက်ခံရရှိခဲ့သည်၊ မည်သည့်နေရာတွင် တပ်ဖြန့်ချထားသည် စသည်တို့ကိုမူ ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘဲ ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ယခုကဲ့သို့ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းလည်းဖြစ်သည်။ သို့သော်လည်း ဒိန်းမတ်ထံမှ ရရှိထားသော ပထမအသုတ်မှ F-16 တိုက်လေယာဉ်များသည် ရုရှားတို့၏ ဒုံးကျည်များကို ကြားဖြတ်ဟန့်တားပစ်ချနိုင်ခဲ့ကြောင်း သက်သေပြနိုင်ခဲ့ပြီးဖြစ်သည်ဟု ဇီလန်စကီးက ထည့်သွင်းပြောကြားခဲ့သည်။

"အခုချိန်မှာ ကျွန်တော်တို့ရဲ့လေကာတံတိုင်းကြီးက ပိုမိုခိုင်ခံ့လာပါပြီ။ အခုလို စဉ်ဆက်မပြတ် ပံ့ပိုးကူညီပေးနေမှုတွေအတွက် ဒိန်းမတ်ဝန်ကြီးချုပ် Mette Frederiksen ကို ကျေးဇူးတင်ရှိပါတယ်" ဟု ဇီလန်စကီးက ၎င်း၏ X လူမှုကွန်ရက်မီဒီယာတွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းလေသူရဲများကို လေ့ကျင့်သင်ကြားရာတွင် အနောက်နိုင်ငံအများအပြားက ကူညီပေးခဲ့ကြပြီး ၂၀၂၃ ခုနှစ် နွေရာသီတွင် ယူကရိန်းနိုင်ငံကို F-16 တိုက်လေယာဉ်များပံ့ပိုးပေးရန် အမေရိကန်နိုင်ငံက NATO မဟာမိတ်နိုင်ငံများကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ အနောက်အုပ်စု သတင်းမီဒီယာများ၏ ဖော်ပြထားချက်များအရ ယူကရိန်းနိုင်ငံသည် F-16 တိုက်လေယာဉ် အစင်း ၈၀ ခန့် လက်ခံရရှိဖွယ်ရှိနေပြီး ဒိန်းမတ်နိုင်ငံသည် စုစုပေါင်း လေယာဉ် ၁၉ စင်း ပံ့ပိုးပေးမည်ဟု ကတိပေးထားသည်။

ဒိန်းမတ်နိုင်ငံမှ F-16 တိုက်လေယာဉ်များကို ပထမအသုတ်အနေဖြင့် ၂၀၂၄ ခုနှစ်ဩဂုတ်လအတွင်းက လည်းကောင်း၊ ဒုတိယအသုတ်ကို ဒီဇင်ဘာ ၇ ရက်က လည်းကောင်း ယူကရိန်းသို့ ရောက်ရှိလာခဲ့ကြောင်း ဇီလန်စကီးက ပြောကြားခဲ့သည်။



F-16 တိုက်လေယာဉ်များသည် အမျိုးအစားတူ ရုရှားထုတ် တိုက်လေယာဉ်များနှင့် နှိုင်းယှဉ်လျှင် လေကြောင်းစိုးမိုးနိုင်မှုတွင် ပြတ်ပြတ်သားသား အသာစီးရနိုင်ခြင်းမရှိသောကြောင့် စစ်မြေပြင်တွင် အလှည့်အပြောင်းဖြစ်စေမည့် Game Changer လက်နက်စွမ်းအားမျိုး ဖြစ်လာမည်မဟုတ်ကြောင်း အနောက်အုပ်စုမီဒီယာများက သတိပေး ပြောကြားထားသည်။ ရုရှားနိုင်ငံသည် အနောက်နိုင်ငံများ၏ စစ်လက်နက်များ တင်ပို့ရောင်းချမှု၊ ပံ့ပိုးပေးအပ်နေမှုများကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့ပြီး ယူကရိန်းအထူးစစ်ဆင်ရေး၏ ရလဒ်များအပေါ် ပြောင်းလဲပစ်နိုင်မည်မဟုတ်ဘဲ ပဋိပက္ခကိုသာ ပိုမိုရှည်ကြာစေမည့် လုပ်ဆောင်ချက်များဖြစ်ကြောင်း သတိပေးထားပြီးဖြစ်သည်။ F-16 တိုက်လေယာဉ်များ ပံ့ပိုးနေမှုသည်လည်း ပဋိပက္ခ၏တင်းမာမှုများ ပိုမိုတိုးမြင့်လာစေမည်သာဖြစ်သည်ဟု ရုရှားနိုင်ငံက သတိပေးပြောကြားထားကြောင်း သိရသည်။

**More F-16s delivered to Ukraine – Kiev ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets delegation led by Head of Kalmykia, Russian Federation



**Senior General Min Aung Hlaing receives H.E. Mr. Batu Khasikov, Head of Kalmykia, Russian Federation.**

**Nay Pyi Taw December 10**

Senior General Min Aung Hlaing, Chairman of the State Administration Council Prime Minister, received a delegation led by H.E. Mr. Batu Khasikov, Head of Kalmykia, Russian Federation, this morning at the Credential Hall of the Chairman's Office in Nay Pyi Taw.

The meeting was attended by Senior General Min Aung Hlaing along with Joint Secretary of the Council General Yew Win Oo, Union Ministers U Tin Oo Lwin and U Min Naung; and Deputy Ministers. The Russian delegation included H.E. Mr. Iskander Azizov, Ambassador of Russia to Myanmar, and other representatives.

During the meeting, discussions focused on strengthening the friendly relations and cooperation between Myanmar and the Russian Federation, as well as enhancing collaboration between Myanmar and the Republic of Kalmykia. The parties discussed key issues, such as the upcoming International Buddhist Forum to be held in Kalmykia in 2025, Myanmar support for the event, and opportunities to foster trust-based and economic cooperation to promote tourism between Myanmar and Kalmykia. Other areas of discussion included mutual cooperation in the fields of education, agriculture, and livestock development, as well as the potential for exchange visits between responsible officials from both sides to further enhance collaboration. Both sides exchanged views openly and constructively on these topics.

At the conclusion of the meeting, Senior General Min Aung Hlaing and H.E. Mr. Batu Khasikov exchanged commemorative gifts and posed for a group photograph. 100



**Senior General Min Aung Hlaing shakes hands with H.E. Mr. Batu Khasikov.**

# Businesspersons send 550,000 pieces of dragon fruits to Yangon market in November

**Yekyi December 10**

Local farmers and businesspersons from Yekyi Township of Ayeyawady Region shipped 550,000 pieces of dragon fruits to Yangon market in November 2024, said Daw Cherry, the owner of fruit wholesale centre in Yekyi Township.

They sent 450,000 pieces of dragon fruits in October, compared to 550,000 pieces of fruits in November. Local farmers grow dragon fruit plants in organic techniques.

Daw Cherry disclosed: "Farmers and traders dispatched a large number of dragon fruits to Yangon market in November. The fruits from Yekyi Township are quality, attracting customers and consumers. Now, the fruits can be plucked at the farms in Yekyi Township. So, farmers send their fruits to Yangon market."

Dragon fruit fetches K1,000 to K2,200 at the domestic market, depending on sizes and quality. Thanks to high demand of the fruit from Yangon market, those in production chain can earn increased incomes for their families.

Kyaw Kyaw Lin

# Israel's Netanyahu testifies in high-profile corruption trial

**Jerusalem December 10**

Israeli Prime Minister Benjamin Netanyahu testified for the first time on Tuesday in his long-running corruption trial, marking a pivotal moment in the case as he manages a war in Gaza and faces an international arrest warrant for alleged war crimes.

Netanyahu faces charges of bribery, fraud, and breach of trust. According to an indictment filed more than five years ago, he is accused of advancing favorable regulations for a telecommunications mogul in exchange for positive media coverage of himself and his family. He is also alleged to have accepted luxury gifts, including cigars and champagne worth tens of thousands of dollars, from a billionaire Hollywood producer in return for assistance with personal matters.

Netanyahu arrived at the Tel Aviv courthouse around 10:00 a.m., where he was met by a mixed crowd of protesters and supporters. Some expressed support, while others urged him to intensify efforts to secure the release of approximately 100 hostages still held in Gaza. Coalition ministers and lawmakers, responding to a call from Netanyahu's office the previous night, also attended to show support.

Xinhua

# S. Korean parliament OKs resolution calling for President Yoon's immediate arrest

**Seoul December 10**

South Korea's National Assembly Tuesday passed a bill to appoint a permanent special counsel to investigate insurrection charges against President Yoon Suk-yeol, as well as a resolution calling for Yoon's immediate arrest over his botched martial law declaration.

The bill, which was finally approved in a 210-63 vote with 14 abstentions, calls for an investigation into the embattled president, former Defense Minister Kim Yong-hyun, Army Chief of Staff Park An-su, who had been named to lead the martial law command, and other officials involved in imposing martial law on Dec. 3.

Lawmakers of the ruling People Power Party also cast their vote. Earlier, the party decided not to choose whether to vote for or reject the bill.

The list of those subject to the independent counsel investigation also includes Prime Minister Han Duck-soo, Counterintelligence Commander Yeo In-hyung and Choo Kyung-ho, former floor leader of the ruling People Power Party.

Unlike a regular special counsel probe, the president cannot exercise the right to veto a bill over a permanent special counsel. The president, however, can delay the appointment of the counsel.

Xinhua

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech at the ceremony to mark 76th Anniversary of International Human Rights Day


Senior General Min Aung Hlaing delivers a speech at the ceremony to mark the 76th Anniversary of International Human Rights Day.

**Nay Pyi Taw December 10**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech at the ceremony to mark the 76th Anniversary of International Human Rights Day at the Myanmar International Convention Centre I in Nay Pyi Taw this morning.

Also present at the ceremony were Council Joint Secretary General Ye Win Oo, council members, union-level dignitaries, Union ministers, the Nay Pyi Taw Council Chairman, senior Tatmadaw officers, the commander of Nay Pyi Taw Command, deputy ministers, officials of Myanmar National Human Rights Commission, civil society organizations, guests and students.

In his speech, the Senior General said that the 10th December is a day when the Universal Declaration of Human Rights issued by the UN General Assembly and it turns 76 years. Now, the International Human Rights Day turns 76 years.

Myanmar voted for the Universal Declaration of Human Rights to seek approval on 10 December 1948 when Myanmar has regained independence. Such a declaration had been schemed since 1946 and two years later, the declaration was released on 10 December 1948.

Myanmar supported the declaration and mentioned its constitution with the fundamental rights and duties of citizens. It can be seen that important human rights norms were inserted into the declaration. The national anthem of Myanmar shows norms of human rights such as justice, liberty and equality. These show the evidences for recognizing the declaration.

People need to follow and enjoy human rights among them to develop a country. So, the government joined the international human rights treaties and participate in the Universal Periodic Review-UPR.

Moreover, the Myanmar National Human Rights Commission Law was enacted in 2014 to further promote protection of the human rights of Myanmar citizens and the commission was established. The commission is implementing missions and visions in order to emerge a society for enhancement of human rights and protection.

The government is striving for national people residing in Myanmar to have equal term of rights and ensure national unity. In this regard, utmost efforts are being made to restore internal peace as the actual essence of the State. Likewise, emphasis is being placed on successfully holding a free and fair multiparty democratic general election in order to emerge a Union based on democracy and federalism the entire people aspire to.

As the multiparty democratic path the entire people aspire to will be implemented in the future without fail, a free and fair multiparty democratic general election will be held. To do so, efforts will be made for ensuring peace and stability, rule of law and security measures.

Attempts to deteriorate peace and stability in the country can be defined as destroying liberty and human rights of the entire national people. Armed terrorism violate human rights of ethnic people. Hence, all entire people are urged to fight against destructive acts through unity in order to enjoy equal rights and peace and stability.

The theme for the 76th Anniversary of the International Human Rights Day 2024 is Our rights, Our Future and Right Now. By abiding by human rights under disciplines, it is necessary to shape a better future. Nowadays, the globe faces various difficulties including instability and conflicts. Systematic compliance to the human rights will support to be able to overcome these challenges and to build a peaceful and prosperous society with rule of law. Inequality and discrimination are different from human rights norms.

It is necessary to rebut and remove hate speech, fake news and fabricated news which can harm peace and stability as well as rule of law while initiating correct and fair and systematic rights. If so, human rights will be a basic strength for the world with peace and equality.

The government will implement five-point Roadmap and nine objectives for emergence of a peaceful, modern, developed, disciplined, democratic country. Entire people have to join hands with the government for shaping a peaceful, socioeconomic developed country with high human rights norms.

Chairman of Myanmar National Human Rights Commission U Paw Lwin Sein reported on work progress of the commission while Vice Chair Dr Nanda Hmun read the message of the UN Secretary-General.

The Senior General and dignitaries watched a video clip on the 76th Anniversary of International Human Rights Day.

The Senior General accepted a commemorative medal to mark the human rights day presented by the commission chairman.

Artistes from the Fine Arts Department under the Ministry of Religious Affairs and Culture presented a song of the human rights commission with performances.


Senior General Min Aung Hlaing views publications on human rights promotion.

The Senior General and dignitaries viewed round the documentary photos on enhancement of human rights and awareness campaign of the commission.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar Press Council holds affirmation ceremony; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address



Senior General Min Aung Hlaing addresses the Affirmation ceremony of the members of Myanmar Press Council.

**Nay Pyi Taw December 10**

Affirmation ceremony of the members of Myanmar Press Council was held at Thabin Hall of State Administration Council Chairman's Office, here this afternoon, address by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing

Also present were SAC Secretary General Aung Lin Dway, Joint SAC Secretary General Ye Win Oo, SAC members, union level officials, union ministers, the Nay Pyi Taw Council chair, deputy ministers, officials, Chair of MPC Dr Tin Tun Oo, vice chairs, members, the secretary and the joint secretary.

First, the chair of MPC, vice chairs, members, the secretary and the joint secretary took the oath in the presence of the Senior General.

In his address, the Senior General said in all seriousness, the media sector is regarded as the State's fourth estate. So, serious attention is paid to the media sector and enthusiastic efforts are being made for the progress of the media world.

The country is on the way towards correctly exercising democracy and building a Union based on democracy and federalism. A democratic society can exercise the freedom of expression in accord with the law. So also, good governance and progress are essential. There must be a balance and harmony between all those needs.

The State Constitution states that every citizen has the right to freely express or publish their beliefs and opinions, if they are not against the security of the State, the rule of law, community peace or against the laws enacted for the sake of people's ethics. Hence, freedom has limits. The expression should not be against the existing laws and should not be a slander against the freedom and rights of a person, organization, or the State. There is the freedom and rights on one side and the responsibility, obligation and morals on the other side and there must be a balance between the two.

The media sector plays a vital role in striking a balance between the two. It is common knowledge that politically and economically powerful groups are using and raising the media as their tool to interfere in and manipulate the developing countries that are in their initial stage of democracy transition. They are exporting news reports according to their wish through such media, while ignoring the attitudes, aspirations and grievances of the people. The worst is that the powers are even applying various kinds of plots and means to cause instability, escalate conflicts and commotions in the developing countries till they collapse.

Especially, common knowledge of democracy among the people is "Acceptance of diversity." Media persons must exercise the culture of understanding and accepting different opinions, thoughts and professions and recognizing with respect their mutual co-existence.

The country has passed through various systems throughout the years after it regained independence, and various kinds of pressures have created gaps in intellectual knowledge, education and technical knowledge among the people. Tatmadaw is shouldering multiple duties of the State at present due to the national requirement. Unethical media under alien influence are indoctrinating the people, who have passed through different eras, with fake news, misinformation, hate speech in pushing them towards accepting wrong opinions and ideas.

I acknowledge that journalists, as human beings, naturally have individual preferences and subjective perspectives. However, I strongly urge them to approach their work with impartiality, setting aside personal interests and opinions, particularly when reporting on national and public affairs.

Furthermore, I would like to inform you that holding onto prejudice and failing to approach matters objectively, focusing solely on personal beliefs, ignoring differing viewpoints, and promoting hate speech may lead to being perceived as a journalist lacking integrity.

If we examine the primary duties of the Council as outlined in the Press and Media Law, they include enhancing the quality of the press through monitoring, coordinating with relevant departments to facilitate the import of press and media equipment, organizing workshops and seminars, collaborating with press organizations to present awards to outstanding journalists, and developing and implementing plans to advance the press and media industry.

I am pleased and proud to see that the previous Council made great efforts to fulfill these responsibilities. I am confident that the current Council will also successfully carry out these duties. I urge them to continue their work with success. Additionally, I would like to announce that we have begun the construction of a large "Sarso Beikman" building to honor distinguished literary scholars. This building will proudly showcase their literary works, biographies, and artistic creations, as well as facilitate activities aimed at the development of literature.

If we consider the term "journalist," then our national leader, General Aung San, must also be recognized as a journalist. Through his role as editor of Oway Magazine, he was able to inspire the national spirit across the country in opposition to British colonialism. Similarly, during and after the country's struggle for independence, many distinguished literary scholars used their work to promote nationalism and union spirit, helping to preserve and strengthen the nation's sovereignty. Therefore, I would like to express my deepest respect and honor to all the great journalists who have served our nation throughout history.

We observe that Myanmar Writers' Association and Myanmar Motion Picture Organisation periodically provide support to senior literary scholars and artists. Similarly, I urge you to explore ways to offer necessary support to retired journalists across Myanmar and ensure that their experience, knowledge, and insights are passed on to both the state and the new generation of journalists.

It is said that journalism is like a river, flowing with many branches. The artistic creations rooted in literature, human life, socio-economic development, societal organization, and the history of politics, economics, and culture are intertwined, spreading out like the branches of a river.

Therefore, every journalist or media professional must contribute positively to the world and bring benefits to society. They should reflect the social lives of all communities impartially and preserve the cultural characteristics of their people and country to ensure they are not lost.

The scope of media work is so vast that it cannot be defined in a specific way. However, it must be guided by the wisdom and reasoning of those involved in the media.

Our country is a developing nation that has recently transitioned to democracy. Some powerful countries are attempting to influence our nation by criticizing our human rights and democratic standards. However, we are not solely focused on democratic standards that may not align with our country. Instead, we are confidently moving forward toward our goals, guided by the country's actual situation, socio-economic development, the lessons learned from our historical experiences, and the provisions of the Constitution.

In this context, the news media, as the fourth estate of the country, must report and broadcast both truth and falsehood, good and evil, impartially and fairly. It should operate without restraint, free from being manipulated by any individual or organization. The media must uphold ethical standards, prioritize the interests of the country and its people, and contribute to the media landscape in a free, independent, and impartial manner. Furthermore, I urge everyone to oppose and prevent the spread of propaganda that is fueling unrest and instability in the country.

Then, the Senior General along with the members of the SAC posed for a group photo with the members of the Myanmar Press Council.

Later, it was reported that the Senior General warmly greeted the members of the Council and hosted a tea reception for them.

100

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivers address at Work Coordination Meeting of Illegal Trade Eradication Steering Committee (5/2024)



Vice-Senior General Soe Win delivers an address at the Work Coordination Meeting of Illegal Trade Eradication Steering Committee (5/2024).

**Nay Pyi Taw December 10**

Work Coordination Meeting of the Illegal Trade Eradication Steering Committee (5/2024) was held at the conference hall of the Ministry of Commerce in Nay Pyi Taw this afternoon and Chairman of the steering committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the meeting.

Also present at the meeting were Union Minister U Tun Ohn, the chairman of the Revenue Appellate Tribunal, members of Nay Pyi Taw Council, permanent secretaries, director generals, chairmen of organizations and associations and officials while chairman of state and region illegal trade eradication committees joined the meeting via video conferencing.

First, the Vice-Senior General delivered an address, saying a total of 17 meetings have so far been held since the formation of the steering committee and 560 decisions have been made at the previous 16 meetings. Decisions to be implemented immediately and consistently have been carried out. As consumers and domestic entrepreneurs suffer significant losses due to illegal trade, it is necessary to effectively prevent and take action against illegal trade. Moreover, the country loses significant revenues and incurs costs to combat illegal trade. In the domestic manufacturing sector, products manufactured by local entrepreneurs do not meet their standards due to illegally smuggled sub-standard cheap raw materials and not only harm local consumers but also lose export market shares in the international market.

Cheaply smuggled fake sub-standard raw materials result in sub-standard finished products in the local market, causing losses. It can be seen that illegal trade conducted through various ways and means not only hampers economic development of the country severely but also leads to losses of revenues necessary for development of the country such as commercial taxes, income taxes and special commodity taxes, forcing GDP to decline. Illegal trade can also decrease the earnings of the country and cause inflation as incomes fail to cover expenditures. Therefore, the eradication of illegal trade is important and it is necessary for the steering committee, special committees to continue to take action against illegal trade as they are organizations mainly contributing to the interests of the country.

It can be seen that negative consequences of illegal trade affect human resources of the country due to accepting bribes and losing capabilities, integrity, moral and morale of government employees. Therefore, it is necessary to take more effective action against illegal trade, which is mainly hindering the economic development of the country, to accelerate the economic driving force of the country.

Combat against illegal trade must be launched thoroughly and measures must be taken effectively to boost exports, domestic production and trade on the other hand.

All governments in all countries have their own tenures and adopt policies for political, economic and social tasks. The SAC government has also adopted political, economic and social policies and ministries, state and region governments, organizations and entrepreneurs are required to explore available ways and means to achieve success in respective areas and respective sectors without delays caused by failure to consider how to overcome limits and difficulties in implementing economic policies adopted by the government.

As the country is an agricultural one, it exported US$ 14.641 billion worth of goods in the 2023-2024 fiscal year and It can be seen that it mainly exported rice, broken rice, corn, black gram, green gram, pigeon pea, sesame, onions, raw rubber, fishery products and minerals. As of November in the 2024-2025 fiscal year, the country exported goods worth US$ 9.825 billion. Therefore, relevant departments are required to take measures to provide inputs and quality raw materials for animal feeds in a timely manner to effectively carry out agriculture and livestock breeding tasks in the current 2024-2025 fiscal year in order to boost exports.

A total of 560 decisions were made until the 16th meetings of the steering committee and during the two years and 11 months period from January, 2022 to November, 2024, illegal goods worth about MMK 379.247 billion in 17,258 cases

In September, October and November in 2024, Customs Department made the highest number arrests and seizures. In terms of arrests and seizures in states and regions including Nay Pyi Taw Council, Mandalay region made the highest number of arrests and seizures , followed by Kayin state and Kachin state in the second and third places. In terms of commodity categories seized, raw materials made up the largest volume while unlicenced vehicles and vehicles that transported illegal goods made up the second largest volume and investment materials made up the third largest volume.

In 2024, although monthly seizures of illegal goods improved progressively, a review of export and import records between our county and its neighboring trading partners revealed significant discrepancies. Therefore, it is evident that the steering committee, special task forces, and relevant authorities responsible for combating illegal trade must intensify their efforts and aim to increase the effectiveness of seizures by approximately fourfold.

Regarding exports, the Prime Minister instructed a doubling of exports. To achieve this, MSMEs and associated domestic producers are urged to increase production. However, illicit trade significantly hinders these businesses from producing quality goods that can compete in the market, leading to potential losses. Additionally, reliable information is critical in combating illegal trade. During September, October, and November 2024, 204 reports were received, of which 79 were false, 4 were delayed, and 121 were accurate. These reports led to 242 cases with a total seizure value exceeding 5 billion kyats. Efforts must be made to encourage greater public participation in reporting illegal activities.

Myanmar has already enacted laws on trademarks, industrial designs, copyrights, patents, and related agency regulations. MSME operators are urged to secure intellectual property rights for their products. Relevant agencies must also ensure that application processes are streamlined and completed within designated timelines while taking effective legal action against violators.

Furthermore, issues surrounding intellectual property rights are not only complex but also give rise to transnational crimes. According to findings by the OECD and WIPO, counterfeit goods trade is estimated at 509 billion USD annually, accounting for 3% of global trade. The trade of counterfeit and smuggled goods is lucrative and poses low risks, attracting more participants.

To promote export growth, ensure long-term sustainability for MSMEs, protect consumers, and prevent tax revenue losses, effective measures against illegal trade must be implemented. Relevant departments and agencies must act transparently and free from corruption. Additionally, collaboration from the public and private sectors is essential to eliminate activities detrimental to the nation and its people.

Following this, Committee Secretary Deputy Minister for Commerce U Min Min explained the decisions made during the Leading Committee Meeting (4/2024) on Combating Illegal Trade and outlined completed activities.

The steering committee office's task force leader Director General U Aung Thwin Oo, Director General of the Central Equipment Registration and Inspection Department U Han Win Aung, Director General of the Customs Department U Thein Swe, Director General of the Trade Department U Myint Thura, and the Deputy Director General of the Food and Drug Administration Department read out the messages sent to the meeting.

Steering committee members Union Minister U Tun Ohn, Deputy Ministers, Nay Pyi Taw Council members, regional and state-level task force leaders, and other officials discussed findings related to illegal trade, seizures of narcotics, controlled chemicals, illegal timber, vehicles, fuel, food, pharmaceuticals, and cosmetic products. They also addressed enforcement measures, prevention strategies, comparisons of export and import activities and trade flows through trade camps.

The meeting concluded with the Vice-Senior General synthesizing the discussions and providing closing remarks before the meeting came to a close. 100






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက လူ့အခွင့်အရေးကော်မရှင်သီချင်းဖြင့် သရုပ်ဖော်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

ရှေ့ဖုံးမှအဆက်

လွှတ်လပ်ရေးရပြီး ယင်းနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံက အတည်ပြုထုတ်ပြန်ခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights)ကို အတည်ပြုနိုင်ရေး မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့ကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၆ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ကြပြီး နှစ်နှစ်အကြာ ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်၌ အတည်ပြုထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ထောက်ခံအတည်ပြုခဲ့ရုံသာမက နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံသူ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ထည့်သွင်းဖော်ပြထားအသိအမှတ်ပြု အလေးထားသော ထင်ရှားသည့်ဝိသေသလက္ခဏာများဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းသားပြည်သူများအကြား လူ့အခွင့်အရေးများကို ရရှိခံစားစေသင့်ထိန်းလိုက်နာကြရန် လိုအပ်ကြောင်း၊ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ထားပြီး နိုင်ငံအဆင့်အစီရင်ခံစာများတင်သွင်းခြင်းနှင့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (Universal Periodic Review – UPR)တို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံသားများ၏လူ့အခွင့်အရေး ပိုမိုမြှင့်တင် ကာကွယ်စောင့်ရှောက်နိုင်ရေး အတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်

**ယနေ့ခေတ် ကမ္ဘာကြီးတွင် မငြိမ်သက်မှုနှင့် ပဋိပက္ခများအပါအဝင် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်နေကြရ၊ ယင်းအခက်အခဲများကို ကျော်လွှားလွန်မြောက်ရန်နှင့် ငြိမ်းချမ်းသာယာဝပြောပြီး တရားဥပဒေစိုးမိုးသည့် လောကတည်ဆောက်ရန်အတွက် စည်းကမ်းစနစ်ကျနမှုရှိသည့် လူ့အခွင့်အရေးလိုက်နာဆောင်ရွက်မှုများက ပံ့ပိုးဖော်ဆောင်ပေးနိုင်မည်ဖြစ်. . .**

နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ဒီမိုကရေစီလမ်းကြောင်းကို မလွဲမသွေ ရှေ့ဆက် လျှောက်လှမ်းရမည်ဖြစ်သည့်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေအောင်မြင်စွာကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးလိုအပ်မည့် တည်ငြိမ်အေးချမ်းရေး၊ အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ချိုးဖောက်နေကြခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများတန်းတူ အခွင့်အရေးရရှိရန်နှင့်အေးချမ်းသာယာဝပြောစွာ နေထိုင်နိုင်ကြရန်အတွက် စည်းလုံးညီညွတ်ကြပြီး အဖျက်အမှောင့်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက လက်တွဲ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

ကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အရေးကြီးသည့်လူ့အခွင့်အရေးစံများကို လိုက်လျောညီထွေစွာထည့်သွင်းပြဋ္ဌာန်းပေးထားသည်ကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်းတွင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဟူသည့် လူ့အခွင့်အရေးစံများ ဖော်ညွှန်းပါဝင်သည်ကို တွေ့နိုင်ကြောင်း၊ ယင်းအချက်များသည် မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းပြီး ဖွဲ့စည်းတည်ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းတို့ကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ထွက်ပေါ်လာစေရေး ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံအတွင်း မီတင်းကြောင်း၊ အလားတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူအားလုံးကလိုလားသည့် ပါတီစုံတရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်နေခြင်းများသည် တိုင်းရင်းသားပြည်သူများရရှိမည့် လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများကို ပျက်ပြားအောင် ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများ၏ လူ့အခွင့်အရေးများကို လက်နက်ကိုင်ဆန့်ကျင်တိုက်ဖျက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂ၏ဆောင်ပုဒ်မှာ ''Our Rights, Our Future, Right Now.'' “တို့အခွင့်အရေး၊တို့အနာဂတ်၊ ယခုကစလို့ဆောင်ကြဉ်းအပ်”ဖြစ်ကြောင်း၊ လူ့အခွင့်အရေးများကို စည်းကမ်းစနစ်နှင့်အညီ လိုက်နာကျင့်သုံးကြခြင်းဖြင့် ပိုမိုကောင်းမွန်

သည့် အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ **ယနေ့ခေတ် ကမ္ဘာကြီးတွင် မငြိမ်သက်မှုနှင့် ပဋိပက္ခများအပါအဝင် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်နေကြရ**ကြောင်း၊ **ယင်းအခက်အခဲများကို ကျော်လွှားလွန်မြောက်ရန်နှင့် ငြိမ်းချမ်းသာယာဝပြောပြီး တရားဥပဒေစိုးမိုးသည့် လောကတည်ဆောက်ရန်အတွက် စည်းကမ်းစနစ်ကျနမှုရှိသည့် လူ့အခွင့်အရေးလိုက်နာဆောင်ရွက်မှုများက ပံ့ပိုးဖော်ဆောင်ပေးနိုင်မည်ဖြစ်**ကြောင်း၊ တန်းတူညီမျှမှုမရှိသည့်၊ ခွဲခြားဆက်ဆံသည့် စနစ်ပုံစံများသည် လူ့အခွင့်အရေးစံများနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးပျက်ပြားစေသည့် အမုန်းစကားများ၊ သတင်းမှားများ၊ လုပ်ကြံသတင်းများကို တန်ပြန်ဖယ်ရှားပြီး မျှတမှန်ကန်မှုရှိသည့်၊ စည်းစနစ်ကျသည့် အခွင့်အရေးများကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်မှသာလျှင် လူ့အခွင့်အရေးဆိုသည်မှာ ငြိမ်းချမ်းပြီး တန်းတူညီမျှသည့် ကမ္ဘာကြီးအတွက် အခြေခံကျသည့်ခွန်အားအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ပါအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းသာယာမှုနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး လူ့အခွင့်အရေးစံနှုန်းမြင့်မားသည့် နိုင်ငံဖြစ်လာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာဘွန်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် Video Clip ကိုကြည့်ရှုကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်ရေးကော်မရှင်ဥက္ကဋ္ဌက (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက လူ့အခွင့်အရေးကော်မရှင်သီချင်းဖြင့် သရုပ်ဖော်ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHA-SIKOV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. IskanderAzizov နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံနှင့် ကာလ်မီးကီရာပြည်နယ်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွင်း ကာလ်မီးကီရာပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဖိုရမ်ကျင်းပသွားမည့်အခြေအနေများနှင့် ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ရေး မြန်မာနိုင်ငံက ကူညီဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့်ကာလ်မီးကီယာပြည်နယ်တို့အကြား ကိုးကွယ်ယုံကြည်မှုအရ၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ခြင်းမှတစ်ဆင့် ခရီးသွားလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်ဖက်တာဝန်ရှိသူများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာ ပြည်နယ်အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံ့အရေး၊ ပြည်သူ့အရေးကိစ္စများတွင် မိမိအကျိုးစီးပွား အပါအဝင် မိမိယူဆချက်၊ မိမိသဘောထားကို ရှေ့တန်း မတင်ဘဲ “အတ္တနောမတိ” ကင်းကင်းဖြင့် အရာရာကို ရေးသားရှုမြင်ဆင်ခြင်ပေးကြရန် တိုက်တွန်းလို…

☆ ကျောဖုံးမှအဆက်

တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့်တွဲဖက်အတွင်းရေးမှူးများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် သတင်းမီဒီယာကဏ္ဍကို နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်အဖြစ် အလေးအနက်ထားကြောင်းကို ဦးစွာပြောကြားလိုကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာကောင်စီ၏ အခန်းကဏ္ဍကို အလေးထားသကဲ့သို့ သတင်းမီဒီယာလောကဖွံ့ဖြိုးတိုးတက်ရန်အတွက် အမြဲတမ်းစိတ်အားထက်ထက်သန်သန်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို မှန်မှန်ကန်ကန်စနစ်တကျကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်တွင် ဥပဒေအရ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုနိုင်ခွင့်များရှိရမည်ဖြစ်သကဲ့သို့ ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း မရှိမဖြစ်လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်များကို လိုက်လျောညီထွေရှိရှိဟန်ချက်ညီညီ မျှမျှတတဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်ပါက မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် လွတ်လပ်ခွင့်သည် အတိုင်းအတာနှင့်ဖြစ်ကြောင်း၊ သူတစ်ပါးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ၊ နိုင်ငံတော်ကိုဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီမဟုတ်ဘဲ လွတ်လပ်ခွင့်နှင့်အခွင့်အရေးကိုပါ ထိပါးပုတ်ခတ်ရေးသားဖော်ပြခြင်းမျိုးမဖြစ်ရန်လိုကြောင်း၊ လွတ်လပ်ခွင့်နှင့် အခွင့်အရေးရှိသကဲ့သို့ တစ်ဖက်ကလည်း လိုက်နာရမည့် တာဝန်၊ ဝတ္တရား၊ ကျင့်ဝတ်များကို လိုက်နာကြခြင်းဖြင့် မျှမျှတတလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ထိုသို့ဖြစ်ထွန်းလာရန် သတင်းမီဒီယာ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်ဟု ပြောကြားလိုကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံရေး၊ စီးပွားရေးအင်အားကြီးသည့် အုပ်စုများသည် ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဝင်ရောက်စိုးမိုးခြယ်လှယ်နိုင်ရန်အတွက် မီဒီယာသမားများကို လက်ကိုင်တုတ်အဖြစ် မွေးမြူလာကြသည့်နည်းကို အသုံးပြုနေကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းမီဒီယာသမားများမှတစ်ဆင့် ပြည်သူများ၏သဘောထားခံစားချက်များ၊ နစ်နာချက်များကို ပစ်ပယ်ပြီး ၎င်းတို့လိုလားသည့်ပုံစံများအတိုင်း ပုံဖော်သွတ်သွင်းထုတ်လွှင့် ဖော်ပြနေကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အဆိုးရွားဆုံးမှာ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးများကို မတည်မငြိမ်ဖြစ်အောင်၊ ပဋိပက္ခများကြီးထွားလာအောင်၊ ဆူပူအုံကြွပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ရည်ရွယ်ချက်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပြုလုပ်နေကြခြင်းပင်ဖြစ်ကြောင်း။

အထူးသဖြင့် ဒီမိုကရေစီ၏ သဘောတရားများအနက် လူတိုင်းနားလည်လက်ခံထားကြသည့် သဘောတရားတစ်ခုမှာ **“မတူကွဲပြားမှုကို လက်ခံနိုင်ခြင်း”** ပင်ဖြစ်ကြောင်း၊ မိမိနှင့်အမြင်မတူ၊အတွေးမတူ၊ အလုပ်မတူခြင်းများကို နားလည်လက်ခံပြီး အပြန်အလှန်ရပ်တည်နိုင်ခွင့်ကို လေးစားအသိအမှတ်ပြုသည့် ယဉ်ကျေးမှုတစ်ရပ်ကို မီဒီယာသမားတိုင်း လက်ခံကျင့်သုံးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်နှင့် လွတ်လပ်ရေးရပြီးကာလတစ်လျှောက်တို့တွင် ခေတ်အမျိုးမျိုးဖြတ်သန်းခဲ့ရပြီး အမျိုးမျိုးသောဖိအားများကြောင့် ပြည်သူလူထုအတွင်း အသိပညာ၊ အတန်းပညာ၊ အတတ်ပညာကွာဟမှုများရှိနေကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ တပ်မတော်သည် နိုင်ငံ့တာဝန်အရပ်ရပ်ကို ထမ်းဆောင်နေရချိန်လည်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နေချိန်တွင် ကျင့်ဝတ်သိက္ခာမဲ့သည့်ပြည်ပသြဇာခံမီဒီယာသမားများသည် ခေတ်အမျိုးမျိုးက ဖြတ်သန်းလာခဲ့ရသည် ပြည်သူလူထုကို သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများနှင့် မှိုင်းတိုက်ပြီး အတွေးအမြင်များ မှားလာအောင်၊ အယူအဆများ လွဲလာအောင် လုပ်ဆောင်နေကြကြောင်း။

ယင်းနှင့်ပတ်သက်၍ ပြောလိုသည်မှာ သတင်းမီဒီယာသမားများသည် လူသားများပင်ဖြစ်သည့်အတွက် လူ့သဘာဝအတိုင်း အကြိုက်မတူခြင်း၊ ပုဂ္ဂလဓိဋ္ဌာန်အစွဲများရှိနေတတ်ခြင်းကို မိမိတို့အနေဖြင့် နားလည်လက်ခံကြောင်း၊ သို့သော်လည်း **နိုင်ငံ့အရေး၊ ပြည်သူ့အရေးကိစ္စများတွင် မိမိအကျိုးစီးပွားအပါအဝင် မိမိယူဆချက်၊ မိမိသဘောထားကို ရှေ့တန်းမတင်ဘဲ “အတ္တနောမတိ” ကင်းကင်းဖြင့် အရာရာကို ရေးသားရှုမြင်ဆင်ခြင်ပေးကြရန် တိုက်တွန်းလိုကြောင်း။**

ထို့ပြင် **“အစွဲ”** တစ်ခုကို လက်ကိုင်ပြုပြီး ဓမ္မဓိဋ္ဌာန်ကျကျမရှုမြင်ဘဲ မိမိထင်ရာမြင်ရာယုံကြည်ရာကိုသာ ဇောင်းပေးပြောဆိုခြင်းများ၊ အခြားတစ်ဖက်၏မတူကွဲပြားသည့် အတွေးအမြင်များ၊ ယုံကြည်မှုများကို မျက်ကွယ်ပြုပြီး အမုန်းစကားအခြေခံများဖြင့်သာ ထုတ်လွှင့်ဖော်ပြနေမည်ဆိုပါက ဖြောင့်မတ်တည်ကြည်မှုကင်းမဲ့သည့် သတင်းမီဒီယာသမားများအဖြစ် မှတ်ယူခံရနိုင်သည်ကို သတိပြုပေးကြရန် အသိပေးပြောကြားလိုကြောင်း။

သတင်းမီဒီယာဥပဒေတွင် ပါသည့် သတင်းမီဒီယာကောင်စီ၏ အဓိကလုပ်ငန်းတာဝန်များကို ပြန်ကြည့်ပါက သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးရန်၊ သတင်းမီဒီယာလုပ်ငန်းသုံးပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် အဆင်ပြေချောမွေ့အောင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးရန်၊ သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများစီစဉ်ကျင်းပပေးရန်၊ သတင်းဆိုင်ရာထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာလုပ်ငန်းတိုးတက်ရေးအတွက် စီမံချက်များရေးသားဆောင်ရွက်ရန် စသည့်အချက်များကို တွေ့ကြရမည်ဖြစ်ကြောင်း။

ယင်းတာဝန်များကို ပြီးခဲ့သည့် သတင်းမီဒီယာကောင်စီအနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ခဲ့သည်ကို တွေ့ရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ အလားတူ ယခုသတင်းမီဒီယာကောင်စီအနေဖြင့် အောင်မြင်စွာထမ်းဆောင်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း၊ အောင်မြင်အောင် ထမ်းဆောင်ကြရန်လည်း တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် ပြောကြားလိုသည်မှာ စာပေပညာရှင်ကြီးများကို ဂုဏ်ပြုပြီး စာပေပညာရှင်ကြီးများ၏ စာပေလက်ရာမွန်များ၊ ၎င်းတို့၏ အတ္ထုပ္ပတ္တိနှင့် ဖန်တီးရေးဖွဲ့ခဲ့သည့်အနုပညာပစ္စည်းများကို ခမ်းခမ်းနားနားထုတ်ဖော်ပြသရန်နှင့် စာပေဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **“စာဆိုဗိမာန်”**ကြီးတစ်ခုကို စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း။

သတင်းစာဆရာဟုဆိုပါက မိမိတို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုလည်း သတင်းစာဆရာတစ်ဦးဟု ဆိုရမည်ဖြစ်ကြောင်း၊ အိုးဝေမဂ္ဂဇင်းအယ်ဒီတာဘဝနှင့် နယ်ချဲ့အင်္ဂလိပ်ကိုဆန့်ကျင်ရန် တစ်မျိုးသားလုံးကို အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းစဉ်ကာလနှင့် နောက်ပိုင်းတွင် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များမြှင့်တင်ပေးနိုင်ရန် စာပေနှင့် အားထုတ်ခဲ့ကြသည့် စာပေပညာရှင်ကြီးများလည်း များစွာရှိပါကြောင်း၊ ထို့ကြောင့် ခေတ်အဆက်ဆက် တိုင်းကျိုးပြည်ကျိုးထမ်းဆောင်ခဲ့ကြသည့် သတင်းစာဆရာကြီးများအားလုံးကို မိမိအနေဖြင့် လေးစားဂုဏ်ပြုပါကြောင်း။

မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးများတွင် သက်ကြီးစာပေပညာရှင်ကြီးများ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံစဉ်။

**စာမျက်နှာ ၁၉ သို့**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အသက် ၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အသက် ၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ပြည်နယ်နှင့်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်း ဒေါ်သန်းသန်းက အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်း ဒေါ်ဂျနီဖာတင်လေးက အမျိုးသမီးမီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အမျိုးသားမီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီးသံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသားသံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျန်ရှိသည့်ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားနည်းများအလိုက် ကျင်းပ၍ ဆုရရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်များကို ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်း ဒေါ်နုနုရီက အမျိုးသမီးမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်း ဦးသန့်ဇင်က အမျိုးသားမီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်အမှုဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်း ဒေါ်မာမာမင်းက အမျိုးသားအလျားခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်း ဒေါ်သန်းသန်းက အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားများကို ဒီဇင်ဘာ ၁၁ ရက်တွင် သတ်မှတ်ထားသည့် အားကစားရုံနှင့် အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၁၈ မှအဆက်**

သက်ကြီးအနုပညာရှင်ကြီးများကို အခါအားလျော်စွာ ထောက်ပံ့ကူညီမှုများလုပ်ပေးနေသည်ကို တွေ့မြင်နေရကြောင်း၊ ၎င်းတို့ကဲ့သို့ပင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် သက်ကြီးအငြိမ်းစားသတင်းစာဆရာကြီးများအတွက် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ပြုပေးနိုင်ရန်နှင့် ၎င်းတို့၏အတွေ့အကြုံဗဟုသုတ၊အတွေးအမြင်များကို နိုင်ငံတော်နှင့် မျိုးဆက်သစ်သတင်းသမားများအား လက်ဆင့်ကမ်းဆောင်ရွက်ပေးနိုင်ရန်လည်း နည်းလမ်းရှာဖွေဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စာနယ်ဇင်းပညာဆိုသည်မှာ ခက်ဖြာစီးဆင်းနေသည့် မြစ်ကြီးတစ်စင်းနှင့်တူသည်ဟု တင်စားပြောဆိုကြကြောင်း၊ စာပေကိုအခြေခံသည့် အနုပညာဖန်တီးမှုများ၊ လူသားများ၏ဘဝနေထိုင်မှုနှင့် လူမှုစီးပွားဖြစ်ထွန်းမှုများ၊ လူ့အဖွဲ့အစည်း၏စုဖွဲ့ဖြစ်တည်ပုံများနှင့်နိုင်ငံရေး၊စီးပွားရေး၊ယဉ်ကျေးမှုသမိုင်းကြောင်းများ စသည့်မြစ်လက်တက်များနှင့် ပေါင်းစုံစီးဝင်နေသကဲ့သို့ ဖြန့်ခွဲစီးဆင်းနေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် စာနယ်ဇင်းသမား(သို့မဟုတ်) သတင်းမီဒီယာသမားတိုင်းသည် လောကကိုကောင်းကျိုးပြုပြီး လောကအကျိုးသယ်ပိုးကြရမည်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအားလုံး၏ လူမှုဘဝများကို ဘက်မလိုက်ဘဲ ထင်ဟပ်ပြရမည်ဖြစ်ကြောင်း၊မိမိလူမျိုး၊မိမိနိုင်ငံ၏ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင်လည်းထိန်းသိမ်းပေးကြရမည်ဖြစ်ကြောင်း။

သတင်းမီဒီယာအလုပ် ဆိုသည်မှာ ကျယ်ပြန့်သည့် သဘောရှိသည့်အတွက် ပုံစံတကျဘောင်ခတ်သတ်မှတ်ရန် မဖြစ်နိုင်သော်လည်း သတင်းမီဒီယာရေစီးကြောင်းတွင် ပါဝင်စီးမျောနေကြသူများ၏ အသိဉာဏ်ပညာများ၊ ဆင်ခြင်တုံတရားများဖြင့်သာ ထိန်းကျောင်းပဲ့ပြင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီကူးပြောင်းကာလ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အင်အားကြီးနိုင်ငံအချို့က လူ့အခွင့်အရေးများ၊ဒီမိုကရေစီစံနှုန်းများနှင့် မိမိတို့နိုင်ငံကို အပြစ်ရှာပြောဆိုပြီး ၎င်းတို့လိုချင်သည့်ပုံစံပေါ်အောင် သွတ်သွင်းပုံဖော်ရန်ကြိုးပမ်းနေကြကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံနှင့် မကိုက်ညီသည့် ဒီမိုကရေစီစံနှုန်းများအပေါ် ရာနှုန်းပြည့်အခြေမပြုဘဲ နိုင်ငံ၏ပကတိအခြေအနေနှင့် လူမှုစီးပွားဖြစ်ထွန်းမှုများ၊ သမိုင်းကြောင်းတစ်လျှောက် တွေ့ကြုံခဲ့ရသည့် သမိုင်းပေးတာဝန်သင်ခန်းစာများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သာ အခြေခံစဉ်းစားပြီး မိမိတို့၏ ပန်းတိုင်ကို ရဲရဲဝံ့ဝံ့ဆက်လက်ချီတက်နေခြင်းဖြစ်ကြောင်း။

ယင်းအခြေအနေတွင် စတုတ္ထမဏ္ဍိုင်ဟု အမည်ခံထားကြသည့် သတင်းမီဒီယာသမားများအနေဖြင့် အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုးကို သမာသမတ်ကျကျ၊မျှမျှတတရေးသားဖော်ပြထုတ်လွှင့်ပေးကြရန်၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၏ အသုံးချခံလက်ကိုင်တုတ်မှ အဖြစ်မခံဘဲ နှောင်ကြိုးမဲ့စွာဆောင်ရွက်ပေးကြရန်၊ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို ဦးထိပ်ထားပေးကြရန်၊ လွတ်လွတ်လပ်လပ်အမှီအခိုကင်းကင်း အရောင်အသွေးကင်းကင်းဖြင့် သတင်းမီဒီယာလောကအကျိုး သယ်ပိုးပေးကြရန်၊ တိုင်းပြည်မငြိမ်သက်အောင်၊ ဆူပူအုံကြွအောင် သွေးထိုးမှုံ့းတိုက်ထုတ်လွှင့်နေမှုများကိုလည်း ဝိုင်းဝန်းဆန့်ကျင်တားမြစ်ပေးကြရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကောင်စီအဖွဲ့ဝင်များသည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အဖွဲ့ဝင်များနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီ Quick Impact Projects ဖြင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးအရ နှစ်နိုင်ငံနယ်နိမိတ်ချင်းထိစပ်နေသည့် ချင်းပြည်နယ်နှင့်နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အခြေခံအဆောက်အအုံ (လမ်း၊တံတား)၊ပညာရေးနှင့်ကျန်းမာရေး စသည့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံ၏အကူအညီဖြင့်“မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ(Quick Impact Projects-QIPs)”အရ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အိန္ဒိယ သမ္မတနိုင်ငံတို့အကြားနားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သည့် လဟယ်မြို့နယ် တိုက်ရံကျေးရွာအနီး ကုန်းမြင့်လယ်ယာဘက်စုံသုံးခန်းမ ပေ ၆၀x၃၀x၁၂ ပေ RC တစ်ထပ်ဆောက်လုပ်ခြင်း၊ပေ ၂၀ကွန်ကရစ် တံတားတစ်စင်း တည်ဆောက်ခြင်းနှင့် ၅x၅x၂၆ ပေ Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ဘက်စုံသုံးခန်းမ၊ ပေ ၂၀ ကွန်ကရစ်တံတားနှင့် Box Culvert များ တည်ဆောက်ပေးနိုင်မှုကြောင့် လဟယ်မြို့နယ် လဟယ်-တိုက်ရံ-ဆပွလော်နောက်ကုန်း-ဆော်လော်နောက်ကုန်း-ပုံညိုနောက်ကုန်းလမ်းပေါ်ရှိ ဒေသခံကျေးရွာ ခြောက်ရွာ၊ အိမ်ခြေ ၁၃၄၈ အိမ် လူဦးရေ ၇၇၉၁ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား





တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်မှာ ၁၇ ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး ၁၆ ကြိမ်အထိ ဆုံးဖြတ်ချက် ၅၆၀ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ချက်ချင်းလိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များနှင့် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ **တရားမဝင်ကုန်သွယ်မှုများကြောင့် စားသုံးသူများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ များစွာနစ်နာရသည့်အတွက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးအရေးယူ ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံတော်၏အခွန်ငွေရရှိမှုလည်း များစွာဆုံးရှုံးနစ်နာရပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကြောင့် ကုန်ကျစရိတ်များလည်းရှိကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုအပိုင်းအနေဖြင့် တရားမဝင်တင်သွင်းလာသော အရည်အသွေးမမီဘဲ ဈေးသက်သာသော ကုန်ကြမ်းပစ္စည်းများကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများတွင် အရည်အသွေးပြည့်မီခြင်းမရှိနိုင်သဖြင့် ပြည်တွင်းသုံးစွဲသူများကို ဘေးအန္တရာယ်ဖြစ်စေရုံသာမက ပြည်ပတင်ပို့မှုပိုင်းတွင်လည်း နိုင်ငံတကာဈေးကွက်၌နှိုင်းယှဉ်ပါကလည်း အရည်အသွေးမမီသည့် ပို့ကုန်ပစ္စည်းများကြောင့် မိမိနိုင်ငံထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဝေစုရရှိမှု များစွာထိခိုက်နစ်နာစေနိုင်ကြောင်း။

အာမခံချက်မရှိဘဲ ဈေးပေါပေါဖြင့် တင်သွင်းလာသည့် အတု၊ အပ အရည်အသွေးမမီသည့် ကုန်ကြမ်းပစ္စည်းများကြောင့် ပြည်တွင်းထုတ်လုပ်မှုတွင်လည်း အရည်အသွေးမမီခြင်းကြောင့် ထုတ်ကုန်ပစ္စည်းများ နစ်နာဆုံးရှုံးနိုင်ကြောင်း၊ ပုံစံအမျိုးမျိုးဖြင့်ဆောင်ရွက်နေသည့် တရားမဝင်ကုန်သွယ်မှုများသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်နစ်နာရုံသာမက တရားမဝင်ကုန်သွယ်မှုကြောင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန် စသည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရသင့်ရထိုက်သောအခွန်အခ များစွာဆုံးရှုံးနစ်နာစေပြီး နိုင်ငံ၏ GDPကိုလည်း ကျဆင်းစေသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံတော်၏ဝင်ငွေကို ထိခိုက်စေနိုင်ပြီး သုံးစွဲမှုအပိုင်းတွင်လည်း ဝင်ငွေ၊ ထွက်ငွေ မမျှတသည့်အတွက် ငွေကြေးဖောင်းပွမှုကိုလည်း ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် အရေးကြီးသည့် လုပ်ငန်းဖြစ်ပြီး ဦးဆောင်ကော်မတီ၊ အထူးအဖွဲ့များကလည်း နိုင်ငံတော်အတွက် အဓိကအထောက်အကူပြုသည့် အဖွဲ့များဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုများကို ဆက်လက်ဖမ်းဆီးအရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှု၏ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ကုန်သွယ်မှု၏ နောက်ကွယ်တွင် လာဘ်ပေးလာဘ်ယူကိစ္စရပ်များကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းရည်နှင့် ဂုဏ်သိက္ခာကျဆင်းလာခြင်း၊ စာရိတ္တနှင့် စိတ်ဓာတ်များ လျော့ကျလာခြင်းတို့ကြောင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ကိုလည်း ထိခိုက်စေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားရေး မောင်းနှင်အားကောင်းမွန်စေရန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ယခုထက်ပိုမိုထိရောက်စွာ တားဆီးစစ်ဆေးအရေးယူရန်လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ထဲထဲဝင်ဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တစ်ဖက်ကလည်း နိုင်ငံတော်က ချမှတ်ထားသည့် ပို့ကုန်တိုးတက်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး၊ ပြည်တွင်းထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးတို့ကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း။

နိုင်ငံတိုင်းရှိ အစိုးရများတွင် သက်တမ်းရှိပါကြောင်း၊ အစိုးရများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများအတွက် မူဝါဒချမှတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးများကို မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးပိုင်းတွင် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ကန့်သတ်ချက်များ၊ အခက်အခဲများအပေါ် မည်ကဲ့သို့ အောင်မြင်စွာကျော်လွှားအကောင်အထည်ဖော်နိုင်မည်ကို စဉ်းစားလုပ်ဆောင်ခြင်းမရှိဘဲ တွေ့ကြုံရသည့် အခက်အခဲများအပေါ် လုပ်ငန်းမအောင်မြင်နိုင်ကြောင်း သုံးသပ်ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ရန် နှောင့်နှေးနေ၍မရဘဲ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအနေဖြင့် ဒေသအလိုက်၊ လုပ်ငန်းအလိုက် ဆောင်ရွက်နိုင်သည့်ရရာနည်းလမ်းများကို ရှာဖွေရွေးချယ်ပြီး အောင်မြင်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆၄၁ ဘီလီယံတင်ပို့နိုင်ခဲ့ရာ အဓိကပို့ကုန်များအနေဖြင့် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ နှမ်း၊ ကြက်သွန်၊ ရော်ဘာစိမ်း၊ ရေထွက်ပစ္စည်းများနှင့် သတ္တုတွင်းထွက်ပစ္စည်းများကို အဓိကတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုဝင်ဘာလအထိ ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၈၂၅ ဘီလီယံတင်ပို့နိုင်ခဲ့ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပို့ကုန်တင်ပို့မှု မြင့်မားတိုးတက်စေရေးအတွက် ယခုဘဏ္ဍာနှစ်ဖြစ်သော ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ထိထိမိမိဆောင်ရွက်နိုင်ရန်လိုအပ်မည့် သွင်းအားစုများ၊ တိရစ္ဆာန်အစားအစာများကိုလည်း သက်ဆိုင်ရာဌာနများအနေဖြင့် အချိန်မီရရှိနိုင်ရေးနှင့် အရည်အသွေးမီ အဆင့်အတန်းရှိသည့် ကုန်ကြမ်းပစ္စည်းရရှိရေးကို စီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ အစည်းအဝေး ၁၆ ကြိမ်အထိ ဆုံးဖြတ်ချက် ၅၆၀ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ နှစ်နှစ်နှင့် ၁၁ လကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၁၇၂၅၈ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၃၇၉ ဒသမ ၂၄၇ ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း။

၂၀၂၄ ခုနှစ် စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ဖမ်းဆီးရရှိမှုများတွင် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံး၊ ကရင်ပြည်နယ်က ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်က တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်း

**တရားမဝင်ကုန်သွယ်မှုများကြောင့် စားသုံးသူများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ များစွာနစ်နာရသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်တားဆီးအရေးယူဆောင်ရွက်သွားကြရမည်ဖြစ်...**

**ပြည်သူလူထုနှင့် ကုန်သည်လုပ်ငန်းရှင်များအပိုင်းကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး နိုင်ငံတော်နှင့် ပြည်သူအားလုံးကို အကျိုးမပြုသည့် တရားမဝင်ကုန်သွယ်မှုများကို အတူတကွပူးပေါင်းပါဝင်တိုက်ဖျက်ဆောင်ရွက်ကြရန်လို...**

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

အုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများက အများဆုံးဖြစ်ပြီး လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင်မော်တော်ယာဉ် ဖမ်းဆီးရရှိမှုများက ဒုတိယအများဆုံးနှင့် တတိယအများဆုံးသည် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် လအလိုက် ဖမ်းဆီးရရှိမှုမှာ တစ်လထက်တစ်လ တိုးတက်ဖမ်းဆီးနိုင်ခဲ့သော်လည်း မိမိနိုင်ငံနှင့်ကုန်သွယ်ဖက်အိမ်နီးချင်းနိုင်ငံတို့၏ ပို့ကုန်၊ သွင်းကုန်လက်ခံစာရင်းများ တိုက်ဆိုင်စစ်ဆေးရာတွင်မူ မိမိနိုင်ငံ၏ ပို့ကုန်ပိုင်းမှာသာမက သွင်းကုန်လက်ခံပိုင်းမှာပါ အိမ်နီးချင်းနိုင်ငံ၏စာရင်းဇယားအရ များစွာလျော့နည်းမှုများဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ဦးဆောင်ကော်မတီနှင့်အထူးအဖွဲ့များနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး တာဝန်ရှိသူအသီးသီးသည် တရားမဝင်ကုန်ပစ္စည်းများကို ယခုထက်ပို၍ လေးဆခန့် ထိထိရောက်ရောက်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်နေသည်ကို ရှင်းရှင်းလင်းလင်းတွေ့ရမည်ဖြစ်ကြောင်း။

ပို့ကုန် တင်ပို့မှုအပိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးကိုလည်း လမ်းညွှန်ထားပါကြောင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းကဆောင်ရွက်နေသည့် MSMEs ကုန်ထုတ်လုပ်ငန်းများနှင့် ဆက်နွှယ်ထုတ်လုပ်သည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်ရာတွင် တရားမဝင်ကုန်သွယ်မှုသည် လုပ်ငန်းရှင်များ အရည်အသွေးမီ ဈေးကွက်ဝင်ကုန်ပစ္စည်းများထုတ်လုပ်ရေးအတွက် များစွာအဟန့်အတားဖြစ်နေပြီး ထိခိုက်နစ်နာဆုံးရှုံးမှုများရှိနေနိုင်သည်ကို သတိပြုကြရန်လိုကြောင်း။




**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၄)သို့ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။**

၎င်းအပြင် တရားမဝင်ကုန်သွယ်မှု တားဆီးဖော်ထုတ်ရာတွင် သတင်းရရှိမှုသည် အရေးကြီးကြောင်း၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့အတွင်း သတင်းရရှိမှု ၂၀၄ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၇၉ ကြိမ်၊ နောက်ကျသတင်းလေးကြိမ်၊ သတင်းမှန် ၁၂၁ ကြိမ်ဖြစ်ကြောင်း၊ သတင်းရရှိမှုများကြောင့် ဖမ်းဆီးရမိမှုအမှုတွဲ ၂၄၂ မှုနှင့် ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် ငါးဘီလီယံကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ သတင်းပေးပို့သည့်တာဝန်သိပြည်သူအရေအတွက် ယခုထက်ပိုမိုများပြားအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့်အေဂျင်စီနည်းဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများအတွက် မူပိုင်ခွင့် ရယူထားရန်လိုကြောင်း၊ တာဝန်ရှိသည့် အေဂျင်စီများကလည်း မူပိုင်ခွင့်ဆိုင်ရာ လျှောက်ထားမှုများ သတ်မှတ်ချိန်အတွင်း အလွယ်တကူရရှိအောင် ဆောင်ရွက်ပေးရန်နှင့် ဥပဒေချိုးဖောက်သူများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ထို့ပြင် ဉာဏပစ္စည်း မူပိုင်ခွင့်ကိစ္စရပ်များတွင်လည်း ကျယ်ပြန့်ရှုပ်ထွေးရုံသာမက ပြင်းထန်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ပေါ်စေကြောင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (OECD)၊ ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO)တို့၏ တွေ့ရှိချက်များအရ ကုန်စည်အတုများ ကုန်သွယ်မှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၅၀၉ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေး၏ သုံးရာခိုင်နှုန်းခန့်ရှိကြောင်း၊ ကုန်စည်အတုအပနှင့် ခိုးကူးကုန်ပစ္စည်းများ ရောင်းဝယ်ခြင်းသည် အမြတ်အစွန်းများပြီး အန္တရာယ်နည်းပါးသည့်အတွက် လုပ်ကိုင်သူများပြားကြောင်း။

ပို့ကုန်တင်ပို့မှုမြှင့်မားတိုးတက်စေရေး၊ MSMEs ကုန်ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေး၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် နိုင်ငံ့ဘဏ္ဍာအခွန်အခများ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနဆိုင်ရာများအနေဖြင့် အဂတိတရားကင်းကင်းရှင်းရှင်း ဆောင်ရွက်ကြရန်နှင့် **ပြည်သူလူထုနှင့် ကုန်သည်လုပ်ငန်းရှင်များအပိုင်းကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး နိုင်ငံတော်နှင့် ပြည်သူအားလုံးကို အကျိုးမပြုသည့် တရားမဝင်ကုန်သွယ်မှုများကို အတူတကွပူးပေါင်းပါဝင် တိုက်ဖျက်ဆောင်ရွက်ကြရန် လိုကြောင်း** ဖြင့် ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၄/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၄)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင် သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန်နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ၂၅-၁၀-၂၀၂၄ ရက်တွင်ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၀၅၅/၂၀၂၄ နှင့်အညီ လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ၃၀-၁၀-၂၀၂၄ ရက်ထုတ် သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်သည်။


၆-၁၂-၂၀၂၄ ရက်မှစတင်၍ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီက သိပ်သည်းဆ ၁၉ ဒသမ ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား (၁၆. ၃၂၉၃၂၅ ဂရမ်)၏ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၊ မြဝတီရုပ်မြင်သံကြား (MWD)၊ မြန်မာ့အသံ (Radio)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.mining.gov.mm နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA)၏ Facebook လူမှုကွန်ရက်စာမျက်နှာတို့တွင် နေ့စဉ်ထုတ်ပြန်လျက်ရှိသည်။

ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် လုပ်ငန်းလိုင်စင်လျှောက်ထားမှုကို ၁၈-၁၁-၂၀၂၄ ရက်မှ စတင်လျှောက်ထားရန် ကြေညာထားရှိပြီးဖြစ်သောကြောင့် အဆိုပါလျှောက်ထားမှုများကို ၁၇-၂-၂၀၂၅ ရက်ထိ သုံးလအတွင်း နောက်ဆုံးထားလျှောက်ထားရန်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီက ၆-၁၂-၂၀၂၄ ရက်မှစ၍ သိပ်သည်းဆ ၁၉ ဒသမ ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား (၁၆. ၃၂၉၃၂၅ ဂရမ်)၏ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)ဖြင့် နေ့စဉ်ထုတ်ပြန်ခဲ့သော ဈေးနှုန်းအတိုင်း ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှု မပြု(မပြု)လုပ်သူများနှင့် ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို စတင်လျှောက်ထားနိုင်ကြောင်း ကြေညာခဲ့သည့် ၁၈-၁၁-၂၀၂၄ ရက်မှ ၁၇-၂-၂၀၂၅ ရက်အထိ သုံးလအတွင်း လျှောက်ထားခြင်း မရှိ(မရှိ)သောသူများသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၁၀**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံကမ်းခြေ-အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

Density 19.25 နှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၃၅၀၀၀၀ ကျပ်

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ




## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ**“အစွန်းရောက်အကြမ်းဖက်တွေရဲ့ တော်လှန်ရေးခေါင်းစဉ်အောက်မှာ အသက်၊ ငွေကြေး၊ ဘဝတွေ ရင်းနှီးနေရသောပြည်သူများ”**ခေါင်းစဉ်ဖြင့် ၁၁-၁၂-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အဓမ္မဆက်ကြေး ကောက်လမ်းစဉ်ကို ဖဝါးထပ်လိုက်လာတဲ့ အကြမ်းဖက် PDF တွေကြောင့် အညာဒေသမှတောင်သူများ ဒုက္ခရောက်နေ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့်ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပုလောမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများကို ဖမ်းဆီးပြီး ပြည်သူပိုင်ပစ္စည်းများယူဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခန္တီကျေးရွာအုပ်စုရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ဖမ်းဆီးပြီး ပြည်သူပိုင်ပစ္စည်းများကို အဓမ္မသိမ်းဆည်းယူဆောင်နေကြောင်း သတင်းတုသတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပုလောမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပုလောမြို့နယ် ခန္တီကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်များတွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း အပြစ်မဲ့ဒေသခံပြည်သူများကို ဖမ်းဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းများမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများကြောက်ရွံ့ထိတ်လန့်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (ဧ၀၁)




## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဦးမောင်မောင်သန်း<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန |
| (ခ) ဦးတင်ကိုကို<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဦးထောင်ရှန်ကမ်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာဝင်းထွဋ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (ဂ) ဒေါက်တာအောင်သူရိန်ဝင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၁)သတ္တုတွင်းလုပ်ငန်း<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ပါဝင်ခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ယိမ်းအဖွဲ့များ၊ အမေများအဖွဲ့၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု စသော ရိုးရာပန်းပညာရှင်များ၊ ဝံသာနုအသင်းအဖွဲ့များ၊ တာဝန်ရှိသူများနှင့် ပြည်သူများက စုပေါင်းကြိုဆိုကြသည်။

ထိုသို့ ကြိုဆိုကြစဉ် အနုပညာရှင်များက သင်္ကြန်သီချင်းများသီဆိုကြပြီး ပြည်သူများ၊ အကအဖွဲ့များနှင့် တက်ရောက်လာကြသူများက ပျော်ရွှင်စွာ ပါဝင်ကပြကာ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**















# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ယူနက်စကို၏ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခွင့်ရရှိအောင် ဆောင်ရွက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အားဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့်ပြည်သူတို့၏စကားသံများ




**ဒေါ်စန္ဒာခင်(မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ)**

ကျွန်မတို့ရဲ့မြန်မာသင်္ကြန်နှစ်သစ်ကူးပွဲတော်ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့အတွက် အများကြီးကြိုးစားခဲ့ရပါတယ်။ ကမ္ဘာပေါ်မှာ ယဉ်ကျေးမှုအမွေအနှစ်တွေ မြောက်မြားစွာရှိတဲ့အနက် ဒြပ်ရှိ ယဉ်ကျေးမှုအမွေအနှစ်တွေ ဒြပ်မဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ နိုင်ငံတိုင်းမှာ သူ့ရဲ့ယဉ်ကျေးမှုနဲ့သူရှိပါတယ်။ အဲဒီတော့ရှိတဲ့နိုင်ငံတွေမှာ အဲဒီယဉ်ကျေးမှုတွေကို ကွယ်ပျောက်မသွားဖို့အတွက် ရေရှည်တည်တံ့အောင်ထိန်းသိမ်းနိုင်ဖို့အတွက်ဆိုပြီးတော့မှ ယူနက်စကိုက ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ကော်မတီကို ၂၀၀၃ ခုနှစ်မှာဖွဲ့စည်းပါတယ်၊ ကျွန်မတို့ မြန်မာနိုင်ငံက ၂၀၁၃ ခုနှစ်မှာ အဲဒီကွန်ဗင်းရှင်းကိုဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အခုအခါမှာ ကမ္ဘာ့အမွေအနှစ်ဖြစ်ဖို့အတွက်ကို အမျိုးသားအမွေအနှစ်ဖြစ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို စာရင်းကောက်ယူမှတ်တမ်းပြုစုစုဆောင်းထားတာဟာဆိုရင် အခုဆိုရင် နှစ်ထောင်ကျော်ရှိနေပါပြီ။ အဲဒီအထဲကမှ ကျွန်မတို့ကမ္ဘာ့အဆင့်အထိ တာဝန်ယူဆောင်ရွက်ရပါတယ်။ ပဲရစ်မှာရှိနေတဲ့ ယူနက်စကို သံရုံးအဖွဲ့ကို အဓိကကတော့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်၊ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ဒါသည်တစ်စုတစ်ဖွဲ့တည်းရဲ့ အမွေအနှစ်မဟုတ်ပါဘူး၊ တစ်မျိုးသားလုံးရဲ့အမွေအနှစ်တစ်နိုင်ငံလုံးကိုလွှမ်းခြုံတဲ့အမွေအနှစ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ပညာရှင်တွေနဲ့ပေါင်းစုပြီးတော့ သက်ဆိုင်ရာပညာရှင်တွေ၊ ပြက္ခဒိန်ပညာရှင်တွေ အကြံပေးပညာရှင်အဖွဲ့ ဒီလိုပဲသက်ဆိုင်ရာသက်ဆိုင်ရာပညာရှင်တွေ ယဉ်ကျေးမှုဆိုင်ရာအသင်းအဖွဲ့တွေနဲ့ပေါင်းစုပြီးတော့မှ ဒါရေးရတယ်။ ဘယ်လောက်ထိအောင် ကျွန်မတို့က ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးမလဲဆိုတာကို ကျွန်မတို့ရဲ့အဖွဲ့တွေနဲ့ကျတော့ ပြည်သူတွေရဲ့စကားသံတွေ ကျွန်မတို့နိုင်ငံသားတွေက ဘယ်လောက်ထိ တန်ဖိုးထားတယ်။ ဘယ်လိုမြင်သလဲသူတို့ရော ဘယ်လောက်ထိအောင်ဆန္ဒရှိသလဲဆိုတာတွေကို ကျွန်မတို့ကမေးမြန်းပြုစုပြီးတော့မှ ဝန်ကြီးဌာနနဲ့ပေါင်းပြီး ယူနက်စကိုကိုတင်ပြခဲ့တာဖြစ်ပါတယ်။ အဲဒီလိုယူနက်စကိုကို တင်ပြတာဆိုရင် ၂၀၂၃ ခုနှစ် မတ်လထဲမှာ တင်ပြခဲ့ပါတယ်။ လိုအပ်ချက်တွေရှိတဲ့အခါမှာ ဝန်ကြီးဌာနကလည်း ထပ်မံဖြည့်စွက်ဆောင်ရွက်တာတွေ လုပ်ပြီးတော့ အခုအခါမှာတော့ ကျွန်မတို့ကို အတည်ပြုသတ်မှတ်လိုက်ပြီဖြစ်ပါတယ်။ အဲဒီတော့ကျွန်မအနေနဲ့ ပြောချင်တာကတော့ ဒီအတာသင်္ကြန်ဟာ ဘာလို့အားကောင်းသွားသလဲဆိုရင် ကျွန်မတို့ရဲ့အတာသင်္ကြန်ဟာ မနေ့တစ်နေ့ကမှပေါ်လာတဲ့ ပွဲတော်လည်းမဟုတ်ပါဘူး။ ဆယ့်နှစ်လရာသီပွဲတော်ထဲမှာ နှစ်သစ်ကူးပွဲတော် ပြီးတော့မှကျွန်မတို့က ဓလေ့ထုံးတမ်းအစဉ်အလာအတိုင်းပဲ ယိမ်းကတဲ့သူက ကမယ်၊ ဆိုတဲ့သူကဆိုမယ် အဲဒီအခါမှာ ကျွန်မတို့က ကိုယ့်ရဲ့ရိုးရာမုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း ဒါတွေကို စတုဒိသာကျွေးမွေးကြပါတယ်။ စားတဲ့သူကစားမယ်၊ ကျွေးတဲ့သူကကျွေးမယ်၊ ဒီလိုမျိုးတွေလုပ်တာ ဒါကြောင့်မို့လို့ကျွန်မတို့ရဲ့အတာသင်္ကြန်ဟာဖြင့်အင်မတန်မှ အနှစ်သာရလည်းရှိတယ်။ နောက်ဝိသေသလည်းထူးပါတယ်။ ငြင်းဖွယ်ရာမရှိတဲ့အတွက်ကြောင့်မို့လို့ ယူနက်စကိုက ဘာသာရပ်အတွက်ကိုလက်ခံခဲ့တာဖြစ်ပါတယ်။

**ဒေါ်နန်းလောဝ်ငင်း( ညွှန်ကြားရေးမှူး အမျိုးသားပြတိုက်(ရန်ကုန်) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်**

ယဉ်ကျေးမှုမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ဒြပ်ရှိယဉ်ကျေးမှုနဲ့ ဒြပ်မဲ့ယဉ်ကျေးမှုတွေဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း ပျူမြို့ဟောင်းတွေ၊ ထိတွေ့ကိုင်တွယ်လို့ရတဲ့ ပစ္စည်းတွေ၊ အရာဝတ္ထုတွေကို ဒြပ်ရှိယဉ်ကျေးမှုလို့ သတ်မှတ်ပါတယ်။ ဒြပ်မဲ့ယဉ်ကျေးမှုကတော့ ရုပ်အကောင်အထည်ဖော်ပြလို့မရတဲ့ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါတယ်၊ တချို့က စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုလို့လည်းပြောကြပါတယ်။ နိုင်ငံတကာမှာတော့ ဒြပ်မဲ့ယဉ်ကျေးမှုလို့ခေါ်ကြပါတယ်။ ပညာရှင်တွေကတော့ ဒြပ်ရှိယဉ်ကျေးမှုတွေရှိနေရုံနဲ့ လူ့အဖွဲ့အစည်းက အရေးကြီးတယ်လို့ သတ်မှတ်ချက်မထားဘူး။ လူ့အဖွဲ့အစည်းတစ်ခု ယဉ်ကျေးတယ်၊ မယဉ်ကျေးဘူးဆိုတာ တိုင်းတာတဲ့အခါမှာ အဓိကဒြပ်မဲ့ယဉ်ကျေးမှုက အဓိကကျပါတယ်။ ဒါကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုရဲ့ အရေးပါတဲ့ကဏ္ဍကို ပြည်သူလူထုတွေသိရှိဖို့ အမြဲတမ်းအသိပညာပေးနေတာရှိပါတယ်။ ဒြပ်ရှိယဉ်ကျေးမှုနဲ့ ဒြပ်မဲ့ယဉ်ကျေးမှုရဲ့ ခြားနားချက်ကို ဒြပ်ရှိယဉ်ကျေးမှုပညာရှင်တွေက ရေးသွင်းပြီးတော့မှ ကမ္ဘာ့အမွေအနှစ်ကို တင်သွင်းရတာဖြစ်ပါတယ်။ ဒြပ်မဲ့ယဉ်ကျေးမှုကို အစိုးရအဖွဲ့က တင်သွင်းလို့မရပါဘူး။ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းတွေအားလုံးစုပေါင်းပြီး တင်သွင်းရတာဖြစ်ပါတယ်၊ ဒါကြောင့် အတာသင်္ကြန်ပွဲတော်ကို အဖွဲ့အစည်းပေါင်းစုံ အားလုံးစုပေါင်းပြီးမှ ရေးသွင်းခဲ့ပါတယ်။ ဒါလေးက တစ်ချက်ပါ။ နောက်တစ်ခုက (၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံမှာ နိုင်ငံပေါင်း ၁၉၅ နိုင်ငံ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ၁၉၅ နိုင်ငံမှာ တက်ရောက်သူဦးရေ ၈၀၀ ကျော်ရှိပါတယ်။ အဲဒီဒြပ်မဲ့ယဉ်ကျေးမှုညီလာခံမှာ အပိုင်းသုံးပိုင်းခွဲခြားဆုံးဖြတ်ပါတယ်။ ပထမပိုင်းက အဆောတလျင်ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်တယ်။ ဥပမာပြောရမယ်ဆိုရင် မြန်မာနိုင်ငံမှာ တကယ့်ကိုပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ချင်းလူမျိုးတွေရဲ့ နှာခေါင်းနဲ့ပလွေမှုတ်တဲ့ အလေ့အထမျိုးကို ယူနက်စကိုမှာ တင်သွင်းပေးတာမျိုးရှိတယ်။ ပြီးတော့ သင်္ကြန်ပွဲတော်လို အမွေအနှစ်မျိုးဖြစ်ပါတယ်။ ဒီလိုမျိုးကိုတော့ နိုင်ငံအတော်များများကလည်း တင်သွင်းကြတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အင်မတန်ကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် နောက်နှစ်တွေမှာလည်း နှစ်စဉ် တစ်ခုတစ်ခုတင်သွင်းနိုင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒေါက်တာလှဲ့လှဲ့အောင် ညွှန်ကြားရေးမှူး အနုပညာဦးစီးဌာန သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

(၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံမှာ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် စာတမ်းကို တင်လိုက်တဲ့အခါ မြန်မာ့ပြက္ခဒိန်က ကမ္ဘာနဲ့မတူပါဘူး။ တန်ခူးကနေစပြီး တပေါင်းပြီးတဲ့အခါမှာ ပြက္ခဒိန်ရဲ့အချက်အလက်တွေကိုလည်းကြည့်ပါတယ်၊ ကျွန်မတို့ရဲ့ မြန်မာ့ရိုးရာနှစ်သစ်ကူးကာလအချိန်က ရာသီဥတုက အလွန်ပူပါတယ်၊ ရှေးယခင်ခေတ်ကတည်းက အပူကိုသက်သာအောင် နှစ်ဟောင်းက အညစ်အကြေးတွေကို နှစ်သစ်မှာမပါအောင် ရေနဲ့ပက်ဖျန်းကြတယ်။ အပူကိုသက်သာအောင် နှစ်ဟောင်းက အညစ်အကြေးတွေကို နှစ်သစ်မှာမပါအောင် ရေနဲ့ပက်ဖျန်းကြတယ်။ သင်္ကြန်မှာ ကျွန်မတို့ မြန်မာတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးတမ်းတွေ၊ ရှင်သန်မှုတွေ အများကြီးမြင်တွေ့ရတယ်။ ရေပက်ကစားရုံတင်မဟုတ်ဘဲ အတာသင်္ကြန်ကို ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်ပြီး ကမ္ဘာသူ၊ ကမ္ဘာသားတွေအတွက် ကောင်းမြတ်တဲ့ အစဉ်အလာတွေကို ဆောင်ကြဉ်းနိုင်ဖို့ သတ်မှတ်ရေးသွင်းခဲ့တာဖြစ်ပါတယ်။

**ဦးနေအောင်(အနုပညာရှင်)**

ဘယ်လိုပျော်မှန်းကိုမသိဘူး၊ ၁၀ တန်းအောင်တုန်းကပျော်တယ်၊ ဒါပေမဲ့ ခုလောက်မပျော်ဘူး၊ ဒါကမြန်မာ့အမျိုးသားအရေးပါ၊ ဒေါ်စန္ဒာခင်တို့က ကျေးဇူးရှိပါတယ်။ ကျေးဇူးတင်ရမယ့်ဌာနဆိုင်ရာတွေ အများကြီးလည်းရှိတယ်။ သို့သော်ကျွန်တော့်ဆရာမောင်တင်ဦးကိုလည်း မေ့လို့မရဘူး၊ နေအောင်ကို မေ့လိုက်ပါ။ သင်္ကြန်မိုးမပါလို့မရဘူး၊ ခြေဖျားလေးတွေကို ထောက်ထောက်ပြီးတော့ နွဲ့ပြီးကတာက အောက်ကဓာတ်လိုက်သလိုမလုပ်နဲ့တဲ့ ဆရာကသင်ခဲ့တာလေ ခြေမလေးတွေကိုတို့တို့ပြီးတော့ မြို့မပတ်တာလေ ဘယ်လောက်လှလိုက်လဲ၊ မြန်မာ့ယဉ်ကျေးမှု၊ ကမ္ဘာမှာမြန်မာဗျ၊ အမျိုးသားရေးတစ်ပဲ၊ ကျန်တာကတော့သားတို့လူငယ်တွေ ကျွန်တော်တို့ကအမွေပေးမယ်၊ အမွေကောင်းပေးမယ်၊ ဆက်ခံတဲ့သူက အမွေကောင်းရင်ကောင်းမယ်၊ ကိုယ်တွေကလည်းအမွေကောင်းပေးရမယ်၊ အမွေလက်ခံသူကလည်း ကောင်းစွာသော အမွေနဲ့ရှေ့ကိုဆက်ပြီး ချီတက်ရမယ်၊ ဘာသာ၊ သာသနာအတွက်၊ အမျိုးဘာသာ၊ သာသနာအတွက် လူငယ်တွေကိုပြောချင်တယ်၊ မကြာခင်လည်း သင်္ကြန်ကကျတော့မယ်၊ နှစ်ဟောင်းက မကောင်းတာတွေ ဖယ်လိုက်တော့ လူသစ်စိတ်သစ်နဲ့ အမျိုးဘာသာ၊ သာသနာကိုစောင့်ရှောက်ကြပါ။

**ဒေါ်နွဲ့နွဲ့စန်း(အနုပညာရှင်)**

အတိုင်းမသိဝမ်းသာတာက သင်္ကြန်ဆိုတာအမေတို့နဲ့အရင်းနှီးဆုံး တစ်နှစ်တစ်ခါ အမြဲကိုမတွေ့မဖြစ်တွေ့နေရတာမို့ အရမ်းဝမ်းသာတယ်။ ဒီလိုလုပ်ဆောင်ပေးခဲ့တဲ့ ဦးဆောင်ပေးခဲ့တဲ့ဒေါ်စန္ဒာခင်နဲ့ အဖွဲ့အစည်းများကို အမေတို့ကကျေးဇူးလည်းတင်တယ်။ ဂုဏ်လည်းပြုတယ်။ ကြည်နူးလည်းကြည်နူးရပါတယ်။ သင်္ကြန်ခံစားချက်ကတော့ရှိတာပေါ့။ ဒါပေမဲ့ ပြောလို့မရဘူး၊ ပြောရရင်အရှည်ကြီးပဲ။ ခံစားချက်တွေကအများကြီးပါပဲ။

**ဦးရန်အောင်(အနုပညာရှင်)**

တကယ်ပဲဝမ်းသာရပါတယ်၊ ကျွန်တော်တို့ဆိုရင်သက်တမ်း ၅၈ နှစ်ပေါ့ဗျာ၊ ဒီ ၅၈ နှစ်မှာ ဒါပထမဦးဆုံးကြုံဖူးတဲ့အတွေ့အကြုံလို့ပြောရမှာပေါ့၊ ကိုယ်အရမ်းမြတ်နိုးတဲ့ ချစ်ခင်တဲ့ မြန်မာ့ရိုးရာနှစ်သစ်ကူးကို ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်အဖြစ် ဒြပ်မဲ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုလိုက်တယ်။ ယဉ်ကျေးမှုကိုအသိအမှတ်ပြုတယ်ဆိုတာ အရမ်းဝမ်းသာတယ်။ အစဉ်အဆက်လည်း ဒါကဂုဏ်ယူစရာကောင်းတဲ့ ပြယုဂ်တစ်ခုပါပဲ၊ ဂုဏ်ပုဒ်တစ်ခုပါပဲ၊ မြန်မာ့ရိုးရာသင်္ကြန်ကတော့ ကျွန်တော်တို့သင်္ကြန်ဆိုတဲ့ စကားအတိုင်းပေါ့၊ နှစ်ဟောင်းကအညစ်အကြေးတွေကို နှစ်သစ်မှာ အတာရေနဲ့ဆေးကြောတယ်ဆိုတဲ့ဟာက အစဉ်အလာကောင်းတဲ့ ရိုးရာဓလေ့တစ်ခုပေါ့၊ ဒီဟာကိုကျွန်တော်တို့က ထိန်းသိမ်းရမယ်၊ ဆိုတာ၊ ကတာ၊ ပျော်တာတွေက ပျော်တာပဲ၊ သင်္ကြန်ဆိုလို့ရှိရင်သပြေခက်လေးနဲ့ အထူးသဖြင့်တော့ ကျန်းမာချမ်းသာပါစေဆိုပြီးတော့ ကျောကနေ ရေလေးလောင်းလိုက်တာကိုက စိတ်ကြေနပ်ရတယ်ဗျ၊ အဲဒီတော့ ကျွန်တော်တို့ရဲ့ အစဉ်အလာလေးကို ကမ္ဘာကအသိအမှတ်ပြုပြီးတော့ ဂုဏ်ပြုတဲ့ဟာကိုကျွန်တော်တို့က ဘယ်လိုဝမ်းသာမှန်းမသိဘူး။ တကယ်ကို ဂုဏ်ယူဝမ်းမြောက်ပါတယ်။ နှစ်နှစ်ကာကာကိုဂုဏ်ယူဝမ်းမြောက်ပါတယ်။ ။

ချိုကြီး၊ ဝန်းရံခ

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။











**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသားကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်မှ နိုင်လင်းထွန်းက ပထမ၊ ရှမ်းပြည်နယ်မှ သန့်စင်အောင်က ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဖိုးသောကြာက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီးကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲဗိုလ်လုပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဆွေသက်ဦးက ပထမ၊ ရှမ်းပြည်နယ်မှ သဲနုအောင် ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ အေးချမ်းအောင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသားသံပြားဝိုင်းပစ်ပြိုင်ပွဲဗိုလ်**လုပွဲတွင် မကွေးတိုင်းဒေသကြီးမှ ထက်ကောင်းဝေက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ထက်လင်းဦးက ဒုတိယ၊









မကွေးတိုင်းဒေသကြီးမှ ရဲရင့်အောင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးသံပြားဝိုင်းပစ်ပြိုင်ပွဲ** ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်မှ နန်းအွမ်ဆိုင်ခမ်းက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သိမ့်သိမ့်သူက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သွယ်ဇင်နိုးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသမီး အလျားခုန်ပြိုင်ပွဲ**တွင် မွန်ပြည်နယ်မှ ခိုင်သဇင်ဦးက ပထမ၊ တနင်္သာရီတိုင်းဒေသကြီးမှ မြတ်နိုးသူက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ အိအိဖြိုးက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ နွေဦးခိုင်က ပထမ၊ ရှမ်းပြည်နယ်မှ ဇူလိုင်မိုးက ဒုတိယ၊ ရခိုင်ပြည်နယ်မှ ဝင်းဝင်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသားမီတာ ၁၀၀x၄ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးအသင်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသမီးမီတာ ၁၀၀x၄ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ရခိုင်ပြည်နယ်အသင်းက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသားမီတာ ၅၀၀၀ ပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်မှ ကျော်မင်းအောင်က ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ မြတ်ဝင်းလှိုင်က ဒုတိယ၊ ကချင်ပြည်နယ်မှ ဂျိုဆာဆည်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးမီတာ ၅၀၀၀ အပြေးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးမှ အိအိဝိုင်းက ပထမ၊ ရှမ်းပြည်နယ်မှ လှိုင်လှိုင်မြင့်က ဒုတိယ၊ ရှမ်းပြည်နယ်မှ ခိုင်ဖူးဝေက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ**ကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ တွဲဖက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော်လက်သိုင်းစွမ်းရည်ပြပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ အုပ်စိုးခန့်က ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ချစ်ကိုကိုက ဒုတိယ၊ ရှမ်းပြည်နယ်မှ ထွန်းထွန်းမင်းက တတိယဆုကိုလည်းကောင်း၊ **တွဲဖက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော် ဓားတစ်လက်စွမ်းရည်ပြပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ချစ်ကိုကိုက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဟိန်းမင်းထွန်းက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ အုပ်စိုးခန့်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**လက်ထောက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော်ဓားနှစ်လက် စွမ်းရည်ပြပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်မှ နန်းခင်ပေရယ်ထွန်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ငြိမ်းသူဇာက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ ခိုင်ဇင်ဝင်းက တတိယဆုကိုလည်းကောင်း၊ **လက်ထောက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်မှ နန်းခင်ပေရယ်ထွန်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ငြိမ်းသူဇာက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ စုစုလှိုင်က တတိယဆုကိုလည်းကောင်း၊ **ခွဲမှူးဆရာအဆင့် အမျိုးသားတစ်ကိုယ်တော် လှံရှည်စွမ်းရည်အပြပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ အောင်မင်းဦးက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ လှမင်းအောင်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဝေလွင်ထွန်းက တတိယဆုကိုလည်းကောင်း၊ **ခွဲမှူးဆရာအဆင့် အမျိုးသမီးတစ်ကိုယ်တော်လှံရှည်စွမ်းရည်အပြပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ ခင်စုလင်းက ပထမ၊ ရှမ်းပြည်နယ်မှ ဟန်ငြိမ်းစုက ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ဇာဇာအောင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**တွဲဖက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော် လက်သိုင်းစွမ်းရည်ပြပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှ ကေဇင်မိုးက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဂျူးမြတ်သွယ်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဝတ်ရည်ဖြိုးက တတိယဆုကိုလည်းကောင်း၊ **တွဲဖက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော် ဓားတစ်လက်စွမ်းရည်ပြပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဆုသက်ဝေက ပထမ၊ ကရင်ပြည်နယ်မှ ခိုင်သဇင်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ကေဇင်မိုးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘော်လီဘောပြိုင်ပွဲ** ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ကျင်းပရာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ကျင်းပရာ အမျိုးသားဂျူဒို KATA ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယ၊ ကရင်ပြည်နယ်နှင့်ကချင်ပြည်နယ်တို့က တတိယဆုကိုလည်းကောင်း၊ အမျိုးသမီးဂျူဒို

**စာမျက်နှာ ၂၆ သို့**










**စာမျက်နှာ ၂၅ မှအဆက်**

KATA ပြိုင်ပွဲတွင် ကချင်ပြည်နယ်က ပထမ၊ မွန်ပြည်နယ်က ဒုတိယ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် ရခိုင်ပြည်နယ်တို့က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးလက်ဝှေ့ပြိုင်ပွဲ** ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ **အမျိုးသား ၅၁ ကီလိုတန်းပြိုင်ပွဲ**တွင် ကချင်ပြည်နယ်မှ ဘောင်ဆောင်က မန္တလေးတိုင်းဒေသကြီးမှ ဟိန်းထွဋ်အောင်ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောရွှေဝင်းက စစ်ကိုင်းတိုင်းဒေသကြီးမှ သူရကိုလည်းကောင်း၊ **အမျိုးသား ၅၇ ကီလိုတန်းပြိုင်ပွဲ**တွင် ကချင်ပြည်နယ်မှ ရှိန်းထက်ကိုကိုက စစ်ကိုင်းတိုင်းဒေသကြီးမှ မင်းဆက်သာဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ချင်းပြည်နယ်မှ ဂင်ရှန်းမွှောင်ကိုလည်းကောင်း၊ **အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီးမှ ဇင်မင်းကိုက ချင်းပြည်နယ်မှ မင်းခန့်ဝေကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းက ရှမ်းပြည်နယ်မှ ထွန်းထွန်းဝင်းကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က ကချင်ပြည်နယ်မှ သူရဦးကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောငွေမိုးက ရခိုင်ပြည်နယ်မှ ဗန်လာတ်ထလျှန်ဆန်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ၅၂ ကီလိုတန်းပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှ သက်ထားဖိုးလ်က ရန်ကုန်တိုင်းဒေသကြီးမှ ရီရီစိုးကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ထက်ထက်အောင်က ပဲခူးတိုင်းဒေသကြီးမှ အေးအေးအောင်ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးပြည့်က ဧရာဝတီတိုင်းဒေသကြီးမှ အိအိစိုးကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က မွန်ပြည်နယ်မှ ကြည်လဲ့လဲ့ဦးကိုလည်းကောင်း၊ **အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်မှ မိုးပြည့်ပြည့်လွင်က ချင်းပြည်နယ်မှ ညောင်ရှန်းဟွေ့ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားထားနွယ်က မန္တလေးတိုင်းဒေသကြီးမှ ချောစုမွန်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ လင်းလက်နေခြည်က မွန်ပြည်နယ်မှ သီသီဝင်းကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်က စစ်ကိုင်းတိုင်းဒေသကြီးမှ ထက်အိန္ဒြေလှိုင်ကိုလည်းကောင်း၊ **အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးမှ ချမ်းပြည့်စိုးက ပဲခူးတိုင်းဒေသကြီးမှ သွယ်ဇင်ယွန်းကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ကိမ်ရှန်းဒိတ်ဆန်က စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းစုနွယ်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ** အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း(၁၊၂)၌ကျင်းပရာ **အမျိုးသား ခရစ်ကက်ပြိုင်ပွဲ**တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၉၁ မှတ်သာ၊ ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၁၈ မှတ်သာ၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရှစ်ယောက်သာ၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၁၉ မှတ်သာဖြင့်လည်းကောင်း၊ **အမျိုးသမီးခရစ်ကက်ပြိုင်ပွဲ**တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ငါးမှတ်သာ၊ ရခိုင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ရှစ်ယောက်သာ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို လေးယောက်သာ၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃၁ မှတ်သာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ** အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်း(၃၊ ၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို တစ်ဂိုး ဂိုးမရှိ၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးဂိုး တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးအသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ** အုပ်စုပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးဂိုး ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ** ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ခုနစ်ဂိုး နှစ်ဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး သုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ** ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ကျင်းပရာ အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယနေရာလုပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြပြီး ပထမဆုကို မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုကို မကွေးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး သုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ** ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ကျင်းပရာ အမျိုးသမီးသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယနေရာလုပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြပြီး ပထမဆုကို ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို ရခိုင်ပြည်နယ်အသင်း၊ တတိယဆုကို ပဲခူးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းတိုက်ကွမ်ဒိုရုံ၌ကျင်းပရာ တိုက်ကွမ်ဒိုအတိုက်ပြိုင်ပွဲ အမျိုးသားဝယ်တာ ၇၄ ကီလိုတန်းအထက်ပြိုင်ပွဲနှင့် အမျိုးသမီးဖယ်တာ ၅၆-၆၂ ကီလိုတန်းပြိုင်ပွဲတို့ကို ကျင်းပရာ ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်များက ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဖြိုးဟန်ကျော်က ပထမ၊ မွန်ပြည်နယ်မှ သန့်စင်သူက ဒုတိယ၊ ရှမ်းပြည်နယ်မှ ဟိန်းရန်ထွန်းနှင့် ကရင်ပြည်နယ်မှ မြင့်မြတ်ရွှေတို့က တတိယဆုကိုလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝင့်သိင်္ဂီထွန်းက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ သက်ထားသူဇာက ဒုတိယ၊ ရှမ်းပြည်နယ်မှ နော်ဖေဖြိုးဖောနှင့် ချင်းပြည်နယ်မှ ဖြူစင်သူတို့က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။


**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ** အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ နှစ်ပွဲ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို သုံးပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲ နှစ်ပွဲ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ **အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ**တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ** အုပ်စုပွဲစဉ်များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့က တစ်ဖက် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို တစ်ဂိုး ဂိုးမရှိ၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲ** အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး တစ်ဂိုး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး တစ်ဂိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး နှစ်ဂိုး၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ရှစ်ဂိုး တစ်ဂိုး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲ**ကို မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ(အကျော့မဲ့)၊ တစ်ဦးချင်းပြိုင်ပွဲ( အကျော့ပေး)၊ အသင်းလိုက်ပြိုင်ပွဲ (အကျော့မဲ့)နှင့် အသင်းလိုက်ပြိုင်ပွဲ (အကျော့ပေး)ပြိုင်ပွဲများကို ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဝတ္ထုတိုကလျာ

# တစ်ခါတုန်းကနေရာဟောင်းလေး

မောင်နိုင်လင်း(ရိုးရှာ)

(၁)

ကျွန်တော် ညဘက်အပြင်မထွက်ဘဲ အိမ်တွင်းပုန်းနေလာခဲ့သည်မှာ နှစ်များပင်အတော်ကြာခဲ့ပြီ။

အမေသည် ရုပ်သံဇာတ်လမ်းတွဲကြည့်နေသည့် ကျွန်တော်အနားသို့ ရောက်လာကာ-

"သား မင်းအဖေ့အတွက် လမ်းထိပ်ကဝင်းညွန့်ဆိုင်ကို ပဲပလာတာ သွားဝယ်ပေးပါအုံး သူ စားချင်တယ် ပြောနေလို့"

"ကျွန်တော်မသွားချင်ဘူး အမေ " ဟု ကျွန်တော်ငြင်းမိလေ၏။ အမေက စိတ်တိုကာ-

"မင်းတို့ကို ဒါကြောင်မို့ မခိုင်းချင်တာ။ ခိုင်းလိုက်တာနဲ့ ဘူးကအရင်လာတာ တော်တော်မွေးရကျိုးနပ်တဲ့ဟာတွေ"

"မလှရယ် သားမသွားချင်တဲ့ဥစ္စာ ဇွတ်မခိုင်းပါနဲ့ကွာ"

"ကိုငြိမ်းမောင်ရယ်။ တော်ဟာလေ သားနဲ့သမီးကို ခိုင်းပြီဆိုရင် အမြဲတမ်းရှေ့ကနေ ကာဆီးကာဆီးနဲ့ တားနေတဲ့အကျင့်ကမပျောက်ဘူး။ တော်အရင်လို သန်တော့တာမဟုတ်ဘူး။ အသက်ကြီးလာပြီ အိမ်မှာ ခိုင်းစရာဆိုလို့ သူပဲရှိတာ။ သူ့ကိုမခိုင်းရင် ကျုပ်က ဘယ်သူ့ကိုခိုင်းရမှာလဲ။ ခင်မေလဲ ရှိတာမဟုတ်ဘူး။ သူမသွားရင် ကျုပ်သွားပေးမယ်"

အမေသည် ပြောပြောဆိုဆို သွားဝယ်ဖို့ပြင်သည်။ အဖေက ကျွန်တော့်ကိုဖျော့တော့သော မျက်ဝန်းများဖြင့် ကြည့်နေ၏။ အဖေ့အကြည့်ကြောင့် ကျွန်တော့်ရင်ထဲ လှုပ်ခတ်သွား၏။

"အမေကလဲ စိတ်ချည်းပဲဗျာ။ ကျွန်တော်သွားပေးပါ့မယ်ဗျာ။ အဖေ ပဲပလာတာပဲလား။ လက်ဖက်ရည်ကော ဝယ်ခဲ့ရမှာလား"

" မဝယ်နဲ့သား။ သားစားချင်ရင် သားဖို့လဲဝယ်လေ"

"မဝယ်တော့ပါဘူး အဖေ။ ဒါဆို ကျွန်တော်သွားပြီနော်"

"ဟဲ့ ဆိုင်ကယ်မစီးတော့ဘူးလား"

"နီးနီးလေးပဲဟာ မစီးတော့ပါဘူး အမေ "

ခရီးကမဝေးလှသည်မို့ ဆိုင်ကယ်မစီးတော့ဘဲ ခြေကျင်လျှောက်လာခဲ့မိသည်။

အဖေကကျွန်တော်တို့မောင်နှမနှစ်ယောက်ကို သိပ်ချစ်သည်။ အဖေ့က ဘယ်သောအခါမှ သားသမီးတွေကို အမိန့်အာဏာပြပြီး အတင်းအကျပ်ခိုင်းရိုးထုံးစံမရှိပေ။ သူ့ကိုယ်တိုင်ပဲလုပ်လိုက်သည်ကများသည်။ အမေက အဖေနှင့် လုံးဝဆန့်ကျင်ဘက်။ ကျွေးစရာရှိလျှင်ကျွေး ခိုင်းစရာရှိလျှင်လည်းခိုင်းသည်။ ခိုင်းလို့မရလျှင် တဖျစ်တောက်တောက်နှင့် မလုပ်ပေးမချင်း နားပူအောင် ပြောနေတော့သည်။ ကြာလျှင် ကျွန်တော်တို့မှာ နားပူဒဏ်မခံနိုင်တော့ဘဲ လုပ်ပေးရတော့၏။

ဟိုတုန်းက အိမ်တွင် အဖေရယ်၊ အမေရယ်၊ ကျွန်တော်ရယ်၊ ညီမလေး ခင်မေရယ် မိသားစုလေးယောက် တပျော်တပါး အတူရှိခဲ့ကြသည်။ ညီမလေးခင်မေက အိမ်ထောင်ကျပြီးနောက် ''သျှောင်နောက်ဆံထုံးပါ'' စကားအတိုင်း ခင်ပွန်းဖြစ်သူ နောက်သို့လိုက်သွား၏။ အိမ်တွင် ခိုင်းစရာဆိုလို့ ကျွန်တော်တစ်ယောက်သာ ရှိသည်။

အဖေကအသက်ကြီးလို့လားမသိ ကျန်းမာရေးချူချာလာသည်။ အရွယ်ကောင်း သန်တုန်းမြန်တုန်းကဆိုလျှင် မိသားစုတာဝန်ကို သူတတ်ကျွမ်းသည့် လက်သမားအလုပ်ဖြင့် ခါးလှဝမ်းဝအောင် ရှာဖွေကျွေးမွေးခဲ့သည်မှာနှစ်ပေါင်းများစွာ။ ကျွန်တော်လည်း အဖေ့အမွေကိုထပ်ဆင့်ရခဲ့သည်။

လက်သမားဆရာအဖြစ်နှင့် အဖေခြေရာကိုနင်းလာခဲ့သည့်နောက်ပိုင်း အဖေ့ကိုအလုပ်ထဲ မဝင်ခိုင်းတော့ဘဲ အိမ်မှာပဲအနားယူစေခဲ့သည်။ သို့တိုင် အဖေ့ခမျာ ငယ်ငယ်ကဒဏ်ကြောင့် ဒူးနာ၊ ခါးနာစသော နာကျင်ခြင်းဝေဒနာအမျိုးစုံကို ခံစားနေရရှာသည်။

နားပူတာ မခံနိုင်လို့သာ ထွက်လာရသော်လည်း စိတ်ကပါလှသည်မဟုတ်။ လှမ်းလိုက်သည့်ခြေလှမ်းတိုင်းကအသက်မဲ့နေသည်။

မျက်လုံးအစုံက ဂနာမငြိမ်။ဘေးဝဲယာကိုကြည့်ပြီးလျှောက်နေမိသည်။ ဆိုင်ကယ်နှင့်တစ်ဖုံ ခြေကျင်နှင့်တစ်သွယ် သွားလာနေကြသည့် လူတချို့ကြောင့် ကျွန်တော့်မှာပိုပြီး ရင်ထိတ်နေရသည်။

အထူးသဖြင့် ကျွန်တော်နှင့်သက်တူရွယ်တူ သူငယ်ချင်းမိသားစုနှင့် လမ်းတွင်တွေ့မှာ ပိုပြီးကြောက်မိသည်။ သူတို့ကမိသားစု အသိုက်အမြုံကလေးနှင့် သာယာစိုပြည်နေသည့်တိုင် ကျွန်တော်ကတော့ တစ်ကိုယ်တည်း လူပျိုကြီးဘဝဖြင့် နေနေဆဲဖြစ်သည်။

သက်တူရွယ်တူ မိတ်ဆွေသူငယ်ချင်းများက ကျွန်တော်ကိုတွေ့လျှင် လူပျိုကြီးဟု ကျီစယ်စပြောင်နောက်ခြင်းကို နေ့စဉ်နှင့်အမျှ ခံနေရသည်။ တကယ်တမ်းတွေးကြည့်လျှင် သူတို့၏နောက်ပြောင်မှုကအပျော်သဘောဟုထင်ရသော်လည်း ကျွန်တော့်အဖို့ အောင့်သက်သက်နှင့်ခံရခက်သည်။ ရင်ဘတ်ထဲတွင် စူးနစ်အောင်နာသည်။

ကျွန်တော်အသက်သုံးဆယ်ကျော်လို့လေးဆယ်နားတောင်ကပ်နေပြီ။ ဂေါ်မစွံ့လူပျိုကြီးဘဝဖြင့် မိဘအိမ်အရိပ်တွင်နေနေရတုန်းပင်။

''ငယ်သေးတဲ့အချစ်မို့ ... မလေးစားတာလားပြောပါ..ကျွန်တော်သိပ်ချစ်တတ်တာ..ကျွန်တော်သာအသိပါ... လိမ်ပြီးမပြောတတ်တာ..ကလေးလေးဘဝကတည်းကပါ...မမနားလည်ငဲ့ညှာပါ"

အဝေးဆီကပျံ့လွင့်လာသည့်သီချင်းသံကြောင့် ကျွန်တော့်ခြေလှမ်းများ သူ့အလိုလို ရပ်တန့်သွား၏။ ကျွန်တော်သည်တစ်ချိန်တုန်းက သည်အုတ်ခုံပေါ်လေးတွင်သူငယ်ချင်းများနှင့်အတူ ထိုင်ဖူးသည်။ လမ်းမပေါ်တွင် စုရုံးလျှောက်သွားပြီ အော်ကြီးဟစ်ကျယ် သီချင်းများဆိုဖူးသည်။ ညဥ့်နက်သန်းခေါင်ကျော်သည့်တိုင် အိမ်မပြန်ကြဘဲ သူငယ်ချင်းများနှင့် လမ်းပေါ်မှာထိုင်တုန်း စကားပြောကောင်းနေတုန်းပင်။ ကျွန်တော်မျက်ဝန်းအိမ်ထဲတွင် တစ်ချိန်က သူငယ်ချင်းများနှင့် ပျော်ရွှင်ခဲ့သည့် ပုံရိပ်တချို့ကို ပြန်မြင်ယောင်မိလေသည်။

(၂)

''တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး''ဟု ဆိုရမလားပင်။ အဖေက လက်သမားဆရာမို့ သားဖြစ်သူ ကျွန်တော့်ကို လက်သမားပညာအမွေပေးတာ အဆန်းတော့မဟုတ်ပေ။ ယခုဆိုလျှင် အဖေနှင့် ကျွန်တော် အလုပ်အတူလုပ်ပြီး မိသားစုဝမ်းရေးကို ပံ့ပိုးကူညီပေးနေ၏။ အလုပ်ပြန်လာချိန်က ခါတိုင်းနေ့များထက် အတော်လေးနောက်ကျမှပြန်လာခဲ့သည်။ စိတ်ကသူငယ်ချင်းများကို တွေ့ချင်စိတ်ကပြင်းပြနေ၏။

ကျွန်တော်က အိမ်ရောက်သည်နှင့် ဆိုင်ကယ်ပေါ်ကဆင်းဆင်းချင်း ရေချိုး၊ ထမင်းစား၊ ပြင်ဆင်ပြီးလို့ အလည်ထွက်ဖို့ပြင်သည့်တိုင် အဖေ ကဧည့်ခန်းထဲက ပက်လက်ကုလားထိုင်ပေါ်တွင် အနားယူနေတုန်းပင်။ အဖေ့အနားတွင် အမေလည်း ရှိနေ၏။

အပြင်ထွက်ဖို့ခြေလှမ်းပြင်နေသည့် ကျွန်တော့်ကို အမေက မြင်လျှင်-

" ဒါက ဘယ်လဲသား"

"သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ပါ အမေ"

"မင်း ရူးများသွားပြီလားကွယ်။ အချိန်လဲကြည့်အုံး။ ညကိုးနာရီကျော်နေပြီ။ ချိန်းထားလဲ နောက်ရက်မှတွေ့မယ်။ မင်းသူငယ်ချင်းတွေ ဘယ်မှထွက်မပြေးဘူး"

"ဟုတ်သားပဲ သားရာ။ မနက် အလုပ်နားတာပဲဥစ္စာ။ တစ်ညတလေ အဖေတို့ စကားလေး ဘာလေး ပြောရအောင် ထိုင်ပါအုံးကွ"

" ကျွန်တော်ကို မင်းဝေတို့ စောင့်နေမှာ။ အားနာလို့ပါ အဖေရာ။ ခဏလေးပါ အဖေ မကြာပါဘူး"ဟု ဆိုကာ ကျွန်တော် အိမ်ကခပ်သွက်သွက်ထွက်လာခဲ့၏။

(၃)

မိခင်ဖြစ်သူ ဒေါ်လှလှက ကျောခိုင်းထွက်သွားသည့်သားကို ကြည့်ကာ-

"အဖေ၊ အမေနဲ့ ညီမလေးကျတော့ သံယောဇဉ်တွယ်ရမှန်း မသိဘူး။ မခင်တွယ်ဘူး။ သူ့ခေါင်းထဲမှာ သူငယ်ချင်းတွေပဲရှိတယ်။ ညတိုင်းလဲတွေ့တာပဲ။ ဒါလဲ ပြောလို့ကိုမကုန်ဘူး။ အံ့ပါရဲ့တော်"

ဇနီးသည်ကိုကြည့်ကာ ဦးငြိမ်းမောင်တစ်ယောက်ပြုံးနေမိသည်။

"တော်ကတော့ ပြုံးနိုင်တာပေါ့။ သားက တော်နဲ့အတူအလုပ်လုပ်နေတာကိုး။ ကျုပ်မှာဖြင့်သားနဲ့ စကားပြောရအောင် တိုကင်ချိတ်ရမလိုဖြစ်နေပြီ"

"သားက အရွယ်ရောက်လာပြီဆိုတော့ မိဘအနား ဘယ်ကပ်ချင်ပါ့မလဲ လှလှရာ။ လူငယ်ပဲ လွတ်လွတ်လပ်လပ်ပျော်ချင် ပါးချင်ရှာမပေါ့။ သူနေချင်သလို နေပါစေကွာ"ဟု ဇနီးဖြစ်သူ မလှလှကို ကိုငြိမ်းမောင် တစ်ယောက်ဖျောင်းဖျ နှစ်သိမ့်လေတော့၏

(၄)

ကျွန်တော်အလုပ်ကပြန်လာပြီး မောမောနှင့် ထမင်းစားနေတုန်း ညီမဖြစ်သူခင်မေ ကျွန်တော့်အနားသို့ရောက်လာသည်။ ချီတုံ၊ ချတုံနှင့် ဘာမျှမပြောဘဲ ငိုင်ငိုင်ကြီးရပ်နေ၏။

"ခင်မေ နင်ထမင်းမစားရသေးဘူးလား။ ဒါဆိုငါနဲ့ တစ်ခါတည်း အတူတူစားလိုက်ပါလား"

"ခင်မေ မဆာသေးဘူး။ အစ်ကို့ကို ခင်မေ ပြောစရာရှိလို့"

"ပြောလေ"

အစ်ကိုက ခွင့်ပြုသည့်တိုင် ခင်မေ့မှာ ပြောမထွက်ဘဲ ရင်ထဲတွင် အလုံးကြီးတစ်ဆို့နေသည်။

အစ်ကိုဖြစ်သူက မိုးလင်းမိုးချုပ် အိမ်ကပ်ရသည်မရှိ။ အဖေနှင့်အတူ တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ပြီးတစ်မြို့ သူတတ်ကျွမ်းသည့်လက်သမားအလုပ်ဖြင့် ရုန်းကန်ကျွေးရသည်မို့ ပတ်ဝန်းကျင်၏ ဖြစ်ပျက်ပြောင်းလဲမှုမှန်သမျှကို ဘာဆိုဘာမျှမသိရှာ။

"နားနဲ့မနာ၊ ဖဝါးနဲ့နားပါ အစ်ကို။ ဟိုလေမနှင်းဆီနဲ့ စေ့စပ်ဖို့ ကိုဇေယျာဆိုတဲ့လူ မနှင်းဆီတို့အိမ်ရောက်နေတယ်"

"ဒါ အစ်ကို့ကို နောက်ရမဲ့ စကားလား"

"ခင်မေ မနောက်ပါဘူး။ ခင်မေ တကယ်ပြောနေတာပါ။ အစ်ကိုက အိမ်မှမကပ်ရတာ ဘယ်သိပ့ါမလဲ။ မနှင်းဆီလို ကျောင်းဆရာတော့မဟုတ်ဘူး။ အင်ဂျင်နီယာတဲ့"

ကျွန်တော် ထမင်းတောင်မစားနိုင်ဘဲ ရင်ထဲပြည့်သွား၏။

"အစ်ကို မနှင်းဆီကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာ ခင်မေတို့အာလုံးသိပါတယ်။ အမေကတောင်အစ်ကိုသိရင် စိတ်ထိခိုက်မှာစိုးလို့ မပြောနဲ့ တားသေးတယ်။ ဒီအကြောင်းတွေက ဖုံးဖိလို့ရတာမှမဟုတ်တာ မနှင်းဆီမှာ ပိုင်ရှင်ရှိပြီးသားမို့ မေ့လိုက်ပါနော်"

စာမျက်နှာ ၂၈ သို့ ➤

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၈၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေးဝ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၈၆ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် နှမ်း ၁၀၂၇ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၈၆ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ နှမ်းကေ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၈၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် နှမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၇ မှအဆက်

ညီမလေးခင်မေက ကျွန်တော်အကြောင်းကိုသိကာ ကြိုပြီးတားဆီးလေ၏။

"အစ်ကိုကဗုဒ္ဓဘာသာ၊ မြန်မာလူမျိုးတစ်ယောက်ပါ။ နှင်းဆီကို အစ်ကိုချစ်ခဲ့တာ မှန်တယ်။ အစ်ကိုချစ်ခဲ့စဉ်တုန်းက နှင်းဆီမှာ ပိုင်ရှင်မရှိဘူး။ သူကအပျို၊ ငါကလူပျို လွတ်လွတ်လပ်လပ်ချစ်ခွင့်ရှိတယ်။ ခြွေယူခူးဆွတ်ပန်ဆင်ခွင့်ရှိတယ်။ နှင်းဆီက အစ်ကိုမဟုတ်တဲ့ အခြားသူနဲ့ လက်ထပ်သွားတော့မယ်။ သူ့ကို အစ်ကို စိတ်နဲ့တောင် မပြစ်မှားပါဘူး။ အစ်ကို ဒီလောက်ထိမမိုက်ပါဘူး။ စိတ်ချပါဟာ"

ကျွန်တော်ဝမ်းနည်းစွာဖြင့် ခင်မေ့ကိုပြောကာ အိမ်ကထွက်လာခဲ့မိသည်။

(၅)

စကားသံများနှင့် ဆူညံနေခဲ့ကြသည့် ကျွန်တော်တို့အဖွဲ့ သည့်နေကျမှ ထူးထူးဆန်းဆန်းအသံတိတ်နေကြသည်။ကျွန်တော်က ငိုင်ဆွေးကာ ကြေကွဲနေသည်၊ ၊သူငယ်ချင်းများက ကျွန်တော့်ပခုံးကို တင်းကျပ်ဆုပ်ကိုင်ရင်း–

"ကိုယ့်အပေါ်မကြင်နာလို့ ပစ်ခွာမဲ့ မိန်းမတစ်ယောက်ကို စွဲလမ်းနေမဲ့အစား ရင်ဘတ်ထဲက ထုတ်ပစ်စမ်းပါ ငြိမ်းနိုင်ရာ။ မင်းကြည့်ရတာ သူ့အတွက်နဲ့ ဘဝတစ်ခုလုံးပြိုပျက်တော့မယ့်အတိုင်းပဲ"

"ငါ့ ရုပ်က အဲဒီပုံ ပေါက်နေလို့လား"

"ပေါက်တာပေါ့ ငြိမ်းနိုင်ရာ။ ငါတို့က သူငယ်ချင်းအရင်းကြီးတွေ။ မင်းရင်ထဲမှာ သူ့ကြောင့် ဘယ်လောက်ထိခံစားနေရသလဲဆိုတာ မင်းဖွင့်မပြောပေမဲ့ ငါတို့သိနေတယ် ငြိမ်းနိုင်"

ကျွန်တော်ဘာမျှပြန်မပြောနိုင်ဘဲရှိနေသည်။ ယခု ကျွန်တော့် ရင်ထဲမှာ ဆူးတစ်ချောင်းက စူးနစ်စွာစိုက်ဝင်နေသည်။ ဒဏ်ရာကပြင်းသည်။ သည်ဒဏ်ရာနှင့်ပင် အသက်ပါသေသွားနိုင်သည်။ သို့တိုင် ကျွန်တော့်ရင်ထဲမှာသူ့ကို မမေ့နိုင်သေး။ ရူးသွပ်နေဆဲ။ အကြွေပန်းဖြစ်နေပါစေ ကောက်ယူနမ်းရှိုက်ဖို့ တောင့်တနေဆဲပင်ဖြစ်သည်။

(၆)

အချိန်ရာသီတွေ တရွေ့ရွေ့ကုန်ဆုံး အသက်အရွယ်ရလာသည်နှင့် အမျှ လောကကြီးသည် ဟိုးအရင်ကလို ပျော်စရာမကောင်းတော့။စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတွေနှင့်ပြည့်နှက်နေသည်။

ညတိုင်းအတူဆုံကြမည်။ ဘယ်တော့မှမခွဲဘူးဟု ကတိသစ္စာတွေ တိုင်တည်ဆိုခဲ့ကြသည့်သူငယ်ချင်းများကလည်း ကြင်ဖော်အသွယ်သွယ် သားတွေ၊ သမီးတွေနှင့်ဖြစ်ကာ အတူဆုံဖူးသည့်နေရာဟောင်းလေးကို အလွမ်းပြေတစ်ခေါက်တောင် ရောက်မလာကြပေ။ ကျွန်တော့်မှာတော့ သည်နေရာဟောင်းလေးမှာ သူငယ်ချင်းများအလာကို အရူးတစ်ယောက်လို စောင့်ရင်းမျှော်နေမိသည်။

မျှော်သူသာ လည်ပင်းရှည်ပြီ သစ်ကုလားအုတ်ဖြစ်သွားမည်။ သူတို့ကတော့ ပေါ်မလာခဲ့ပေ။

(၇)

ကျွန်တော်လမ်းထိပ်က လက်ဖက်ရည်ဆိုင်တွင် အဖေမှာလိုက်သည့် ပဲပလာတာ ဝယ်ပြီးသည်နှင့် ချက်ချင်းပြန်လာခဲ့၏။

အရင်က အဖေနေမကောင်းလျှင် တောက်တိုမည်ရခိုင်းဖို့အတွက် ညီမလေးခင်မေရှိသေး၏။ ခင်မေလည်း မင်းဝေနှင့်အကြောင်းပါပြီး သျှောင်နောက်ဆံထုံးပါကာ လိုက်သွား၏။ ယခုဆိုလျှင် ညီမလေးခင်မေတောင် သားလေးတစ်ယောက်ရနေပြီ။ သို့တိုင် အတူနေခဲ့ဖူးသည့် မိဘအိမ်အရိပ်ကို ယောင်လို့ပင် ရောက်မလာကြပေ။နေနိုင်လိုက်ကြသည်။ ကျွန်တော်တို့အားလုံးက တစ်ဦးတည်းသော ညီမလေးမို့ချစ်လည်းချစ်၊ သတိလည်းရသည်။ အဖေ့နေမကောင်းသည်ကိုသိလျှင် ခင်မေ အပြေးလေးရောက်လာမှာသေချာသည်။ နံနက်ကျမှ အဖေနေမကောင်း တဲ့အကြောင်းသွားပြောမည်ဟုတွေးကာ လျှောက်လာခဲ့သည်။ အဖေနှင့်အမေက ကျွန်တော်အလာကို အိမ်ပေါက်ကနေထွက်ကြို နေကြသည်။

"အဖေရယ် နေကောင်းတာလဲမဟုတ်ဘဲနဲ့ အိမ်ထဲကနေ စောင့်နေမှပေါ့။ ကျွန်တော် ပြန်လာမှာပေါ့"

အဖေက ကျွန်တော့်စကားကို ဘာမျှမပြောဘဲပြုံးပြပြီ အိမ်ထဲဝင်သွားသည်။ အမေကကျွန်တော့်ဆီက အထုပ်ကိုလှမ်းယူရင်း–

"သားကဘာမှမသိဘဲနဲ့ လျှောက်ပြောနေတယ်။ မင်းအဖေက မင်းကို မျှော်နေတာမဟုတ်ဘူးကွဲ့ သိရဲ့လား။ သူ့သမီးနဲ့ သူ့မြေးလေး သော်သော်အလာကို ထွက်မျှော်နေတာ"

" ဗျာ ဟုတ်တယ်နော် အမေ။ ညီမလေးခင်မေကလဲ နေနိုင်လိုက်တာဗျာ။ အိမ်ကို အလည်လေးတောင်လာဖော်မရဘူး"

" သူ့ကို အပြစ်ဖို့လို့ ဘယ်ဖြစ်ပါ့မလဲကွယ်။ ခင်မေက အိမ်ထောင်သည်ဖြစ်နေပြီ။ သားဝေယျာဝစ္စ၊ လင်ဝေယျာဝစ္စနဲ့ အားတော့တာမဟုတ်ဘူး။ သားမနက်ကျရင် မြေးလေးသော်သော်ကို သွားခေါ်ချည်နော် အလွမ်းပြေပေါ့။ အခုလို သမီးအလာကိုအမေတို့ မျှော်နေမိသလို အမေတို့ရဲ့အမေတုန်းကလဲ ဒီလိုပဲ အမေတို့အလာကို မျှော်ကြမှာပဲလို့တွေးမိပြီး နောင်တရမိတယ်။ အခုတော့ အမေတို့ အလှည့်ရောက်ပြီ သံသရာ တစ်ပတ်လည်နေပြီ။ သားလေးက အိမ်ထောင်မရှိ၊ လူပျိုကြီးဆိုတော့ ဒီဒုက္ခအပူတွေ ဘယ်ခံစားရပ့ါမလဲကွယ်။ သားဘဝလေးပဲ အေးချမ်းပါတယ်။ အပူအပင်ကင်းကင်းနဲ့ နေရတယ်။ အမေတို့ကတော ဒီအပူတွေ ဘယ်နေ့၊ ဘယ်အချိန်ကျမှ အဆုံးသတ်မလဲဆိုတာ မသိနိုင်ဘူးပေါ့ သားရယ်" ဟု အမေက ဆွေးမြေ့ကြေကွဲစွာ ပြောကာ အိမ်ထဲသို့ဝင်သွား၏။ ကျွန်တော်တစ်ယောက်တည်း ငေးကာ ကျန်ခဲ့သည်။

အဖေနှင့်အမေ က ညီမလေးခင်မေ အိမ်ကိုပြန်လာမည့်လမ်းကို မျှော်နေသလိုပင် ကျွန်တော်သည်လည်း သူငယ်ချင်းများနှင့် အတူဆုံခဲ့သည့်နေရာလေးမှာ သူငယ်ချင်းများအလာကို တစ်ယောက်တည်း သွားစောင့်မျှော်နေသည့် အဖြစ်ကို အဖေနှင့်အမေများသိခဲ့လျှင်။

## ကျန်းမာစေဖို့ လမ်းလျှောက်စို့

– နှင်းမြူကျသည့် ဒီဇင်ဘာ
ဆောင်းလအချိန်ခါ၊
ရာသီသဘာဝ အေးချမ်းခြင်း
ဖြစ်တည်မြဲမယွင်း။

– သည်ကာလတွင်း လူ့ခန္ဓာ
သွေးလည်ပတ်နှေးကာ၊
ညောင်းညာထုံကျင်ခြင်းမှစ
ရောဂါအဝဝ။

– ဖြစ်ရမည့်ဘေးကင်းစေရာ
ရင်မှာ အသိဖြာ၊
ကျန်းမာရေးတွက်စဉ်ရေးရှု
လမ်းလျှောက်ခြင်းကိုပြု။

– လမ်းလျှောက်မှုကြောင့် ကိုယ်ခန္ဓာ
သွေးလေမျှတကာ၊
ကျန်းမာသန့်စွမ်းစေသည်တည့်
စိတ်လည်းလန်းရွှင်၏။

– ရှိပြီးရောဂါဝေဒနာ
သက်သာပျောက်ကင်းကာ၊
အရွယ်တင်ကာ နုပျိုလျက်
ဉာဏ်ရည်လည်း ထက်မြက်။

– အသက်ရှည်ခြင်းအကျိုးတွေ
စေစားပေးစွမ်းပေ၊
တို့တစ်တွေရယူဖို့
လမ်းလျှောက်ကြပါစို့။ ။


မနေသစ်(ပခုက္ကူ)

ကိုဗစ်–၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



ကိုဗစ်–၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

# အိမ်ရှင်အိမ်ငှား အငြင်းပွား

## စိန်လှိုင်ဖိုလ်



၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေနှင့်ပတ်သက်၍ အိမ်ရှင်နှင့် အိမ်ငှားကြား အငြင်းပွားမှုကို တရားရုံးချုပ်အဆင့်ရောက်ရှိခဲ့ပြီး မကျေနပ်သူက အထူးအယူခံဝင်ခွင့် လျှောက်ထားခဲ့သည်ထိ ရောက်ရှိခဲ့ပြီး စီရင်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုအကြောင်းကို ရည်ညွှန်းကိုးကား ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

ဦးသန်းညွန့်သည် အချင်းဖြစ်အိမ်၏ အိမ်ရှင်ဖြစ်ပြီး ဦးသိန်း၊ ဒေါ်အေးတို့သည် အိမ်ငှားများဖြစ်ကြသည်။ လက်ရှိအိမ်ငှားများဖြစ်သော ဦးသိန်း၊ ဒေါ်အေးတို့က လက်ရှိအိမ်ရှင်ဖြစ်သွားသော ဦးသန်းညွန့်အား အချင်းဖြစ်အိမ်ကို ရောင်းချခဲ့သည်။ ထို့နောက် အချင်းဖြစ်အိမ်တွင် အိမ်ငှားအဖြစ် ဆက်လက်နေထိုင်ရန် စာချုပ် ချုပ်ဆိုခဲ့ကြရာ **ငါးနှစ်တာကာလအတွင်း အိမ်ရှင်က အိမ်ငှားများကို တရားရုံးမှသော်လည်းကောင်း၊ အခြားနည်းများနှင့်သော်လည်းကောင်း နှင်ထုတ်ခြင်းမပြုပါဟု** လည်းကောင်း၊ **အိမ်ငှားကလည်း လခများကို ပြေလည်အောင်ပေးဆောင်ပါမည်ဟု**လည်းကောင်း နှစ်ဖက်သဘောတူ ချုပ်ဆိုခဲ့ကြသည်။ ယင်းစာချုပ် ချုပ်ဆိုသည့်နေ့မှ ငါးနှစ်ပြည့်သောအခါ အိမ်ငှားကထွက်ခွာဖယ်ရှားပေးပါမည်။ ထိုငါးနှစ်အတွင်း အိမ်ငှားက ဝယ်ယူနိုင်လျှင် အိမ်ရှင်က အိမ်ကို ပြန်လည်ရောင်းချပါမည်ဟု စာချုပ်တွင် ပါရှိပါသည်။

သို့ရာတွင် အိမ်ရှင်က ငါးနှစ်မပြည့်မီ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက် ဥပဒေပုဒ်မ-၁၂(၁)(င)အရ အချင်းဖြစ်အိမ်ကို အကြောင်းအားလျော်စွာ သဘောရိုးဖြင့် ပြန်လည်ရယူလိုပါသည်ဟု တရားစွဲဆိုခဲ့သည်။ အိမ်ငှား ဦးသိန်း၊ ဒေါ်အေး တို့က စာချုပ်အရ ငါးနှစ် အတွင်း မိမိတို့အား နှင်ထုတ်ခြင်း၊ တရားစွဲဆိုခြင်းမပြုလုပ်ပါဟု အိမ်ရှင် ဦးသန်းညွန့်က ကတိပြုခဲ့သောစာချုပ်ကို အားကိုးထုချေသည်။ ထို့ပြင် အိမ်ငှားတို့သည် စာချုပ်က ခွင့်ပြုသည့်အတိုင်း အိမ်ကို ပြန်လည်ဝယ်ယူမည်ဖြစ်ပါသည်ဟု အမှုတွင် ချေပခဲ့ကြသည်။

မူလမြို့နယ်တရားရုံးတွင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ- ၁၂(၁) (င) အရ အိမ်ရှင်က အိမ်ငှားများအပေါ် တရားစွဲဆိုသောအခါ အိမ်ရှင်အား အနိုင်ပေးခဲ့သည်။ အိမ်ငှားများက မန္တလေးမြို့ ခရိုင်တရားမရုံးသို့ ပထမအယူခံတင်သွင်းခဲ့ကြရာ မအောင်မြင်ခဲ့ချေ။ ထိုမှတစ်ဆင့် မန္တလေးရုံးထိုင် နိုင်ငံတော်တရားရုံးချုပ်သို့ ဒုတိယအယူခံတင်သွင်းခဲ့ကြရာ ဥပဒေပြဿနာများကို ဖော်ထုတ်၍ အယူခံကိုလက်ခံကာ အိမ်ငှားများအား. အနိုင်ပေးခဲ့သည်။ ထိုသို့ ဆုံးဖြတ်ခဲ့ခြင်းကို မကျေနပ်၍ အိမ်ရှင် ဦးသန်းညွန့်က အယူခံဝင်ရန် အခွင့်ထူးပေးပါမည့် အကြောင်း နိုင်ငံတော်တရားရုံးချုပ်သို့ တရားမ အထွေထွေလျှောက်လွှာ တင်သွင်းလျှောက်ထားခဲ့သည်။

**နိုင်ငံတော် တရားရုံးချုပ်၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားသော ဤတရားမအထွေထွေလျှောက်ထားလွှာကို တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးသက်ဖေတို့က လက်ခံစီစစ်ကြားနာခဲ့သည်။ မူလရုံးက အငှားစာချုပ်သည် သက်သေခံမဝင်၊ ထို့ကြောင့် ထိုစာချုပ်ကို ထည့်သွင်းစဉ်းစားရန်မလို၊ အိမ်ရှင်သည် သဘောရိုးဖြင့် အကြောင်းအားလျော်စွာ အဆောက်အအုံကို ပြန်လည်ရရှိလိုသည် ဖြစ်ကြောင်းမှာလည်း ထင်ရှားသည်ဟုဆုံးဖြတ်၍ အိမ်ရှင်အား အနိုင်ပေးခဲ့သည်။

ဒုတိယအယူခံမှုကို ကြားနာသော တရားသူကြီးက မြေနှင့်အိမ်ငှားစာချုပ်သည် သက်သေခံမဝင်ဟု ဆိုသော်လည်း ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ-၅၃(က)တွင် ၎င်းစာချုပ်သည် အကျုံးဝင်၍ နေသည်။ ထိုစာချုပ်တွင် သဘောတူညီခဲ့ကြသည့်အတိုင်း အိမ်ငှားများသည် အချင်းဖြစ်အိမ်တွင် ဆက်လက်နေထိုင်လျက်ရှိသည်။ အိမ်လခများကို ပေးသွင်းခြင်းအားဖြင့် ပဋိညာဉ်စည်းကမ်းများကို လိုက်နာလျက်ရှိကြသည်။ အချိန်ကျရောက်သောအခါ အိမ်ကိုပြန်ဝယ်ရန်ရည်ရွယ်သည်ဟု အဆိုရှိကြသည်။ ထို့ကြောင့် စာချုပ်နှင့် နှစ်ဖက်အမှုသည်များ၏ ပြုမူဆောင်ရွက်ချက်များသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ-၅၃(က)တွင် အကျုံးဝင်၍နေသည်။ အိမ်ငှားများက စာချုပ်အတိုင်း ဆောင်ရွက်သလို အိမ်ရှင်ကလည်း လိုက်နာဆောင်ရွက်ရန်လိုသည်။ ထို့ကြောင့် စာချုပ်တွင် ဦးသန်းညွန့်က ငါးနှစ်အတွင်း ဒေါ်အေးတို့ကို ဖယ်ရှားရန် တရားမစွဲပါဟု သတ်မှတ်ထားသည့်အတိုင်း ဦးသန်းညွန့်က တရားစွဲဆိုနိုင်မည်မဟုတ်ဟု ဆုံးဖြတ်ထားခြင်းအပေါ် နိုင်ငံတော်တရားရုံးချုပ်က ထောက်ရှုဝေဖန်စိစစ်ခဲ့သည်။

ထိုအချက်နှင့်ပတ်သက်၍ အိမ်ရှင်ဘက်မှ လိုက်ပါဆောင်ရွက်သူ အကျိုးဆောင်ကြီးက အမှုကို စွဲဆိုသည်မှာ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေအရဖြစ်၍ ထိုအက်ဥပဒေ၏ ပုဒ်မ-၁၂(၁)တွင် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေတွင်သော်လည်းကောင်း၊ ပဋိညာဉ်အက်ဥပဒေတွင်လည်းကောင်း၊ ရန်ကုန်မြို့တော်တရားမရုံး အက်ဥပဒေတွင် သော်လည်းကောင်း မည်သို့ပင်ပါရှိစေကာမူ ဤအက်ဥပဒေနှင့်ဆိုင်သော ဥပစာကို ပြန်လည်သိမ်းပိုက်ရန်အတွက်ဖြစ်စေ၊ ထိုဥပစာမှ အိမ်ငှားများကို နှင်ထုတ်ရန်အတွက်ဖြစ်စေ မည်သည့်အမိန့် သို့မဟုတ် ဒီကရီကိုမျှ အောက်ပါကိစ္စများတွင်မှတစ်ပါး ချမှတ်ခြင်း မပြုရ"ဟု အတိအလင်း ဖော်ပြထားသည်။ ထိုပုဒ်မ-၁၂(၁)(င)အရ အိမ်ရှင်က တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ **ထို့ကြောင့် စွဲဆိုသောအမှုနှင့် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ မည်သို့မျှမသက်ဆိုင်ပါဟု လျှောက်လဲခဲ့သည်။**

လျှောက်ထားခံရသူ အိမ်ငှား၏အကျိုးဆောင်က မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေသည် ပုဒ်မ-၁၂(၁)တွင် ဖော်ပြသော ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ၊ ပဋိညာဉ်အက်ဥပဒေ စသောဥပဒေတို့ကို ဖျက်သိမ်းသည်လည်းမဟုတ်ပါ။ လွှမ်းခြုံသွားသည်ဟူ၍ မဆိုသာပါ။ ထိုဥပဒေများအရ ရပ်တည်၍ ထိုဥပဒေများက ဖြည့်စွက်သည်တို့ကိုသာ ဖြစ်သည်။ **ထို့ကြောင့် ဒုတိယအယူခံမှုတွင် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ-၅၃ (က)အရ ဆုံးဖြတ်ထားခြင်းသည် မှားယွင်းသည်**ဟုမဆိုသာပါဟု လျှောက်လဲတင်ပြချက်ကို တရားရုံးက စိစစ်ဝေဖန်ခဲ့သည်။

မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေသည် အဓိကအားဖြင့် အိမ်ငှားများကို အကာအကွယ်ပေးရန် ပြဋ္ဌာန်းထားသော ဥပဒေဖြစ်သည်။ တစ်ဖက်သတ် အခွင့်အရေးပေးရန် မဟုတ်သော်လည်း ပုဒ်မ-၁၂ သည် အိမ်ငှားအား အိမ်ရှင်၏ နှင်ထုတ်ဖယ်ရှားခြင်းမှ အကာအကွယ်ပေးထားသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ ထိုအကာအကွယ်များထက် လျော့နည်း၍ အိမ်ငှားက ရရန်မဟုတ်သော်လည်း ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ၊ ပဋိညာဉ် အက်ဥပဒေ စသည်တို့အရ ရရှိနိုင်သော အခြားအခွင့်အရေးများကိုလည်း အိမ်ငှားက ရရှိနိုင်သည်။ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေက ထိုကဲ့သို့သော အခြားအခွင့်အရေးများကို ဖျက်သိမ်းသည်မဟုတ်ချေ။ **အိမ်ငှားအား ကာကွယ်ရန်ပြဋ္ဌာန်းပေးထားသော မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေကြောင့် အိမ်ငှားတစ်ဦးက အိမ်ရှင်နှင့်ချုပ်ဆိုထားသော စာချုပ်အရ ရရှိအပ်သောအခွင့်အရေးများ ဆုံးပါးရမည်ဆိုလျှင် ဥပဒေ၏ရည်ရွယ်ချက်နှင့် အနှစ်သာရ ဆုံးရှုံးရမည်သာဖြစ်ကြောင်း တရားရုံးချုပ်က ထောက်ရှုစိစစ်ဝေဖန်သုံးသပ်ခဲ့သည်။**

အိမ်ရှင် အိမ်ငှားစာချုပ်အရ အိမ်ငှားများဖြစ်ကြသော ဦးသိန်း၊ ဒေါ်အေး တို့သည် အချင်းဖြစ်အိမ်တွင် နေထိုင်၍ လခပေးဆောင်လျက်ရှိကြသည်။ ထို့ကြောင့် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်လျက်ရှိကြသည်။ အိမ်ရှင် ဦးသန်းညွန့်က ၎င်းဘက်မှ လိုက်နာရန်ရှိသော စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန်လိုသည်။ ထိုသို့ လိုက်နာပြီးမှ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ-၁၂(၁)(င)အရ စွဲဆိုနိုင်သေးလျှင် တရားစွဲဆိုနိုင်ရန် ဖြစ်သည်။ ယခုမှု အိမ်ငှားအား မနှင်မူ၍ စာချုပ်အရ ချုပ်ဆိုခဲ့သော ငါးနှစ်တာကာလအတွင်း တရားစွဲဆိုခဲ့ခြင်းသာဖြစ်သဖြင့် စာချုပ်ပါ စည်းကမ်းချက်နှင့်လည်းမညီ၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ- ၅၃(က)နှင့်လည်း ဆန့်ကျင်သည်။ ထို့ကြောင့် ဦးသန်းညွန့်က အိမ်ငှားများကို နှင်လိုကြောင်း စွဲဆိုသောအမှုကို ပလပ်ရမည်ဟု တရားရုံးချုပ်က ဒုတိယအယူခံမှုတွင် ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

အထက်ပါအကြောင်းများကြောင့် အယူခံဝင်ရန် အခွင့်ထူးလျှောက်ထားခြင်းကို စရိတ်နှင့်တကွ ပလပ်လိုက်ကြောင်း ဆုံးဖြတ်ထုံးဖွဲ့ခဲ့သည့် **ဦးသန်းညွန့် လျှောက်ထားသူနှင့် ဦးသိန်းပါ ၂ လျှောက်ထားခံရသူများ ၁၉၆၆ ခုနှစ် တရားမအထွေထွေလျှောက်လွှာ အမှတ်-၂၀** အမှုစီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# ကြံခင်းမြို့နယ် ပြည့်စင်ကွင်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည့်စင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) အသင်းဝင်များ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပြည့်စင်ကွင်းကျေးရွာရှိ ဆီထွက်သီးနှံဖြစ်သော နှမ်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၂ ဦးကို ရန်ပုံငွေကျပ် ၂၀ ဒသမ ၁၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



သံသာ

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၀၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၀၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ဧက ၆၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၀၂၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ နေကြာဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၃၄၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၂၃ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၈၀၈ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၄၉ ဧက စုစုပေါင်း ၃၀၂၅ ဧကဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် နေကြာစိုက်ပျိုးရန်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၂၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၅၀၇ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၄၃၃ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၃၅ ဧက စုစုပေါင်း ဧက ၆၅၀၀ ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# သံတောင်ကြီးမြို့နယ် ကော်ပတ်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**သံတောင်ကြီး ဒီဇင်ဘာ ၁၀**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကော်ပတ်ခြံကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့် ဝန်ထမ်းများက ကော်ပတ်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၁၀ ထုတ်ချေးပေးခဲ့ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတွင်း ကဏန်း ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကဏန်း ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ကဏန်း ပိဿာချိန် ၆၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက် ထိ ကဏန်း ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

''ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေတဲ့ ကဏန်းတွေက လယ်ကွင်းထဲက ဖမ်းယူရရှိတာဖြစ်ပါတယ်။ ကဏန်းတွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလထဲမှာ ကဏန်း ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့ သိရပါတယ်'' ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ပုလဲကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များနှင့်အတူ စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ရေးသွင်းထားရှိမှု ရှိ၊ မရှိ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါပုလဲကုန်းကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုစတုတ္ထနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသော အိမ်ထောင်စု ၁၂၀ အတွက် ငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးကာ မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှ ပိုမိုတိုးပွားလာစေရန် ငွေကြေးသာမက အခြားလိုအပ်သောအကူအညီများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**မိုင်းယန်း ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွေကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းသန့်က အမှာစကား ပြောကြားပြီး မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က မိုင်းယန်းမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြား သည်။

ထို့နောက် သင်တန်းနည်းပြဆရာမများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်းကို မိုင်းယန်းမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၀ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်ထိဖြစ်ပြီး အခမဲ့သင်ကြားပို့ချပေးသွားမည် ဖြစ် ကြောင်း သိရသည်။

**အောင်ရဲကျော်**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့







## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တောင်ရွာသစ်အကွက် (၈၆၄)နေ ဦးကျော်ကျော်+ဒေါ်ခင်မြင့်ဆွေတို့၏သမီး မရွှေရည်ဝင်းကျော် (၉/ခမစ(နိုင်)၀၄၁၁၉၂)သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ( စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးကျော်ကျော်(၉/မရတ(နိုင်)၀၈၁၅၈၈)
ဒေါ်ခင်မြင့်ဆွေ(၉/မရတ(နိုင်)၀၈၁၅၈၇)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ကန်သာယာရပ်ကွက်၊ မြို့ကြီးကျေးရွာ၊ ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကျွန်တော် ဦးဘုန်းမြင့်ကျော်သည် အောက်ဖော်ပြပါတံဆိပ်အမည် (၃)မျိုးအနက်မှ (၁)မျိုးဖြင့်

၁။ Like ၂။ Smile ၃။ အောင်မြင်သူ

အထက်ဖော်ပြပါ တံဆိပ်အမည် (၃)မျိုးအနက်မှ (၁)မျိုးဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့် ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

(ဆက်သွယ်ရန်) ဦးဘုန်းမြင့်ကျော် (09-43109777, 09-768389777)

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းတံတား ဒါယိကာမကြီး**
**ဒေါ်နွယ်နွယ်ဦး**
**အသက် (၅၉)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးမြ-ဒေါ်လှလှ)တို့၏သမီး၊ (ဦးသန်းအောင်)-ဒေါ်သန်းသန်းဆွေတို့၏ချွေးမ၊ ဗိုလ်ချုပ်အောင်ရဲဝင်း(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မောင်လရောင်ဝင်း၏မိခင် ဒေါ်နွယ်နွယ်ဦး အသက် (၅၉)နှစ်သည် ၁၀-၁၂-၂၀၂၄ ရက်(အင်္ဂါနေ့) နံနက်(၀၆:၃၀)နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျစ်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမိသားစု**

### ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ ပြည်ထောင်ရပ်ကွက်နေ မောင်ဆန်းမြတ်ထူး (ဘ) ဦးကြည်လင်ဗိုလ်ငြင်း(၁/မကန(နိုင်)၁၅၁၀၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-741484)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-890790047

## စာရေးမ (၁)ဦး

ပညာ - အနိမ့်ဆုံး (၉)တန်း
လစာ - ၂၇၀၀၀၀
လိပ်စာ - ၂၆ x ၂၇လမ်းကြား၊
၈၆ - ၈၇လမ်းကြား၊
ဈေးချိုအနောက်ဘက်
ဒန်သတ္တုဆိုင်။
ဖုန်း 4440, 15552

### ပျောက်ဆုံးကြောင်း

စစ်ကိုင်းမြို့၊ မြို့သစ်၊ နယ်မြေ-၂ ရပ်ကွက်နေ ဦးတင်အောင်ဝင်း (ဘ) ဦးဝင်းမြင့် (၅/စကန(နိုင်) ၀၂၂၃၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-969485113

## အဖိုးတန်ရေချိုကို ချွေတာပါ

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ်...**

❖ **မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

စာမျက်နှာ - ၁၇

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားကျင်းပ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးသဘင်ဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရှေ့မှောက်၌ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ကတိသစ္စာပြုကြစဉ်။




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563